မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily

■ ၁၃၇၇ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၇ ရက် ၂၀၁၆ ခုနှစ်၊ မတ် ၃၀ ရက်၊ ဗုဒ္ဓဟူးနေ့၊ အတွဲ [၅၅]၊ အမှတ် [၁၈၂]

ကျေးဇူးရှင်

* သစ်ပင်၏အရိပ်ကို ခိုဖူးလျှင် ထိုသစ်ပင်၏သစ်ကိုင်းကို မချိုးဖဲ့ရ။
* သူတစ်ထူးထံမှ အိပ်ရာနေရာနှင့် ထမင်းအဖျော်ကို ရရှိနေထိုင်စားသောက်ဖူး၏။ ထိုသူ၏ ပျက်စီးရာပျက်စီးကြောင်း မကြံစည်အပ်ပေ။
* ကျေးဇူးရှင်အား ပြစ်မှားလျှင် ပူလောင်၍ ဆင်းရဲဒုက္ခ ရောက်တတ်၏။

(ဇာတကပါဠိ)

နိုင်ငံတော်သမ္မတနှင့် ဒုတိယသမ္မတများ ကတိသစ္စာပြုခြင်း၊ နိုင်ငံတော်သမ္မတ မိန့်ခွန်းပြောကြားခြင်း၊ နိုင်ငံတော်သမ္မတအိမ်တော်၌ တာဝန်လွှဲပြောင်းခြင်း အစီအစဉ်များ တိုက်ရိုက်ထုတ်လွှင့်မည်

နေပြည်တော် မတ် ၂၉

ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် ပထမပုံမှန်အစည်းအဝေး (၁၅) ရက်မြောက်နေ့ကို မတ် ၃၀ ရက်တွင်ကျင်းပမည်ဖြစ်ရာ နိုင်ငံတော်သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခံထားရသူ ဦးထင်ကျော်နှင့် ဒုတိယသမ္မတများအဖြစ် ရွေးချယ်တင်မြှောက်ခံထားရသူများ ကတိသစ္စာပြုခြင်း၊ နိုင်ငံတော်သမ္မတက ပြည်ထောင်စုလွှတ်တော်တွင် မိန့်ခွန်းပြောကြားခြင်းတို့ကို ဆောင်ရွက်မည်ဖြစ်သည်။

အဆိုပါ အခမ်းအနားကျင်းပပုံများကို မြန်မာ့ရုပ်မြင်သံကြား(News Channel)၊ လွှတ်တော် Channel နှင့် မြန်မာ့အသံရေဒီယိုအစီအစဉ်တို့တွင် နံနက် ၁၀ နာရီမှစတင်၍ တိုက်ရိုက်ထုတ်လွှင့်မည်ဖြစ်သည်။

အလားတူ နိုင်ငံတော်သမ္မတအိမ်တော်၌ ကျင်းပမည့် တာဝန်လွှဲပြောင်းခြင်း အခမ်းအနားကိုလည်း MRTV News Channel နှင့် မြန်မာ့အသံရေဒီယိုအစီအစဉ်တို့မှ နံနက် ၁၀ နာရီ ၄၅ မိနစ်တွင် တိုက်ရိုက်ထုတ်လွှင့်သွားမည်ဖြစ်ကြောင်း သိရသည်။

(သတင်းစဉ်)

မြစ်ကြီးနား-ဆွမ်ပရာဘွမ်-ပူတာအိုလမ်းပေါ်ရှိ ဖုန်အင်ခတ်တားကို တွေ့ရစဉ်။

မြစ်ကြီးနား-ဆွမ်ပရာဘွမ်-ပူတာအိုလမ်းပေါ်ရှိ ဖုန်အင်ခတ်တားဖွင့်

မြစ်ကြီးနား မတ် ၂၉

မြစ်ကြီးနား-ဆွမ်ပရာဘွမ်-ပူတာအိုလမ်းပေါ်ရှိ ဖုန်အင်ခချောင်းပေါ်၌ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ် ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေကျပ် သန်း ၁၁၂၀ ဖြင့် တံတားဦးစီးဌာန တံတားအထူးအဖွဲ့(၁)မှ တည်ဆောက်ပြီးစီးခဲ့သည့် အရှည်ပေ ၂၈၀၊ အကျယ် ၂၄ ပေရှိ ကွန်ကရစ်ကြမ်းခင်း RC တံတားဖွင့်ပွဲကို မတ် ၂၈ ရက် နံနက်ပိုင်းက အဆိုပါတံတား၌ ကျင်းပသည်။

အဆိုပါတံတားကိုတိုင်းမှူးဗိုလ်ချုပ်ဝင်းဗိုလ်ရှိန်၊ ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ် ဦးတူးဂျာနှင့်တာဝန်ရှိသူတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး ပြည်နယ်ဝန်ကြီးချုပ် ဦးလဝ္ဍန်ဝန်ဆိုင်းက တံတား၏ကမ္ဘည်းမော်ကွန်းကျောက်စာတိုင်ကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးသည်။

ကချင်ပြည်နယ်အတွင်း ပူတာအိုခရိုင်သည် လမ်းပန်းဆက်သွယ်ရေး ခက်ခဲသည့်အတွက် ပြည်နယ်အစိုးရအဖွဲ့မှ ကြီးကြပ်စီမံမှုဖြင့်

စာမျက်နှာ ၅ ကော်လံ ၆ ✻

ယနေ့ » မာတိကာ

အမေရိကန်လွှတ်တော်တွင် ပစ်ခတ်မှုဖြစ်သောကြောင့် လွှတ်တော်နှင့် အိမ်ဖြူတော်ကို အရေးပေါ် ပိတ်ထားရ

စာ » ၄

ရန်ကုန်သင်္ကြန် စည်ပင်သန့်ရှင်းရေး ဝန်ထမ်းများ နေ့၊ ည အဆိုင်းနှစ်ဆိုင်းခွဲ၍ ဆောင်ရွက်မည်

စာ » ၅

မဲခေါင်ဒေသ အနာဂတ် အလားအလာ...

စာ » ၉

မြန်မာ့အလင်း အယ်ဒီတာ့အာဘော်

၎င်းမိသဲတိုင် တက်နိုင်ဖျားရောက်

ကျွန်ုပ်တို့မြန်မာစကားပုံတွင် ''၎င်းမိသဲတိုင် တက်နိုင်ဖျားရောက်''ဟူသော စကားရှိပါသည်။ အလုပ်တစ်ခုလုပ်သည့် နေရာတွင် ပေါက်ပေါက်မြောက်မြောက်ဖြစ်အောင် ကြိုးစားအားထုတ်သင့်ကြောင်း တိုက်တွန်းထားခြင်းဖြစ်ပါသည်။ ပညာရှာသည်ဖြစ်စေ၊ စီးပွားရှာသည်ဖြစ်စေ၊ ထွန်းထွန်းပေါက်ပေါက် လုပ်ကိုင်ကြိုးစားအားထုတ်ကြမှသာ အောင်မြင်သောဘဝတစ်ခုကို ထူထောင်နိုင်မည်ဖြစ်ပါသည်။ အထူးသဖြင့် လူငယ်လူရွယ်များဘဝအတွက် ကြိုးစားအားထုတ်ရာတွင် ပေါက်ပေါက်မြောက်မြောက်ဖြစ်စေရန် တိုက်တွန်းချက်ပင်ဖြစ်ပါသည်။

လူငယ်လူရွယ်ဟူသည် ကိုယ်စီရည်မှန်းချက်ထားရှိရမည်ဖြစ်ပါသည်။ ရည်မှန်းချက်ရှိသည့်အတိုင်းလည်း ကြိုးစားရမည်ဖြစ်ပါသည်။ ရည်မှန်းချက်မရှိလျှင် မျှော်လင့်ချက်လည်းရှိနိုင်မည်မဟုတ်ပေ။ ရည်မှန်းချက်ရှိမှ မျှော်လင့်ချက်ရှိနိုင်သည်။ ရည်မှန်းချက်ဟူသည် မျှော်လင့်ချက်၏အစပင်ဖြစ်သည်။ လူသားသည် အရင်းအမြစ်တစ်ခုဖြစ်ပါသည်။ ထုတ်ကုန်တစ်ရပ်အရ ဆိုရလျှင် ကျောက်ရိုင်းတုံးများဖြစ်ပါသည်။ ထိုကျောက်ရိုင်းတုံးလေးများကို အရည်အသွေးကောင်းသော ကျောက်များဖြစ်အောင်သွေးနိုင်မှ ကျောက်ကောင်းတစ်စေ့ဖြစ်လာမည် ဖြစ်ပါသည်။ ယနေ့ခေတ်သည် လူသားအရင်းအမြစ် (Human Resources-HR)ကို အသုံးချပြီး တိုးတက်သောကမ္ဘာကြီးအဖြစ် ကြိုးပမ်းတည်ဆောက်နေချိန်ဖြစ်ပါသည်။ အိတ်ချ်အာ၏ အရေးအတွက်သာမက အရည်အသွေးပါ တောက်ပြောင်လာအောင် ကြိုးပမ်းလျက်ရှိကြပေသည်။

သို့သော် အချို့လူငယ်များမှာ ပညာရေးတွင်လည်း ကြိုးစားအားထုတ်မှုနည်းပြီး အလုပ်တွင်လည်း လုံ့လဝီရိယစိုက်ထုတ်မှု မရှိဘဲ အချိန်ကုန်နေကြကုန်၏။ သာမန်လောက်သာ ကြိုးစားအားထုတ်ခြင်းဖြင့် ဘဝကို ကုန်ဆုံးနေကြကုန်၏။ လူတိုင်းလူတိုင်းသည် အစွမ်းရှိကြသည်သာဖြစ်၏။ ထိုအစွမ်းအစကိုထုတ်ပြီး မကြိုးစား၍သာ မိမိကိုယ်ကိုယ်အစွမ်းရှိမှန်းမသိ ဖြစ်နေကြ၏။ အစွမ်းအစကို မထုတ်သေးသမျှကာလပတ်လုံး အစွမ်းရှိသော လူသားဖြစ်လာလိမ့်မည်မဟုတ်ပေ။ အစွမ်းအစကို အားကုန်ညစ်ထုတ် အလုပ်လုပ်ကြမှသာ အစွမ်းရှိသောလူသားအဖြစ်သို့ ရောက်ရှိမည်ဖြစ်သည်။ တန်ဖိုးရှိသော လူသားအဖြစ်သို့ ရောက်ရှိလာမည်ဖြစ်သည်။

အစွမ်းအစကိုအသုံးချပြီး အခေါင်အဖျားသို့ တက်နိုင်စွမ်းရှိရမည်။ မြစ်၏ကြမ်းပြင်ရှိ သဲအထိလည်း ၎င်းနိုင်စွမ်းရှိရမည်။ အခေါင်အဖျားသို့လည်း မတက်နိုင်။ ကြမ်းပြင်သဲအထိ ရောက်အောင်လည်း ၎င်းနိုင်စွမ်းမရှိလျှင် ထူးခြားလာမည် မဟုတ်ပေ။ ဟိုမရောက်ဒီမရောက်လုပ်နေ၍ တိုးတက်လာမည်မဟုတ်ပေ။ ထို့ကြောင့် ပညာရှာသည်ဖြစ်စေ၊ စီးပွားရှာသည်ဖြစ်စေ အောင်အောင်မြင်မြင်ဖြစ်အောင် လုံ့လပြုကြိုးစားအားထုတ်ကြပါမှ ကြီးပွားတိုးတက်နိုင်မည် ဖြစ်ပါကြောင်း။ ။

မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။

Myanma Alinn Daily

စာတည်းမှူးချုပ်	-	အောင်နိုင်ဦး
စာတည်းမှူး	-	ဝင်းရွှေ
စာတည်း	-	ထိန်လင်း၊ မြင့်စိုး၊ ကြည်ဝင်း၊ ဝင်းကျော်
သတင်းထောက်မှူး	-	မြင့်ဆွေ
ထုတ်ဝေခြင်းအမှတ်	-	(၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ်	-	(၀၀၈၇၇)
ကြော်ငြာ	-	၀၁-၅၄၅၈၃၄ ၊ ၀၁- ၅၅၉၁၁၈ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈
ဖြန့်ချိ	-	၀၁-၅၄၄၃၁၇၊ Fax- ၀၁-၈၆၀၄၅၄၆

သင်္ကြန်ကာလအတွင်း မှုခင်းများမဖြစ်ပွားစေရန် ပြည်သူများ သတိပြုရှောင်ကြဉ်ရမည့်အချက်များ

၁။ သင်္ကြန်ပွဲတော်အတွင်း အရက်သေစာ လွန်ကဲစွာ သောက်စားမူးယစ်ခြင်း၊
၂။ မူးယစ်ဆေးဝါးသုံးစွဲခြင်း၊
၃။ တုတ်၊ ဓား လက်နက်များ ဝှက်သိမ်းကိုင်ဆောင်ခြင်း၊
၄။ ကာမရာဂကို နိုးထစေသော ဆေးများရောင်းချခြင်းနှင့် ဝယ်ယူသုံးစွဲခြင်း၊
၅။ မြန်မာ့ယဉ်ကျေးမှုနှင့် မလျော်ညီသည့် ဝတ်စားဆင်ယင်ခြင်း၊
၆။ မိန်းကလေးများ ဆွေမျိုးသားချင်းမဟုတ်သူများနှင့် အတူလည်ပတ်ခြင်း၊ ၎င်းတို့မှ ကျွေးသော အစားအသောက်များကို မချင့်မချိန် စားသောက်ခြင်း၊
၇။ အချိန်လွန်ရေပက်ကစားခြင်းနှင့် လည်ပတ်ခြင်း၊
၈။ ရေပက်ကစားပြီး နားသည့်အချိန်၌ ဆိတ်ကွယ်ရာ၌ အနားယူခြင်း၊
၉။ အရက်သေစာ၊ မူးယစ်ဆေးဝါးသောက်စားခြင်း၊ ဝန်ပိုများတင်ဆောင်၍ မော်တော်ယာဉ်များ မောင်းနှင်ခြင်း၊
၁၀။ ရေပက်ကစားသူအချင်းချင်း နောက်ပြောင်ကျီစယ်လွန်ခြင်း၊
၁၁။ သင်္ကြန်ကာလအတွင်း အရက်မူးပြီး ရေကန်၊ ချောင်းများ၌ ရေကူးခြင်းနှင့် ရေချိုးခြင်း။

မြန်မာနိုင်ငံရဲတပ်ဖွဲ့

ကျေးရွာချင်းဆက် မြစ်ကျိုးအင်းသစ်သားတံတား တည်ဆောက်ပြီးစီး

ကနီ မတ် ၂၉

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင် ကနီမြို့နယ် ဘုမ္မဇင်းအရှေ့ရွာနှင့်ဘုမ္မဇင်းအနောက်ရွာ နှစ်ရွာကြားရှိ မြစ်ကျိုးအင်းကို ဖြတ်ကူးထားသော မြစ်ကျိုးအင်း(ဦးရှိန်တံတား)မှာ ယခင်နှစ် ချင်းတွင်းမြစ်ရေစုံချိန်တင်မြင့်တက်ခဲ့ခြင်းကြောင့်မျောပါပျက်စီးခဲ့သည်။

အဆိုပါတံတားမှာ ဘုမ္မဇင်းအရှေ့ရွာနှင့် ဘုမ္မဇင်းအနောက်ရွာနှစ်ရွာကြားတွင်ရှိပြီး ယင်းကျေးရွာများမှ ပြည်သူများမှာ တံတားကို ဖြတ်ကူးသွားလာရ၍ မိုးရာသီ မြစ်ရေကြီးချိန်တွင် တံတားမရှိလျှင် အလွန်ခက်ခဲသည်။

ယင်းတံတားကို မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဝန်ကြီးဌာန၊ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ပြည်ထောင်စုခွင့်ပြု ရန်ပုံငွေကျပ် ၄၈ သန်းဖြင့် အကျယ် ၆ ပေ ၆ လက်မနှင့် အရှည်ပေ ၄၀၀ ရှိ တံတားကိုဆောက်လုပ်ခဲ့ပြီး ယခုမတ်လတတိယပတ်တွင် ဆောက်လုပ်ပြီးစီးခဲ့ကြောင်း သိရှိရသည်။

အဆိုပါသဘာဝဘေးမွန်းမံတံတား အသစ်တည်ဆောက်ပြီးစီး၍ ရာသီမရွေးအဆင်ပြေစွာသွားလာနိုင်နေပြီ ဖြစ်ကြောင်း သိရသည်။

သန်းရွှေးအောင်(ကနီ)

ကိုယ်ဝန်ဆောင်မိခင်များအား ကျန်းမာရေးအသိပညာပေး

ဖလမ်း မတ် ၂၉

ကိုယ်ဝန်ဆောင်မိခင်နှင့်ကလေးသေနှုန်းလျှော့ချရေး ကျန်းမာရေးအသိပညာပေး ဟောပြောပွဲကို ချင်းပြည်နယ် ဖလမ်းမြို့ ဗလိုင်ရပ်ကွက် မြို့နယ်မိခင်နှင့်ကလေး ကျန်းမာရေးဌာနရုံး၌ မတ် ၂၈ ရက် နံနက် ၁၀ နာရီက ကျင်းပသည်။

ရှေးဦးစွာ မြို့နယ်ကျန်းမာရေးတာဝန်ခံ ဒေါ်လာလ်နယ်ဝိုးက ကိုယ်ဝန်ဆောင်မိခင်များ၏ သိသင့်သိထိုက်သည်များ သတိပြုရန်၊ ဆောင်ရန်၊ ရှောင်ရန်အချက်များ၊ ကလေးမွေးရာတွင် ကျန်းမာရေးဌာနတာဝန်ရှိသူများထံ အကူအညီယူ၍ မွေးရန်နှင့် မွေးကင်းစကလေးများအား ကျန်းမာရေးအထူးဂရုစိုက်ရန် တို့ကို ဟောပြောဆွေးနွေးပြီး ခရိုင်မိခင်နှင့်ကလေး စောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက ကိုယ်ဝန်ဆောင်မိခင်များအား ကျန်းမာရေးအတွက် အာဟာရဖြစ်စေသော စားသောက်ကုန်ပစ္စည်းများကို ပေးအပ်ခဲ့ကြကြောင်း သိရသည်။

(ခရိုင် ပြန်/ဆက်)

မျိုးဆက်ပွား ကျန်းမာရေး သားဆက်ခြားခြင်းဆိုင်ရာ သင်တန်းဖွင့်

ရွာင် မတ် ၂၉

ရှမ်းပြည်နယ် ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ရွာင်မြို့နယ် ပြည်သူ့ဆေးရုံကြီး အစည်းအဝေးခန်းမ၌ ကျင်းပသော မြန်မာနိုင်ငံ ဆရာဝန်အသင်း မျိုးဆက်ပွား ကျန်းမာရေးစီမံချက်မှ ပြုလုပ်သော ကျန်းမာရေး ဝန်ထမ်းများနှင့် အထွေထွေရောဂါကု ဆရာဝန်များ၊ လူထုအခြေပြုစေတနာ့ဝန်ထမ်းများ အတွက် မျိုးဆက်ပွားကျန်းမာရေး သားဆက်ခြားခြင်းဆိုင်ရာ သင်တန်းကို မတ် ၂၈ ရက် နံနက် ၉ နာရီမှစ၍ မတ် ၃၀ ရက်အထိ သင်တန်းဖွင့်လှစ်ပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။

မျိုးဆက်ပွားကျန်းမာရေးဆိုင်ရာ သားဆက်ခြား သင်တန်းတွင် အထွေထွေရောဂါကု ဆရာဝန်များနှင့် ကျန်းမာရေးဝန်ထမ်းများ အတွက် မျိုးဆက်ပွားကျန်းမာရေး သားဆက်ခြားခြင်းဆိုင်ရာ သင်တန်းတွင် ရွာင်မြို့နယ်အတွင်းမှ အရန်သားဖွားဆရာမ ၅၈ ဦး တက်ရောက်သင်ကြားခဲ့ကြောင်း သိရသည်။

ထွန်းထွန်းဝင်း(ရွာင်)

စာအုပ်စာပေ လူ့မိတ်ဆွေ

ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် အခြေခံစားကုန်စျေးနှုန်း

၂၉-၃-၂၀၁၆

ရွှေစျေးနှုန်း(အောင်သမာဓိ)

ရန်ကုန်	၁၆ ပဲရည်	တစ်ကျပ်သား	ကျပ် ၇၈၅၀၀၀
ရန်ကုန်	၁၅ ပဲရည်	တစ်ကျပ်သား	ကျပ် ၇၃၈၀၀
မန္တလေး	၁၆ ပဲရည်	တစ်ကျပ်သား	ကျပ် ၇၈၄၀၀၀

စက်သုံးဆီစျေးနှုန်း(တစ်လီတာစျေး)

	ရန်ကုန်
ဒီဇယ်	၄၇၀ / ၄၉၀ ကျပ်
အောက်တိန်း ၉၂	၅၂၀ / ၅၄၀ ကျပ်
အောက်တိန်း ၉၅	၆၃၀ / ၇၀၀ ကျပ်
ပရီမီယံဒီဇယ်	၅၁၀ / ၅၃၀ ကျပ်

စက်သုံးဆီစျေးနှုန်း(လက်ကားစျေး)

ဒီဇယ်	၉၁၀၀၀/၉၂၀၀၀ ကျပ်
ပရီမီယံဒီဇယ်	၁၀၀၀၀၀/၁၀၂၀၀၀ ကျပ်

သားငါးနှင့် ဟင်းချက်စရာစျေးနှုန်း(သား/ငါးဒိုင်များ)

၁။ ငါးကြင်း	တစ်ပိဿာ	၄၅၀၀ - ၆၀၀၀
၂။ ငါးမြစ်ချင်း	တစ်ပိဿာ	၃၅၀၀ - ၅၀၀၀
၃။ ငါးခူ	တစ်ပိဿာ	၆၀၀၀ - ၈၀၀၀
၄။ ငါးဖယ်	တစ်ပိဿာ	၆၅၀၀ - ၁၂၀၀၀
၅။ ပုစွန် (ကျော့)	တစ်ပိဿာ	၇၀၀၀ - ၁၀၀၀၀
၆။ ပုစွန်တုပ်	တစ်ပိဿာ	၁၀၀၀၀ - ၂၇၀၀၀
၇။ ငါးသလောက်	တစ်ပိဿာ	၁၀၀၀၀ - ၁၈၀၀၀
၈။ ကြက်	တစ်ပိဿာ	၅၀၀၀ - ၁၂၀၀၀
၉။ ဝက်	တစ်ပိဿာ	၅၀၀၀ - ၉၀၀၀
၁၀။ အမဲ	တစ်ပိဿာ	၇၀၀၀ - ၉၀၀၀
၁၁။ ဆိတ်	တစ်ပိဿာ	၁၃၀၀၀ - ၁၇၀၀၀
၁၂။ ဘဲ	တစ်ပိဿာ	၆၀၀၀ - ၁၃၀၀၀

နိုင်ငံတကာသုံး ငွေကြေးပေါက်စျေး (ဗဟိုဘဏ်)

အမေရိကန်	တစ်ဒေါ်လာ	၁၂၁၆.၀
ဥရောပ	တစ်ယူရို	၁၃၅၆.၉
စင်ကာပူ	တစ်ဒေါ်လာ	၈၈၅.၇၈
ထိုင်း	တစ်ဘတ်	၃၄.၃၈၉
အိန္ဒိယ	တစ်ရူပီး	၁၈.၁၇၄
တရုတ်	တစ်ယွမ်	၁၈၆.၆၆
မလေးရှား	တစ်ရင်းဂစ်	၃၀၂.၄၉

ခင်ရတနာ-စုစည်းသည်။

အမျိုးသားလူ့အခွင့်အရေးအဖွဲ့အစည်းများဆိုင်ရာ နိုင်ငံတကာညှိနှိုင်းရေးကော်မတီက မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်ကို ဘီအဆင့်သတ်မှတ်

နေပြည်တော် မတ် ၂၉

မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်ဥက္ကဋ္ဌ ဦးဝင်းမြနှင့် အဖွဲ့ဝင်ဦးညွှန့်ဆွေတို့သည် ဆွစ်ဇာလန်နိုင်ငံ ဂျီနီဗာမြို့၌ မတ် ၂၁ ရက်မှ ၂၃ ရက် အထိကျင်းပသော အမျိုးသားလူ့အခွင့်အရေး အဖွဲ့အစည်းများဆိုင်ရာ နိုင်ငံတကာညှိနှိုင်းရေးကော်မတီ (ICC)၏ (၂၉)ကြိမ်မြောက် နှစ်ပတ်လည်အထွေထွေညီလာခံသို့ တက်ရောက်ခဲ့သည်။ (အောက်ပုံ)

မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်ကိုယ်စားလှယ်အဖွဲ့သည် ဂျီနီဗာမြို့၌ရှိစဉ် ကုလသမဂ္ဂ လူ့အခွင့်အရေးဆိုင်ရာ မဟာမင်းကြီးရုံးနှင့် အာရှ-ပစိဖိတ် အမျိုးသား လူ့အခွင့်အရေးအဖွဲ့အစည်းများ ဖိုရမ်တို့မှ တာဝန်ရှိသူများနှင့်တွေ့ဆုံ၍ လည်းကောင်း၊ ညှဉ်းပန်းနှိပ်စက်မှု တားဆီးကာကွယ်ရေးအဖွဲ့က ကျင်းပသည့် ညှဉ်းပန်းနှိပ်စက်မှုဆန့်ကျင်ရေး လမ်းညွှန်ဥပဒေစာအုပ် ထုတ်ဝေဖြန့်ချိပွဲသို့ တက်ရောက်၍ သက်ဆိုင်ရာတာဝန်ရှိသူများနှင့်တွေ့ဆုံ၍လည်းကောင်း ပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များကို ဆွေးနွေးခဲ့သည်။

နိုင်ငံတကာညှိနှိုင်းရေးကော်မတီကို ကုလသမဂ္ဂက ကမကထပြု၍ နိုင်ငံအသီးသီးရှိ အမျိုးသားလူ့အခွင့်အရေးအဖွဲ့အစည်းများဖြင့် ဖွဲ့စည်းတည်ထောင်ထားပြီး လက်ရှိအချိန်တွင် နိုင်ငံအသီးသီး၌ ဖွဲ့စည်းတည်ထောင်ထားသည့် အမျိုးသားလူ့အခွင့်အရေးအဖွဲ့အစည်းပေါင်း ၁၁၀ ဖွဲ့ရှိသည့်အနက် နိုင်ငံတကာညှိနှိုင်းရေးကော်မတီက "အေ"အဆင့်အဖွဲ့အစည်းပေါင်း ၇၂ ဖွဲ့၊ "ဘီ" အဆင့် အဖွဲ့အစည်းပေါင်း ၂၉ ဖွဲ့နှင့် "စီ"အဆင့်အဖွဲ့အစည်းပေါင်း ၁၀ ဖွဲ့ သတ်မှတ်၍ အသိအမှတ်ပြုထားသည်။ အမျိုးသားလူ့အခွင့်အရေးအဖွဲ့အစည်းများ ဖွဲ့စည်းတည်ထောင်ခြင်းဆိုင်ရာ ပါရီအခြေခံမူများနှင့်ကိုက်ညီမှု "စံ"သတ်မှတ်ရာတွင် အပြည့်အဝကိုက်ညီမှုရှိပါက "အေ" အဖြစ်လည်းကောင်း၊ ကိုက်ညီမှုရှိသော်လည်း အပြည့်အဝကိုက်ညီစေရေး ဆက်လက်ဆောင်ရွက်ရန်ရှိပါက "ဘီ" အဖြစ်လည်းကောင်း၊ ကိုက်ညီမှုမရှိပါက "စီ" အဖြစ်လည်းကောင်း သတ်မှတ်ခြင်းဖြစ်သည်။

မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်ကို နိုင်ငံတကာညှိနှိုင်းရေးကော်မတီက "ဘီ" အဆင့်သတ်မှတ်၍ အသိအမှတ်ပြုခဲ့ပြီး အဆင့်သတ်မှတ်ရေး ဆပ်ကော်မတီ၏ အစီရင်ခံစာတွင် မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်အား ဥပဒေအရ ဖွဲ့စည်းတည်ထောင်ခြင်းကို ကြိုဆိုပါကြောင်း၊ ကော်မရှင်အနေဖြင့် မိမိ၏လုပ်ငန်းတာဝန်များကို ဆောင်ရွက်ရာတွင် စိန်ခေါ်မှုများရှိသော်ငြားလည်း လူ့အခွင့်အရေးမြှင့်တင်ရေးကို စဉ်ဆက်မပြတ် ကြိုးပမ်းဆောင်ရွက်နေမှုများအတွက် မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်ကို ချီးကျူးပါကြောင်း၊ အထူးသဖြင့် လူ့အခွင့်အရေးကို လက်တွေ့ကျင့်သုံးရန်အတွက် အဓိကကျသည့် ပုဂ္ဂိုလ်၊ အဖွဲ့အစည်းများကို ပညာပေးရန် ညှိနှိုင်းစီစဉ်ဆောင်ရွက်မှုအတွက် ချီးကျူးပါကြောင်း စသည်ဖြင့် ဖော်ပြပါရှိသည်။

(၂၉)ကြိမ်မြောက် နှစ်ပတ်လည်အထွေထွေညီလာခံတွင် အမျိုးသားလူ့အခွင့်အရေး အဖွဲ့အစည်းများ ဆိုင်ရာ နိုင်ငံတကာညှိနှိုင်းရေးကော်မတီ (ICC) ကို အနှစ်သာရပိုမိုပြည့်စုံစေရန်အတွက် "အမျိုးသားလူ့အခွင့်အရေး အဖွဲ့အစည်းများ ဆိုင်ရာ ကမ္ဘာ့အဖွဲ့ကြီး" (Global Alliance of National Human Rights Institutions – GANHRI) အဖြစ် အမည်ပြောင်းလဲသတ်မှတ်ခဲ့ကြောင်း သိရသည်။

(သတင်းစဉ်)

ဘယ်လ်ဂျီယံနိုင်ငံ ဘရပ်ဆဲလ်မြို့၌ အကြမ်းဖက်သမားများ၏ တိုက်ခိုက်မှုကြောင့် ကွယ်လွန်သွားသူများအတွက် ရန်ကုန်မြို့ရှိ အီးယူသံရုံး၌ ဖွင့်လှစ်ထားသည့် ဝမ်းနည်းခြင်းအထိမ်းအမှတ်စာအုပ်တွင် မတ် ၂၉ ရက်က နိုင်ငံခြားရေးဝန်ကြီးဌာန မဟာဗျူဟာလေ့လာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ချုပ် ဦးဇော်ဖြိုးဝင်း လက်မှတ်ရေးထိုးစဉ်။

(သတင်းစဉ်)

◆ *ကျောဖုံးမှ*

မဲဆောက်မြို့သို့ ပြန်လည်ထွက်ခွာသွားသည်။

ထိုင်းနိုင်ငံ တပ်ခ်ခရိုင် အထူးစီးပွားရေးကုန်သွယ်မှုအသင်းမှ ထိုင်းစီးပွားရေးလုပ်ငန်းရှင် ၉၀ သည် ၎င်းတို့၏မော်တော်ယာဉ် ၂၀ ဖြင့် မဲဆောက်မြို့ CENTARA ဟိုတယ်၌ မတ်၂၄ ရက် ညနေပိုင်းက စုစည်းရောက်ရှိပြီး မတ် ၂၅ ရက် ထိုင်းစံတော်ချိန် နံနက် ၇ တွင် စတင်ထွက်ခွာလာရာ နှစ်နိုင်ငံချစ်ကြည်ရေးတံတားသို့ မြန်မာစံတော်ချိန် နံနက် ၇ နာရီခွဲတွင် ရောက်ရှိပြီး အာရှလမ်းဆုံ၌ နံနက် ၉ နာရီခွဲတွင် CARAVAN AEC BIZ CLUB THAILAND & MYANMAR ခရီးစဉ်ကို ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန၊ ညွှန်ကြားရေးမှူး ဦးမြင့်ထွေးနှင့် တပ်ခ်ခရိုင် အထူးစီးပွားရေးကုန်သွယ်မှုအသင်းဥက္ကဋ္ဌ Mr.Amnart Nantaharn က ဖွင့်လှစ်ပေးပြီး မော်လမြိုင်မြို့သို့ ထွက်ခွာလာရာ မွန်းလွဲ ၂ နာရီတွင် ရောက်ရှိသည်။

ဆက်လက်၍ မော်လမြိုင်မြို့ မွန်ပြည်နယ်ခန်းမ၌ နှစ်နိုင်ငံ ကုန်စည်ပြပွဲအခမ်းအနား ဖွင့်ပွဲ ကျင်းပရာ မွန်ပြည်နယ်အစိုးရအဖွဲ့မှ ပြည်နယ်စီမံကိန်းနှင့် စီးပွားရေးဝန်ကြီး ဒေါက်တာ မင်းနွယ်စိုး၊ ဘဏ္ဍာရေးဝန်ကြီး ဒေါက်တာ ခင်မောင်သွင်၊ စည်ပင်သာယာရေးဝန်ကြီး ဒေါက်တာ တိုးတိုးအောင်၊ မွန်ပြည်နယ် လွှတ်တော်ဥက္ကဋ္ဌ ဒေါ်တင်အိ၊ ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ညွှန်ကြားရေးမှူး ဦးမြင့်ထွေး၊ မွန်ပြည်နယ် ကုန်သည်ကြီးများအသင်း ဥက္ကဋ္ဌ ဦးလှရှိန်၊ ထိုင်းနိုင်ငံ တပ်ခ်ခရိုင် အထူးစီးပွားရေးဇုန် ကုန်သွယ်မှုအသင်းဥက္ကဋ္ဌ Mr.Amnart Nantaharn တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

ထို့နောက် မွန်ပြည်နယ် ကုန်သည်ကြီးများအသင်း၊ ကရင်ပြည်နယ်ကုန်သည်ကြီးများအသင်းနှင့် တပ်ခ်ခရိုင်အထူးစီးပွားရေးဇုန် ကုန်သွယ်မှုအသင်းတို့သည် ကုန်စည်ပြပွဲကို လေ့လာခြင်း၊ ကုမ္ပဏီအချင်းချင်း ဆွေးနွေးခြင်းများကို ဆောင်ရွက်ကြပြီး ကုန်သွယ်မှု နှစ်ဖက်နားလည်မှု စာချွန်လွှာကို လက်မှတ်ရေးထိုးကြကာ ညနေပိုင်းတွင် ဆန်းရှိုင်းဟိုတယ်နှင့် ငွေမိုးဟိုတယ်တို့၌ ညအိပ်ရပ်နားကြသည်။ မတ် ၂၆ ရက် နံနက်ပိုင်းတွင် မော်လမြိုင်မြို့ရှိ ကျိုက်သလ္လန်ဘုရားအား ဖူးမြော်ကြည်ညိုကာ မော်လမြိုင်ဈေးတို့ကို လှည့်လည်လေ့လာကြပြီး၊ နေ့လယ်ပိုင်းတွင် ကျိုက်ထီးရိုးသို့ ဆက်လက်ထွက်ခွာလာရာ ညနေပိုင်းတွင် ရောက်ရှိ၍ ကျိုက်ထီးရိုးဘုရားအား လှည့်လည်ဖူးမြော်ကြည်ညိုကာ ရိုးရိုးလေးဟိုတယ်၌ ညအိပ်ရပ်နားကြသည်။

တပ်ခ်ခရိုင် အထူးစီးပွားရေးဇုန် ကုန်သွယ်မှုအသင်းသည် မတ် ၂၇ ရက် နံနက်ပိုင်းက ကျိုက်ထီးရိုးမှ ပြန်လည်ထွက်ခွာပြီး ကော့ကွန်းဂူသို့ ဝင်ရောက်လေ့လာကာ ဘားအံမြို့သို့ နေ့လယ်ပိုင်းတွင် ရောက်ရှိပြီး သီရိဘားအံဟိုတယ်၌ ရပ်နားကြသည်။

မတ် ၂၈ ရက် နံနက်ပိုင်းတွင် တည်းခိုရာဟိုတယ်မှ ထွက်ခွာပြီး ကျောက်ကလပ်ဘုရားသို့ ဝင်ရောက်ဖူးမြော်ကြည်ညိုခြင်း၊ ဇွဲကပင်တောင်ခြေရှိ လုမ္ဘိနီဥယျာဉ်တို့ကို ဝင်ရောက်လေ့လာကာ မွန်းလွဲ ၁ နာရီခွဲတွင် မြဝတီမြို့မှ ထိုင်းနိုင်ငံ မဲဆောက်မြို့သို့ ပြန်လည်ထွက်ခွာသွားခဲ့ကြသည်။

ထိုင်းနိုင်ငံ တပ်ခ်ခရိုင် အထူးစီးပွားရေးဇုန် ကုန်သွယ်မှုအသင်းသည် မြဝတီနယ်စပ်ကုန်သွယ်ရေးကုန်သည်များအသင်း၊ မွန်ပြည်နယ်၊ ကရင်ပြည်နယ် ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းနှင့် နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှု အဝန့်ရှည်တည်တံ့ခိုင်မြဲရေး၊ ကုန်သွယ်ရေး၊ ရင်းနှီးမြှုပ်နှံမှုနှင့် ခရီးသွားလုပ်ငန်းများအတွက် ပူးပေါင်းဆောင်ရွက်နိုင်ခဲ့ကြပြီး နှစ်ဦးနှစ်ဖက်နားလည်မှုစာချွန်လွှာများ လက်မှတ်ရေးထိုးနိုင်ခဲ့ကြကြောင်း သိရသည်။

(သတင်းစဉ်)

ဓမ္မာစရိယစာမေးပွဲ ပဋ္ဌမနေ့ ဆက်လက်ကျင်းပ

နေပြည်တော် မတ် ၂၉

သာသနာရေးဝန်ကြီးဌာနက ကြီးမျူးကျင်းပသည့် ၂၀၁၆ ခုနှစ် ဓမ္မာစရိယစာမေးပွဲကို မတ် ၂၉ ရက် ပဋ္ဌမနေ့၌ နိုင်ငံတစ်ဝန်းလုံးရှိ စာဖြေဌာန ၅၁ ဌာနတွင် စာဖြေသံယာတော်များနှင့် သီလရှင်များစာရင်းသွင်း ၁၃၉၆၈ ပါးအနက် ၉စု၈၉ ပါး ဖြေဆို ကြသဖြင့် ၇၀ ဒသမ ၈၀ ရာခိုင်နှုန်း ဖြေဆိုကြကြောင်း သာသနာရေးဦးစီးဌာနမှ သိရသည်။ **(သတင်းစဉ်)**

တရုတ်-အာဆီယံ လူငယ်ပိုရမ်တက်ရောက်ရန် ထွက်ခွာ

ရန်ကုန် မတ် ၂၉

တရုတ်နိုင်ငံ Lian Yungang , Jiangsu City ၌ မတ် ၂၉ ရက်မှ ၃၁ ရက်ထိ ကျင်းပသော China-ASEAN Young Entrepreneurs "the Belt and Road" Forum သို့ မြန်မာနိုင်ငံ လူငယ်စွန့်ဦးတီထွင်လုပ်ငန်းရှင်များအသင်းမှ ဗဟိုအလုပ်အမှုဆောင် ဦးထွန်းထွန်းနိုင်၊ ဦးခိုင်ဝင်း၊ အလုပ်အမှုဆောင် ဒေါက်တာ သီသီခိုင်၊ ဒေါ်ဝင်းအိခိုင်နှင့် ဒေါက်တာ သဲမြတ်စိုးတို့သည် မတ် ၂၉ ရက် နံနက်ပိုင်းက လေကြောင်းခရီးဖြင့် ထွက်ခွာကြရာ အထွေထွေအတွင်းရေးမှူး ဒေါ်ခင်သက်မော်က ပို့ဆောင်နှုတ်ဆက်ကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

သင်္ကြန်နှစ်သစ်ကူး ရုံးပိတ်ရက်ကာလများအတွင်း စက်သုံးဆီနှင့် ရေနံဓာတ်ငွေ့ရည် အရောင်းဆိုင်များ ဖွင့်လှစ်ရောင်းချရန် စီစဉ်ထားရှိ

နေပြည်တော် မတ် ၂၉

သင်္ကြန်နှစ်သစ်ကူး ရုံးပိတ်ရက်ကာလ ၂၀၁၆ ခုနှစ် ဧပြီ ၉ ရက်မှ ၂၀ ရက်အတွင်း အများပြည်သူများ အဆင်ပြေစေရန်စွမ်းအင်ဝန်ကြီးဌာန ကြီးကြပ်မှု အောက်ရှိ ရေနံဓာတ်ငွေ့အရောင်းဆိုင်များနှင့်စက်သုံးဆီ အရောင်းဆိုင်များအား ပူးတွဲဇယားပါရက်များအတိုင်း ဖွင့်လှစ်ရောင်းချသွားမည်ဖြစ်ကြောင်းနှင့် ရန်ကုန်တိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးအတွင်းရှိ အများပြည်သူ ပို့ဆောင်ရေးလုပ်ငန်းသုံး သဘာဝဓာတ်ငွေ့အရောင်းဆိုင် (CNG) များအားပိတ်ရက်မရှိ ပုံမှန်အတိုင်းဖွင့်လှစ်ရောင်းချသွားမည်ဖြစ်ကြောင်း သတင်းထုတ်ပြန်ထားကြောင်း စွမ်းအင်ဝန်ကြီးဌာနမှ သိရသည်။ **(သတင်းစဉ်)**

စွမ်းအင်ဝန်ကြီးဌာနလက်အောက်ရှိ သဘာဝဓာတ်ငွေ့အရောင်းဆိုင်(CNG) များ၊ စက်သုံးဆီအရောင်းဆိုင်များနှင့် ရေနံဓာတ်ငွေ့အရောင်းဆိုင်များ သင်္ကြန်နှစ်သစ်ကူး ရုံးပိတ်ရက်ကာလများအတွင်း ဖွင့်လှစ်ရောင်းချမည့်နေ့ရက်များ

စဉ်	စက်သုံးဆီအရောင်းဆိုင်	ဖွင့်လှစ်ရောင်းချမည့်ရက်
၁။	ရေနံဓာတ်ငွေ့အရောင်းဆိုင်များ (ရန်ကုန်တိုင်းနှင့် မန္တလေးတိုင်းဒေသကြီး)	၁၂-၄-၂၀၁၆ ၁၄-၄-၂၀၁၆ ၁၆-၄-၂၀၁၆ ၁၈-၄-၂၀၁၆ ၂၀-၄-၂၀၁၆
၂။	စက်သုံးဆီအရောင်းဆိုင်များ (ဝ၃၅၄)နေပြည်တော်	၁၁-၄-၂၀၁၆ ၁၂-၄-၂၀၁၆ ၁၃-၄-၂၀၁၆ ၁၄-၄-၂၀၁၆ ၁၇-၄-၂၀၁၆ ၁၈-၄-၂၀၁၆ ၁၉-၄-၂၀၁၆ ၂၀-၄-၂၀၁၆ မှစ၍ပုံမှန်ဆက်ဖွင့်သွားရန်။
၃။	စက်သုံးဆီအရောင်းဆိုင်များ (ဝ၂၄၇)ရန်ကုန်၊ (ဝ၂၅၄) ရန်ကုန်၊ (ဝ၂၇၅)ရန်ကုန်	၁၂-၄-၂၀၁၆ ၁၄-၄-၂၀၁၆ ၁၆-၄-၂၀၁၆ ၁၈-၄-၂၀၁၆ ၂၀-၄-၂၀၁၆ မှစ၍ပုံမှန်ဆက်ဖွင့်သွားရန်။
၄။	စက်သုံးဆီအရောင်းဆိုင်များ (ဝ၆၁၁)မန္တလေး၊ (ဝ၆၁၄)မန္တလေး	၁၁-၄-၂၀၁၆ ၁၈-၄-၂၀၁၆ ၁၉-၄-၂၀၁၆ ၂၀-၄-၂၀၁၆ မှစ၍ ပုံမှန်ဆက်ဖွင့်သွားရန်။

အမေရိကန်လွှတ်တော်အဆောက်အအုံအနီးရှိနေရာများအား ရဲများက ပိတ်ဆို့ထားသည်ကို တွေ့ရစဉ်။

အမေရိကန်လွှတ်တော်တွင် ပစ်ခတ်မှုဖြစ်သောကြောင့် လွှတ်တော်နှင့်အိမ်ဖြူတော်ကို အရေးပေါ်ပိတ်ထားရ

ဝါရှင်တန် မတ် ၂၉

အမေရိကန်လွှတ်တော်ည့ဆောင်တွင် ပစ်ခတ်မှုတစ်ခုဖြစ်ပွားခဲ့ရာ ရဲတစ်ဦးဒဏ်ရာရရှိပြီးနောက် အမေရိကန်လွှတ်တော်နှင့် အိမ်ဖြူတော်တို့ကို တနလင်္ဂနေ့နေ့လယ်အထိ ပိတ်ထားခဲ့ရကြောင်း ဆင်ဟွာသတင်းတစ်ရပ်တွင် ဖော်ပြသည်။

သေနတ်သမားကို သေနတ်ပစ်ခတ်ဖမ်းဆီးခဲ့ပြီး ထိန်းသိမ်းအရေးယူ ဆောင်ရွက်မှုများ ပြုလုပ်လျက်ရှိကြောင်း ရဲများက ပြောသည်။

အာဏာပိုင်များ၏ပြောပြချက်အရ ပစ်ခတ်မှုသည် အမေရိကန်လွှတ်တော်နှင့် ကပ်လျက်ရှိသော မြေအောက်ည့ဆောင်စစ်ဆေးရေးနေရာတွင် ဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

အိမ်ဖြူတော်ပိတ်ထားမှုကို မကြာမီ ပြန်လည်ဖွင့်ပေးမည်ဖြစ်ကြောင်း သိရသော်လည်း လွှတ်တော်ကို ဆက်လက်ပိတ်ထားမည်ဖြစ်ကြောင်း သိရသည်။ **(ဆင်ဟွာ)**

စပိန်တွင် ဇီကာရောဂါဖြစ်ပွားသူ ၅၈ ဦးရှိ

မက်ဒရစ် မတ် ၂၉

စပိန်နိုင်ငံတွင် ဇီကာပိုင်းရပ်စ်ကူးစက်ခံရသူ ၅၈ ဦး ရှိလာကြောင်း စပိန်ကျန်းမာရေးဝန်ကြီးဌာနက တနလင်္ဂနေ့တွင် အတည်ပြုပြောကြားသည်။ အဆိုပါ ရောဂါကူးစက်ခံရသူအားလုံးသည် ဇီကာပိုင်းရပ်စ်ဖြစ်ပွားနေသောနိုင်ငံများသို့ သွားရောက်ခဲ့သူများဖြစ်ကြောင်း ကျန်းမာရေးဝန်ကြီးဌာနက ထပ်လောင်းပြောကြားသည်။

စပိန်နိုင်ငံအတွင်း စတင်ဖြစ်ပွားမှုမရှိသေးကြောင်း ယင်းရောဂါသည် အေးဒိစ်ခြင်မှတစ်ဆင့် ဖြစ်ပွားခြင်းဖြစ်ကြောင်း အတည်ပြုပြောကြားသည်။ စပိန်နိုင်ငံတွင် ရောဂါဖြစ်ပွားသောအရေအတွက်သည် လွန်ခဲ့သောနှစ်ပတ်က ၁၅ ဦးမြင့်တက်ခဲ့ရာ ကိုယ်ဝန်ဆောင်အမျိုးသမီးကိုးဦးတွင် ဖြစ်ပွားနေကြောင်း အတည်ပြုပြောကြားသည်။ **(ဆင်ဟွာ)**

ယူအေအီးရှိ မိုးမျှော်တိုက်မီးလောင်

ဒုဘိုင်း မတ် ၂၉

တနလင်္ဂနေ့ညက ယူအေအီးမြို့ အက်ဂျမန်တွင် လူနေအဆောက်အအုံနှစ်လုံး မီးလောင်မှုဖြစ်ပွားခဲ့ကြောင်း ဂပ်ဖ်နယူးအေဂျင်စီက ပြောသည်။ အဆောက်အအုံ ၁၂ တွဲရှိ အက်ဂျမန်-၁ ဟုခေါ်သော ၆၃ ထပ်ရှိ လူနေအဆောက်အအုံကို မီးလောင်ခြင်းဖြစ်ပြီး ယင်းအဆောက်အအုံသည် ရှာဂျာနယ်စပ်အနီးတွင် ရှိကြောင်း သိရသည်။ မီးလောင်မှုကြောင့် ယင်းအဆောက်အအုံမှာ ပျက်စီးမှုအများအပြားဖြစ်သွားခဲ့ကြောင်း သိရသည်။ **(ဆင်ဟွာ)**

ကိုရီးယား၊ ဂျပန်နှင့်အတူ သမ္မတအိုဘားမား မြောက်ကိုရီးယား နျူကလီးယားအရေးဆွေးနွေး

ဂျပန်ဝန်ကြီးချုပ် ရှင်ဇိုအာဘေး အမေရိကန်သမ္မတ ဘားရက်အိုဘားမား တောင်ကိုရီးယားသမ္မတ ပတ်ဂွန်ဟေး

ဝါရှင်တန် မတ် ၂၉

အမေရိကန်သမ္မတ ဘားရက်အိုဘားမားအနေဖြင့် ကိုရီးယားဒီမိုကရက်တစ်သမ္မတနိုင်ငံ (မြောက်ကိုရီးယား)အရေးနှင့် ပတ်သက်၍ ကြာသပတေးနေ့တွင် တောင်ကိုရီးယားနှင့် ဂျပန်ခေါင်းဆောင်တို့နှင့် အတူ သုံးနိုင်ငံအစည်းအဝေး ကျင်းပမည်ဖြစ်ကြောင်း အိမ်ဖြူတော်က တနလင်္ဂနေ့က ပြောသည်။

တောင်ကိုရီးယားသမ္မတ ပတ်ဂွန်ဟေး၊ ဂျပန်ဝန်ကြီးချုပ် ရှင်ဇိုအာဘေးတို့နှင့်အတူ သမ္မတအိုဘားမားက နျူကလီးယားလုံခြုံရေး ထိပ်သီးအစည်းအဝေးတစ်ရပ်အဖြစ် ကြာသပတေးနေ့နှင့် သောကြာနေ့များတွင် ဆွေးနွေးမည်ဟု ပြောသည်။

"ဒီအစည်းအဝေးက မြောက်ကိုရီးယားနိုင်ငံကို တုံ့ပြန်နိုင်ရေး ခေါင်းဆောင်သုံးဦး ဆွေးနွေးနိုင်မယ့်အခွင့်အရေးပါပဲ၊ ဒီသုံးနိုင်ငံ ပူးပေါင်းဆောင်ရွက်မှုဟာ ဒေသတွင်းနဲ့ကမ္ဘာ့အရေးမှာ ထိရောက်မှုရှိလာမှာဖြစ်ပါတယ်"ဟု အိမ်ဖြူတော် ကြေညာချက်တွင် ဖော်ပြသည်။

မြောက်ကိုရီးယားနိုင်ငံသည် ဇန်နဝါရီ ၆ ရက်က နျူကလီးယားစမ်းသပ်ခဲ့ကြပြီး ဖေဖော်ဝါရီ ၇ ရက်က ကြိုဟ်တုတစ်လုံးလွှတ်တင်ခဲ့ရာ တိုက်ချင်းပစ်ဒုံးပျံနည်းပညာကို အသုံးပြုခဲ့ကြောင်း သိရသည်။ **(ရိုက်တာ)**

အီဂျစ်လေယာဉ်တစ်စင်းကို အနုကြမ်းစီးပြီး ဆိုက်ပရပ်စ်တွင် ဆင်းသက်စေ

လာနာကာ မတ် ၂၉

အီဂျစ်နိုင်ငံ အလက်ဇန္ဒြီးယားမြို့မှ ကိုင်ရိုသို့ ပျံသန်းလာသော လေယာဉ်တစ်စင်းအား ဖောက်ခွဲရေးပစ္စည်းများ ကိုယ်တွင်ချည်နှောင်ဝတ်ဆင်ထားသည်ဟု ယူဆရသူ တစ်ဦးကဆိုက်ပရပ်စ်လေဆိပ်တွင် ဆင်းသက်စေခဲ့ကြောင်း အီဂျစ် အာဏာပိုင်များက မတ် ၂၉ ရက်တွင် ပြောကြားခဲ့သည်။

အီဂျစ်အဲလေယာဉ်တွင် လေယာဉ်အမှူထမ်းခုနစ်ဦးအပါအဝင် ခရီးသည် ၆၀ လိုက်ပါစီးနင်းလာကြောင်း အီဂျစ်နှင့်ဆိုက်ပရပ်စ် တာဝန်ရှိသူများက ပြောသည်။

အဆိုပါပြန်ပေးဆွဲသူနှင့်တာဝန်ရှိသူများအကြား ညှိနှိုင်းချက်၏ ရလဒ်အဖြစ် နိုင်ငံခြားသားခရီးသည်ငါးဦးနှင့် လေယာဉ်အမှူထမ်းများမှအပ ကျန်ခရီးသည်များအား လေယာဉ်ပေါ်မှ ဆင်းသက်ခွင့်ပေးခဲ့ကြောင်း အီဂျစ်လေကြောင်း လိုင်း၏ ထုတ်ပြန်ချက်အရသိရသည်။ ယင်းလေယာဉ်၏ လေယာဉ်မှူး အိုမာ အယ်ဂမယ်လ်က တာဝန်ရှိသူများအား ဆက်သွယ်ပြောကြားရာတွင် ဖောက်ခွဲရေးပစ္စည်းများ ဝတ်ဆင်ထားသော ခရီးသည်တစ်ဦးက လေယာဉ်အား လာနာကာလေဆိပ်တွင် ဆင်းသက်ရန်စေခိုင်းခဲ့ကြောင်း ပြောကြားသည်။ ၄င်းခရီးသည်တွင် ဖောက်ခွဲရေးပစ္စည်းများဝတ်ဆင်ထားသည်ဆိုသည့်အချက်ကို အတည်မပြုနိုင်သေးကြောင်း ဆိုက်ပရပ်စ်နိုင်ငံခြားရေးဝန်ကြီးဌာနမှ တာဝန်ရှိသူတစ်ဦးကပြောသည်။ လေယာဉ်ပြန်ပေးဆွဲသူမှာ အီဂျစ်နိုင်ငံသား အီဗရာဟင်ဆမာဟာဖြစ်ပြီး ၄င်းသည် အလက်ဇန္ဒြီးယား တိရစ္ဆာန်ဆေးကုသရေးတက္ကသိုလ်မှ ပါမောက္ခတစ်ဦးဖြစ်ကြောင်း သိရသည်။

အရာရှိတစ်ဦး မတ် ၂၉ ရက်က ဆိုက်ပရပ်စ် လာနာကာလေဆိပ်ရှိ အနုကြမ်းစီးခံရသော အီဂျစ်ခရီးသည်တင်လေယာဉ်ပေါ်သို့ တက်ရောက်စစ်ဆေးမှုပြုနေစဉ်။

အဆိုပါလေယာဉ်၏ ခရီးသည်များတွင် ပြိတိန်လူမျိုးရှစ်ဦးနှင့် အမေရိကန်လူမျိုး ဆယ်ဦးပါဝင်ကြောင်း အလက်ဇန္ဒြီးယားလေဆိပ်မှ လုံခြုံရေးဆိုင်ရာ သတင်းအချက်အလက်များအရ သိရသည်။

ဆိုင်းနိုင်းကျွန်းဆွယ်တွင် လွန်ခဲ့သောအောက်တိုဘာလက ရုရှားခရီးသည်တင် လေယာဉ်တစ်စင်း ပျက်ကျမှုကြောင့် အီဂျစ်နိုင်ငံ၏ ခရီးသွားလုပ်ငန်းများ နှောင့်နှေးခဲ့ရသည်။ **(ရိုက်တာ)**



ကယ်လီဖိုးနီးယားပစ်ခတ်မှုသံသယရှိသူတစ်ဦး၏ အိုင်ဖုန်းကို အက်ဖ်ဘီအိုင် အသုံးပြုခွင့်ပိတ်ပင်

ကယ်လီဖိုးနီးယား မတ် ၂၉

ကယ်လီဖိုးနီးယားတွင် ပြီးခဲ့သောလကဖြစ်ပွားခဲ့သည့် သေနတ်ပစ်ခတ်မှုတွင်သံသယရှိနေသူတစ်ဦး၏ အိုင်ဖုန်းကို အသုံးပြုခွင့်ပိတ်သိမ်းခဲ့ကြောင်း အက်ဖ်ဘီအိုင်က ပြောခဲ့သည်။

အက်ပဲလ်ထုတ်လုပ်ရေးကုမ္ပဏီ၏ အကူအညီမပါဘဲ ဖုန်းတွင်းပါ အချက်အလက်များကို အသုံးပြု၍ရမည်မဟုတ်ကြောင်း အက်ဖ်ဘီအိုင်က ပြောခဲ့သည်။

လျှို့ဝှက်ကုတ်ကာကွယ်မှုမရှိဘဲ ဖုန်းကို အလွယ်တကူဝင်ရောက်၍ အချက်အလက်ရယူနိုင်ရန်အတွက် အက်ဖ်ဘီအိုင်က တရားရုံးမှတစ်ဆင့် အက်ပဲလ်ကုမ္ပဏီကို ဆော့ဖ်ဝဲလ်အသစ်ပြန်ရေးရန်အတွက် တောင်းဆိုလိုက်သည်။

အက်ပဲလ်ကုမ္ပဏီက ယင်းတောင်းဆိုမှုကို ကုမ္ပဏီ၏သီးခြားမူဝါဒဆိုင်ရာကိစ္စတစ်ခုဟုဆိုကာ အက်ဖ်ဘီအိုင်ကို ကူညီရန် တရားရုံး၏အမိန့်ကို ငြင်းဆိုလိုက်ကြောင်းသိရသည်။ **(အင်နိုအိတ်ချ်ကေ)**

ရန်ကုန်သင်္ကြန် စည်ပင်သန့်ရှင်းရေးဝန်ထမ်းများ နေ့၊ ည အဆိုင်းနှစ်ဆိုင်းခွဲ၍ ဆောင်ရွက်မည်

ရန်ကုန် မတ် ၂၉

ရန်ကုန် မဟာသင်္ကြန်ကာလ အတွင်း ရေကစားမဏ္ဍပ်ကြီးများနှင့် ဖျော်ဖြေရေးမဏ္ဍပ်ကြီးများ တည်ရှိရာနေရာတို့၌ သန့်ရှင်းရေးဝန်ထမ်း ၄၀၀ ကျော်ကို နေ့၊ ည အဆိုင်းနှစ်ဆိုင်းခွဲ၍ သန့်ရှင်းရေး ဆောင်ရွက်သွားရန် စီစဉ်ထားကြောင်း ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သန့်ရှင်းရေး ဌာနမှ ဌာနခွဲမှူး ဦးကိုကိုကျော်စွာက မြန်မာ့သတင်းစဉ်သို့ ပြောကြားသည်။

"သင်္ကြန်ကာလမှာ နယ်မြေအလိုက် ပုံမှန်သန့်ရှင်းရေး ဆောင်ရွက်မှုအပြင် မဏ္ဍပ်ကြီးအများစုရှိတဲ့ နေရာနဲ့ လူစည်ကားတဲ့နေရာတွေကို ဝန်ထမ်းအင်အားသုံးပြီး ဆောင်ရွက်သွားဖို့စီစဉ်ထားပါတယ်။ အဲဒီအတွက် ဝန်ထမ်းအင်အား ၄၀၀ ကျော်ကို အသုံးပြုပြီး နေ့၊ ည အဆိုင်းနှစ်ဆိုင်းနဲ့ အပြောင်ရှင်းစနစ် ကျင့်သုံး ဆောင်ရွက်သွားမှာပါ" ဟု ၎င်းက ပြောသည်။

အဆိုပါဌာနတွင် သန့်ရှင်းရေးဝန်ထမ်း ၄၀၀၀ ကျော်ရှိရာ သင်္ကြန်ကာလတွင် သက်ဆိုင်ရာ ခရိုင်၊ မြို့နယ်များအလိုက် ပုံမှန်သန့်ရှင်းရေး ဆောင်ရွက်မှုများကို ပြုလုပ်သွားမည့်အပြင် ရေကစားမဏ္ဍပ် အများဆုံးတည်ရှိမည့် ကန်တော်ကြီး ကန်ပတ်လမ်း၊ ကမ္ဘာအေးဘုရားလမ်း၊ ပြည်လမ်း (အင်းလျားကန်ပေါင်)၊ ပါရမီလမ်းတို့နှင့် လူစည်ကားသည့် နေရာများ၌ အစုအဖွဲ့အလိုက် စုဖွဲ့ထားသည့် သန့်ရှင်းရေးဝန်ထမ်းများနှင့် လမ်းကြောင်းအလိုက်တာဝန်ကျ ဝန်ထမ်းများက မွန်းလွဲပိုင်းမဏ္ဍပ်များ နားချိန်နှင့် ညပိုင်းမဏ္ဍပ်များ ပိတ်သိမ်းချိန်တို့တွင် သန့်ရှင်းရေး ဆောင်ရွက်မှုများ ပြုလုပ်သွားမည်ဖြစ်သည်။

"သင်္ကြန်ကာလမှာ သာမန်နေရာတွေထက် မဏ္ဍပ်တွေရှိတဲ့ နေရာတွေက အမှိုက်ပိုထွက်တယ်။ မဏ္ဍပ်ကထွက်တဲ့ အမှိုက်တွေကို သိမ်းဆည်းရတဲ့အတွက် မဏ္ဍပ်သန့်ရှင်းရေးကြေး ကောက်ခံထားပါတယ်။ သင်္ကြန်ပြီးသွားလို့ မဏ္ဍပ်ဖျက်သိမ်းတဲ့အခါမှာ စည်းကမ်းမဲ့ အမှိုက်စွန့်ပစ်မှုအရ အမှိုက်ကျန်တွေရှိခဲ့ရင် ဒဏ်ကြေးငွေ ပေးဆောင်ရမှာဖြစ်ပါတယ်။ ဒဏ်ကြေးငွေကို မဏ္ဍပ်အာမခံစပေါ်ငွေထဲက နုတ်သွားမှာပါ" ဟု ဦးကိုကိုကျော်စွာက ပြောသည်။

ယခုနှစ်တွင် သင်္ကြန်ရေကစားမဏ္ဍပ် သန့်ရှင်းရေးကြေးအဖြစ် ယခင်နှစ်များအတိုင်း မဏ္ဍပ်ကြီးတစ်ခုလျှင် ငွေကျပ် တစ်သိန်း၊ မဏ္ဍပ်အလတ် ငွေကျပ် ၄၀၀၀၀၊ မဏ္ဍပ်အသေးငွေကျပ် ၂၀၀၀၀ နှုန်းကောက်ခံထားကြောင်း သိရသည်။

ယခင်နှစ် သင်္ကြန်ကာလအပြီး မဏ္ဍပ်ဖျက်သိမ်းမှု ပြုလုပ်ရာတွင် စည်းကမ်းမဲ့ အမှိုက်စွန့်ပစ်မှုများ ကြောင့် ကျန်ရှိနေသည့် အမှိုက်များကို အမှိုက်သိမ်းယာဉ်ဖြင့် ၁၀ ကြိမ်ခန့် သယ်ယူစွန့်ပစ်ခဲ့ရသဖြင့် ဒဏ်ကြေးငွေကျပ် သုံးသိန်းခွဲ ရရှိခဲ့ကြောင်း အဆိုပါဌာနမှ သိရသည်။

ဇော်ကြီး(ပဏ္ဍိတ)

အဆင့်မြင့်မင်္ဂလာဈေးကြီးအား ယာယီဈေးအဖြစ် ပြန်လည်ဖွင့်လှစ်ရောင်းချလျက်ရှိ

ရန်ကုန် မတ် ၂၉

ရန်ကုန်မြို့ မင်္ဂလာတောင်ညွှန့်မြို့နယ်၌ ဇန်နဝါရီ ၉ ရက်က မီးလောင်ခဲ့သည့် အဆင့်မြင့်မင်္ဂလာဈေးကြီးကို ပြည်သူများ လူသုံး၊ အိမ်သုံး၊ ကျောင်းသုံး စသည့် အသုံးအဆောင်ပစ္စည်းမျိုးစုံတို့ကို ပြည်သူများ လက်လီလက်ကားအလွယ်တကူ ဝယ်ယူနိုင်ရေးအတွက် ယခုအခါ ယာယီဈေးအဖြစ် ပြန်လည်ဖွင့်လှစ်ရောင်းချလျက်ရှိကြောင်း သိရသည်။

ယာယီဈေးအဖြစ် ပြန်လည်ဖွင့်လှစ်ရောင်းချနေသည့် နေရာနှင့်ပစ္စည်းအမျိုးအစားတို့မှာ ရွှေမင်္ဂလာဈေး တတိယထပ်၌ ဆေးဝါးပစ္စည်းနှင့် အလှကုန်အမျိုးမျိုး၊ ရွှေမင်္ဂလာဈေး စတုတ္ထထပ်၌ စားသောက်ကုန်အမျိုးမျိုးနှင့် အဝတ်အထည်အမျိုးမျိုး၊ ရွှေမင်္ဂလာဈေး ပဉ္စမထပ်၌ အဝတ်အထည်အမျိုးမျိုး၊ မင်္ဂလာမွန်ဈေးရှေ့တွင် အဝတ်အထည်အမျိုးမျိုးနှင့် ရွှေမင်္ဂလာဈေး ကားပတ်လမ်းတွင် အဝတ်အထည်အမျိုးမျိုးနှင့် ကုန်မျိုးစုံတို့ဖြစ်ကြောင်း ပြည်သူများ သိရှိဝယ်ယူနိုင်ရန် သက်ဆိုင်ရာက အသိပေးနှိုးဆော်ထားသည်။

ကိုချစ်

သဲကျင်းထဲ၌ ခေတ္တလဲလျောင်းနားနေစဉ် သဲကျင်းပိ၍ အမျိုးသမီးတစ်ဦး သေဆုံး

ညောင်လေးပင် မတ် ၂၉

ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့နယ် စမ်းကလေးကျေးရွာအနီး သဲကျင်းတွင် မတ် ၂၈ ရက် ညနေ ၄ နာရီခန့်က သဲကျင်းအတွင်း နားနေစဉ် သဲကျင်းပိ၍ အမျိုးသမီးတစ်ဦး သေဆုံးခဲ့သည်။

ညောင်လေးပင်မြို့ မြို့မရဲစခန်း၌ ဒုရဲအုပ်ဝင်းအောင် တာဝန်မှူးအဖြစ် ဆောင်ရွက်နေစဉ် သဲကျင်းပိ၍သေဆုံးသူတစ်ဦး ဆေးရုံသို့ရောက်ရှိနေကြောင်း သတင်းအရ သွားရောက်စစ်ဆေးရာ သေဆုံးသူမှာ မမြခင်(၃၈ နှစ်) ညောင်လေးပင်မြို့နေသူဖြစ်ကြောင်း သိရသည်။

ဖြစ်စဉ်မှာ သေဆုံးသူနှင့်အတူ အလုပ်လုပ်သူ မကြည်ကြည်ဦး၊ မချစ်ပြုံး၊ မြို့မ(၁)ရပ်ကွက် ညောင်လေးပင်မြို့နေသူတို့၏ ပြောပြချက်အရ ၄င်းတို့သုံးဦးမှာ သဲကျင်းထဲရှိသဲများကို ကားပေါ်သို့တင်ပြီး သဲကျင်းထဲ၌ ခေတ္တနားနေစဉ် သဲကျင်းပြိုကျရာ မကြည်ကြည်ဦးနှင့် မချစ်ပြုံးတို့မှာ ရုန်းထွက်ခဲ့ပြီး သဲကျင်းပိကျန်နေခဲ့သူ မမြခင်အား ဆွဲထုတ်၍ ဆေးရုံသို့ ပို့ဆောင်စဉ် ဆေးရုံ၌ သေဆုံးသွားကြောင်း သိရသည်။

အဆိုပါဖြစ်စဉ်နှင့် ပတ်သက်၍ ဓမ္မတာအတိုင်း ဟုတ်၊ မဟုတ် အမှုဖွင့်စစ်ဆေးလျက်ရှိကြောင်း သိရသည်။ **နေလင်း(ညောင်လေးပင်)**

သဲကျင်းပြိုမှုဖြစ်ပွားခဲ့သည့်နေရာကို တာဝန်ရှိသူများ စစ်ဆေးစဉ်။

၁၀၅ မိုင်တွင် လေယာဉ်၌တပ်ဆင်အသုံးပြုခဲ့သော ဗုံးသီးဟောင်းတစ်လုံးတွေ့ရှိ

မူဆယ် မတ် ၂၉

ရှမ်းပြည်နယ်မြောက်ပိုင်း မူဆယ်ခရိုင် မူဆယ်မြို့နယ် မိုင်းယု ၁၀၅ မိုင် ကျေးရွာ၌ မတ် ၂၈ ရက် မွန်းလွဲ ၂ နာရီခန့်က နယ်မြေ(၂) ရွာမကျေးရွာ ရွှေညောင်ပင်အနီး စစ်ကျန်ဟုယူဆရသော လေယာဉ်၌ တပ်ဆင်အသုံးပြုခဲ့သော ဗုံးသီးဟောင်းတစ်လုံး တွေ့ရှိခဲ့သည်။ **(ဝဲပုံ)**

အဆိုပါ ဗုံးသီးကို ၁၀၅ မိုင်ကျေးရွာ ရွှေညောင်ပင်အနီး၌ နေထိုင်သော ဒေါ်အမ်၏ နေအိမ်ခြံဝင်းအတွင်း၌ ခြံစည်းရိုးခတ်ရန် မြေတူးဖော်ရာမှ တွေ့ရှိခဲ့ပြီး ဗုံးသီးမှန်းမသိရှိသောကြောင့် လမ်းဘေးသို့ ပစ်ချထားခဲ့စဉ် လမ်းသွားလမ်းလာပြည်သူအချို့က တွေ့ရှိ၍ သက်ဆိုင်ရာသို့ သတင်းပေးပို့ခဲ့သည်။

ထို့နောက် မူဆယ်ခရိုင်ရှိ တာဝန်ရှိသူများ ရောက်ရှိလာပြီး ကျေးရွာရှိ ရပ်မိရပ်ဖများနှင့် စစ်ဆေးမှုများ ပြုလုပ်ခဲ့ရာ ဗုံးသီးမှာ လုံးပတ် နှစ်ပေ သုံးလက်မ၊ အရှည် သုံးပေ၊ အချင်း ၁၁ လက်မရှိပြီး စစ်ကျန်ဗုံးသီးဖြစ်ကြောင်း ပြောကြားခဲ့သည်။ ဗုံးသီးကို တာဝန်ရှိသူများနှင့် ပြည်သူများ ပူးပေါင်း၍ ရပ်ကွက်အတွင်းမှ အမြန်ဆုံးဖယ်ရှားခဲ့ပြီး သက်ဆိုင်ရာက ဆက်လက်ထိန်းသိမ်းထားခဲ့ကြောင်း သိရသည်။

သတင်းနှင့်ဓာတ်ပုံ-သန့်ဇင်(မူဆယ်)

* ရှေ့မှုံးမှ

ပြည်နယ်လမ်းဦးစီးဌာနမှ လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်အောင် ဆောင်ရွက်လျက်ရှိရာ ယခု ဖွင့်လှစ်လိုက်သည့် ဖုန်အင်ခတ်တားအပါအဝင် ပေ ၁၈၀ နှင့်အထက် တံတားများဖြစ်သည့် မူလာရှိုးဒီး တံတား အရှည်ပေ ၅၇၀၊ လုံးစွပ် တံတား ၁၉၅ ပေ၊ တန်ဂျာ(၁)တံတား ပေ ၂၄၀ နှင့် တန်ဂျာ(၂)တံတား ပေ ၃၃၀ တို့ကို တည်ဆောက်ပေးနိုင်ခဲ့သည်။

မြစ်ကြီးနား - ဆွမ်ပရာဘွမ် - ပူတာအို လမ်းပိုင်းသည် ၂၁၈ မိုင်ရှိပြီး ပြည်နယ်လမ်းဦးစီးဌာနမှ လမ်း၊ တံတား လုပ်ငန်းများကို ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်တွင် မြစ်ကြီးနားခရိုင် လမ်းဦးစီးဌာန လမ်းအထူးအဖွဲ့(၁)နှင့်(၂)၊ ပူတာအိုခရိုင် လမ်းဦးစီးဌာနနှင့် တံတားအထူးအဖွဲ့(၁)တို့မှ ဆောင်ရွက်လျက်ရှိရာ ယခုနှစ်အတွင်း မြစ်ကြီးနားခရိုင်နှင့် ပူတာအိုခရိုင်တို့တွင် ကတ္တရာလမ်းစုစုပေါင်း ၆၈ မိုင် ၁ ဖာလုံ ဆောင်ရွက်နိုင်ခဲ့ပြီး ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်တွင်လည်း မြစ်ကြီးနား-ဆွမ်ပရာဘွမ်လမ်းကို ပြည်ထောင်စုရန်ပုံငွေဖြင့် ကတ္တရာလမ်းခင်းခြင်း၊ ကျောက်လမ်းနှင့် တောင်နံရံလမ်းချဲ့ပြီး အမာခံလမ်းဆောင်ရွက်ခြင်း လုပ်ငန်းများအပြင် ပြည်နယ်ရန်ပုံငွေဖြင့် ၂၄ ပေအကျယ် ကတ္တရာလမ်းချဲ့ခြင်းလုပ်ငန်း၊ ၃၄ ပေ အကျယ်လမ်းချဲ့ခြင်း၊ သဲကျောက်ခင်းကြိတ်ခြင်းလုပ်ငန်းများနှင့် ပေ ၅၀ အောက် အာရ်စီတံတား သုံးစင်းတည်ဆောက်ခြင်း လုပ်ငန်းများကို ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

(ပြည်နယ် ပြန်/ဆက်)

နိုင်ငံတကာသတင်း

အာရပ်စော်ဘွားများပြည်ထောင်စု လူနေမိုးမျှော်တိုက် မီးလောင်မှုဖြစ်ပွားရာ ငါးဦးဒဏ်ရာရ

ဒုဘိုင်း မတ် ၂၉

ဘာသာပြန်-ဂျေတီ

အာရပ် စော်ဘွားများ ပြည်ထောင်စု (ယူအေအီး) နိုင်ငံ အာဂျ်မန်မြို့ရှိ လူနေမိုးမျှော်တိုက်ကြီးတစ်ခုတွင် မတ်၂၉ ရက်က မီးလောင်မှုဖြစ်ပွားခဲ့ရာ ဒေသဆိုင်ရာ မီးသတ်တပ်ဖွဲ့က ငြိမ်းသတ်နိုင်ခဲ့ကြောင်း၊ အဆိုပါမီးလောင်မှုသည် အာရပ်စော်ဘွားများ ပြည်ထောင်စုတွင် ဖြစ်ပွားခဲ့သည့် အထပ်မြင့် လူနေတိုက်မီးလောင်မှုများထဲမှ နောက်ဆုံးအကြိမ် မီးလောင်မှုဖြစ်ကြောင်း မြို့ပြဆိုင်ရာအရပ်ဘက် ကာကွယ်ရေးအဖွဲ့က ယနေ့ ပြောကြားသည်။

မီးလောင်မှုမှာ လူနေမိုးမျှော်တိုက် ၁၂ လုံးဖြင့် စုဝေးတည်ဆောက်ထားရာ နေရာတစ်ခုတွင် ယင်းနေ့ ညနှောင်းပိုင်းက ဖြစ်ပွားခဲ့ခြင်းဖြစ်ပြီး အဆိုပါမိုးမျှော်တိုက်များထဲက နှစ်လုံးကို မီးလောင်ကာ လူငါးဦး ဒဏ်ရာရရှိခဲ့ကြောင်း၊ မီးလောင်မှု ဖြစ်ပွားခဲ့ပြီးနောက် ယင်းအဆောက်အအုံ များထဲတွင် နေထိုင်သော ပြည်သူများကို တာဝန်ရှိသူများက ဘေးလွတ်ရာ အရပ်သို့ ပြောင်းရွှေ့ပေးခဲ့ကြောင်း၊ ဖော်ပြပါ ဒဏ်ရာရရှိသူငါးဦးသည် ဆေးဝါးကုသမှု ခံယူလျက်ရှိကြောင်း သိရသည်။

မီးလောင်မှုဖြစ်ပွားခဲ့ပြီးနောက် မီးလောင်မှု ဖြစ်ပွားရာနေရာသို့ သွားသည့်လမ်းများကို ရဲတပ်ဖွဲ့ဝင်များက ဝန်းရံပိတ်ဆို့ထားပြီး အဆောက်အအုံပေါ်မှ မီးလောင်ကျွမ်းသွားသည့် အကျိုးအပဲ့များ ပြုတ်ကျနေသည့် ပုံများကို ရဲတပ်ဖွဲ့က လွှင့်တင်ထားသည့် အွန်လိုင်းဗီဒီယိုပြကွက်များတွင် တွေ့မြင်ရသည်။

အာရပ် စော်ဘွားများ ပြည်ထောင်စုတွင် ယမန်နှစ်နှစ်သစ်ကူးအကြိုနေ့က ဒုဘိုင်းမြို့လယ်ကောင်ရှိ ဟိုတယ်တစ်လုံး၊ ယမန်နှစ် ဖေဖော်ဝါရီလက ဒုဘိုင်းရှိ ၇၉ လွှာ ဟိုတယ်တစ်လုံးနှင့် ၂၀၁၂ ခုနှစ်က ဒုဘိုင်း၌ ၃၄ လွှာရှိ ဟိုတယ်တစ်လုံးတို့တွင် မီးလောင်မှုများဖြစ်ပွားခဲ့ပြီး ယခုတစ်ခါ မီးလောင်မှုမှာ အာရပ်စော်ဘွားများ ပြည်ထောင်စုရှိ အထပ်မြင့် လူနေတိုက်များ၌ သုံးနှစ်တာ ကာလအတွင်း ဖြစ်ပွားခဲ့သည့် အဓိက မီးလောင်မှုများထဲမှ စတုတ္ထမြောက်ဖြစ်ကြောင်း သိရသည်။ မီးလောင်မှုဖြစ်ပွားရခြင်းအကြောင်းရင်းကို စုံစမ်းဆဲဖြစ်ကြောင်း သိရသည်။။

(ရိုက်တာ)

ဥပဒေအတွေး ရေးပါရစေ (အပိုင်း-၁၂)

ဦးဟန်ညွှန့်(ဥပဒေ)

ရှေ့နေကောင်းတစ်ယောက်

"ရှေ့နေကောင်းတစ်ယောက်ဖြစ်ဖို့ ဘာလုပ်ရမှာလဲ" ဟုမေးသော အလုပ်သင်ရှေ့နေတစ်ဦး၏ မေးခွန်းကိုဆက်၍ ဖြေချင်သေးသည်။ နှစ်ပေါင်းလေးဆယ်ကျော်ကြုံတွေ့ခဲ့ရသော အတွေ့အကြုံ၊ အဖြစ်အပျက်၊ လက်တွေ့ဘဝများ၊ ဆရာသမားများ၏ သင်ကြားပို့ချမှုများ၊ စာတွေ့များ၊ မြင်ဆရာ၊ ကြားဆရာများ၊ လုပ်ဖော်ကိုင်ဖက်များ၊ ရှေ့နေအိုကြီးများ၏ ထောက်ပြချက်များကမှတ်သားရ၍မကုန်။ မှတ်မိသမျှ ရေးပြရုံသက်သက်၊ ဝေမျှသည့် စေတနာပါ။

ရှေ့နေဆိုတာဘာလဲ

"ရှေ့နေ" ဆိုသည်မှာ တရားလွှတ်တော်ရှေ့နေ၊ သို့မဟုတ် အထက်တန်း ရှေ့နေ၊ သို့မဟုတ် ရှေ့နေတစ်ဦးတစ်ယောက် (PLEADER) ကိုဆိုသည်။

(ရှေ့နေလိုက်သူများ အက်ဥပဒေ၊ ပုဒ်မ ၃)

အရည်အချင်းသတ်မှတ်ခြင်း

ရှေ့နေအဖြစ်လိုက်ပါဆောင်ရွက်ရန် အရည်အချင်းသတ်မှတ်ခြင်း၊ သက်သေခံလက်မှတ်ထုတ်ပေးခြင်း၊ စာရင်းသွင်းမှတ်ပုံတင်ခြင်းများကို ဥပဒေကသတ်မှတ်ထားသည်။ အခွင့်အာဏာအရ ပြုလုပ်ထားသော နည်းဥပဒေများလည်းရှိသည်။

ရှေ့နေအဖြစ်မှ ရပ်ဆိုင်းခြင်း

ရှေ့နေတစ်ဦးတစ်ယောက်သည် အောက်ဖော်ပြပါတစ်ခုခုကို ကျူးလွန်ကြောင်းတွေ့ရှိလျှင် တရားလွှတ်တော်ချုပ်က ထိုက်သင့်သောစုံစမ်းမှုပြုလုပ်မည်။ ကျူးလွန်မှုထင်ရှားလျှင် ရှေ့နေအဖြစ်မှ ရပ်ဆိုင်းခြင်း၊ သို့မဟုတ် ထုတ်ပယ်ခြင်း ပြုနိုင်သည်-

(က) မိမိ၏အမှုသည်နှင့် အမှုသည်၏ကိုယ်စားလှယ် သို့မဟုတ် အမှုသည်က ရှေ့နေဌာနရန် စေခိုင်းလိုက်သော အမှုသည်၏ ဆွေမျိုးမိတ်သင်္ဂဟတို့မှအပ အခြားမသက်ဆိုင်သူများထံမှ အမှုအတွက် ညွှန်ကြားချက်ရယူခြင်း၊

(ခ) ရှေ့နေအဖြစ်လုပ်ကိုင်ဆောင်ရွက်ရာတွင် လိမ်လည်၍ဖြစ်စေ၊ အလျဉ်းမသင့်လျော်မဖွယ်မရာသည့်အပြုအမူဖြင့်ဖြစ်စေ ပြုမူခြင်း၊

(ဂ) မိမိအတွက်ဖြစ်စေ၊ အခြားရှေ့နေတစ်ဦးတစ်ယောက်အတွက် ဖြစ်စေ၊ ရှေ့နေဌာနရန် ဆော်သြတိုက်တွန်းခအဖြစ် တစ်စုံတစ်ယောက်သောသူကို ရှေ့နေခမှ ပေးကမ်းခြင်း၊

(ဃ) အမှုရရှိရန် ရှေ့နေကိုယ်တိုင်အမှုဆွယ်ခြင်း၊

(င) ဒလံ (၀၊) အမှုပွဲစားဖြစ်ကြောင်း ကြေညာထားခြင်း ခံရသူမှ တစ်ဆင့် ရှာဖွေပေးသည့် ဥပဒေဆိုင်ရာ အလုပ်အကိုင်များကို လက်ခံဆောင်ရွက်ခြင်း၊

(စ) ရှေ့နေအဖြစ်ဖြင့် သိက္ခာမရှိဟု ယူဆနိုင်သည့် အခြားလုံလောက်သော အကြောင်းများရှိခြင်း၊

ရှောင်ကြဉ်စောင့်ထိန်းရမည့်အချက်များ

ရှေ့နေများသည် အောက်ပါအချက်များကို ရှောင်ကြဉ်ရန် စောင့်ထိန်းအပ်သည်-

၁။ အမှုသည်ထံမှ အခကြေးငွေယူပြီးနောက် ယင်းအမှုသည်အတွက် အမှုကိုထိရောက်စွာ လိုက်ပါဆောင်ရွက်မှု မပြုခြင်း၊

၂။ အမှု၏အနိုင်အရှုံးအပေါ်မူတည်၍ ရှေ့နေခတောင်းဆိုခြင်း၊ အခြား မလျော်ကန်သော သဘောတူညီချက်ပြုလုပ်၍ ရှေ့နေခတောင်းယူခြင်း၊

၃။ အမှုသည်တစ်ဖက်နှင့် ဆွေးနွေး၍ ယင်းအမှုသည် အကြောင်းကိုသိရှိပြီးမှ ယင်းအမှုတွင် အခြားတစ်ဖက်မှ လိုက်ပါဆောင်ရွက်ခြင်း၊

၄။ တရားသူကြီးအား လာဘ်ပေးခြင်း၊ လာဘ်ပေးရန် ကြိုးပမ်းအားထုတ်ခြင်း၊

၅။ တရားရုံးတွင် သက်သေအစစ်အား သက်သေအတု အယောင်ကို အစားထိုးစစ်ဆေးခြင်း၊

၆။ တရားရုံးတွင် အရက်မူးယစ်ကာ တာဝန်မဲ့ပြောဆိုခြင်း

၇။ တရားရုံးက မည်သို့ဆုံးဖြတ်လျှင် သိစေမည်ဟု ကြိမ်မောင်း ခြိမ်းခြောက်ခြင်း၊

၈။ မမှန်သည်ကို မမှန်ကြောင်းသိလျက်နှင့် ပြောဆို

> **ကျင့်ဝတ်သိက္ခာဟူသည် ကိုယ်ကျင့်တရားပင်ဖြစ်သည်။ တာဝန်သိသိ၊ သစ္စာရှိရှိ ဆောင်ရွက်သူတို့အဖို့ အထူးပြဋ္ဌာန်း သတ်မှတ်ရန်မလို။ သဘာဝအားဖြင့် အမှန်အမှား ခွဲခြားသိမြင်ရာမှ အမှန်အတိုင်း စောင့်ထိန်းကျင့်သုံးသော အလေ့အကျင့် ဖြစ်ပေါ်လာသည်။**

တင်ပြခြင်းတို့သည် ရှေ့နေများအနေနှင့် မပြုလုပ်၊ ရှောင်ကြဉ်အပ်သော အချက်များဖြစ်ပေသည်။

အမှုပွဲစားဆိုတာဘာလဲ

ဒလံ(ခေါ်) အမှုပွဲစားဆိုသည်မှာ ရှေ့နေတစ်ဦးတစ်ယောက်ထံမှရရှိမည့် အဖိုးအခကို မျှော်မှန်း၍ ရှေ့နေအား ဥပဒေဆိုင်ရာအလုပ်အကိုင် ရှာဖွေပေးသူကို ခေါ်သည်။

အဆိုပါ ရည်ရွယ်ချက်မျိုးဖြင့် ရှေ့နေဌားလိုသူများရှိတတ်သော တရားရုံးများ၊ အခွန်ရုံးများ၊ မီးရထားဘူတာရုံများ၊ သင်္ဘောဆိပ်များ၊ လူစည်ကားရာအရပ်ဒေသများသို့ မကြာခဏသွားရောက်ရှာဖွေပေးသူများကို ဒလံ (သို့မဟုတ်) အမှုပွဲစား ဟုခေါ်သည်။

တရားရုံးများက သတိပေးသည်

ရှေ့နေကျင့်ဝတ်သိက္ခာပျက်ယွင်းခြင်း၊ ဒလံ(ခေါ်) အမှုပွဲစားများက တရားစီရင်ရေးကို နှောင့်ယှက်ခြင်းများ အပေါ် တရားရုံးများက သတိပေးသည်။ အရေးယူသည်။ မသိနားမလည်သော ပြည်သူအချို့အပေါ် ဒုက္ခပေးသူများအား ထိရောက်စွာ အရေးယူသည်။ ရှေ့နေ၏ပေါ့လျော့မှု ကြောင့် အမှုသည်နစ်နာဆုံးရှုံးမှု မဖြစ်စေရ။ နစ်နာဆုံးရှုံးမှုရှိခဲ့သော် ရှေ့နေအပေါ် အရေးယူဆောင်ရွက်ခွင့်ရှိသည်။

မိမိ၏လုပ်ငန်းကို ကြော်ငြာခြင်း

မိမိ၏လုပ်ငန်းကိုကြော်ငြာခြင်း၊ အမှုသည်များကို တပည့်များမှတစ်ဆင့်ဖိတ်ခေါ်ခြင်း၊ အမှုများကို မိမိဉာဏ်စွမ်း ကိုယ်စွမ်း မစိုက်ထုတ်ဘဲ တပည့်များနှင့် လွှဲအပ်ထားကာ မိမိ၏နာမည်ကိုသုံးစေခြင်း စသည်တို့သည် ရှေ့နေများအထူးစောင့်ထိန်းအပ်သော ကျင့်ဝတ်သိက္ခာများနှင့်မညီချေ။

(၁၉၆၈၊ မြန်မာနိုင်ငံစီရင်ထုံး၊ စာ-၂၀၈)

တာဝန်မကျေသောရှေ့နေ

ကျင့်ဝတ်သိက္ခာနှင့်အညီအညွှတ်၊ တာဝန်ကျေပွန်စွာ ဆောင်ရွက်ကြသော ရှေ့နေကြီးများသည် နိုင်ငံတွင်အများစုဖြစ်ကြသည်။ သို့ရာတွင် ကျင့်ဝတ်သိက္ခာမညီ၊ တာဝန်မကျေကြသောရှေ့နေအချို့ကိုလည်း ရံဖန်ရံခါတွေ့မြင်ကြရသေးသည်။ ကျင့်ဝတ်သိက္ခာ ဖောက်ဖျက်၊ တာဝန်ပျက်ကွက်ချို့ယွင်းသော ရှေ့နေအချို့ကို အခြားရှေ့နေကြီးများက အချင်းချင်းသတိပေးပြုပြင်သင့်ကြသည်။ ပြုပြင်၍ မရ၊ ဆိုးရွားသောကျူးလွန်မှုတို့ ပေါ်ပေါက်လျှင်မူကား ထိရောက် ပြတ်သားစွာ အရေးယူရန်သာ ရှိပေလိမ့်မည်။

(၁၉၆၉၊ မြန်မာနိုင်ငံစီရင်ထုံး၊ စာ-၂၃၈)

ကျင့်ဝတ်သိက္ခာဟူသည်

ကျင့်ဝတ်သိက္ခာဟူသည် ကိုယ်ကျင့်တရားပင်ဖြစ်သည်။ တာဝန်သိသိ၊ သစ္စာရှိရှိ ဆောင်ရွက်သူတို့အဖို့ အထူးပြဋ္ဌာန်း သတ်မှတ်ရန်မလို။ သဘာဝအားဖြင့် အမှန်အမှား ခွဲခြားသိမြင်ရာမှ အမှန်အတိုင်းစောင့်ထိန်းကျင့်သုံးသော အလေ့အကျင့် ဖြစ်ပေါ်လာသည်။

(၁၉၇၀၊ မြန်မာနိုင်ငံစီရင်ထုံး၊ စာ-၁၈)

မေးချင်တိုင်းမေးခွင့်ပြုခဲ့လျှင်

သက်သေအားအထိန်းအချုပ်မရှိ၊ အကန့်အသတ်မရှိ မေးလိုရာမေးမြန်းခြင်းမပြုနိုင်ချေ။ မေးချင်တိုင်းမေးခွင့်ပြုခဲ့လျှင် အမှုနှင့်မသက်ဆိုင်သည့်အချက်အလက်များကို ထည့်သွင်းလာရန်အကြောင်းရှိသည်ဖြစ်၍ တရားရုံးကအမှန်တရားကို ရှာဖွေသုံးသပ်ရာ၌ အနည်းနှင့်အများအခက်အခဲတွေ့ရမည်မှာ ယုံမှားဖွယ်မရှိပေ။ သက်သေခံဥပဒေကို ပြဋ္ဌာန်းရခြင်း၏ ရည်ရွယ်ချက်တစ်ရပ်မှာ အမှန်တရားကို ရှာဖွေရာ၌ လွယ်ကူစေရန် ဖြစ်ပေသည်။

ရှေ့နေတစ်ဦးသည် သက်သေခံဥပဒေနှင့်ကင်းကွာ၍မရချေ။ မေးခွန်းများအမေးခံရသော မိန်းမသားတစ်ဦးအား လူပုံအလယ်တွင် အရှက်တကွဲ အကျိုးနည်းဖြစ်စေသည်ကိုလည်း သိကောင်းသည်။ မမေးသင့် မမေးထိုက်သော၊ သက်သေခံဥပဒေကပိတ်ပင်ထားသော၊ ထို့ပြင် တစ်ပါးသူအား အရှက်ရစေသော မေးခွန်းများကိုမေးမြန်းခြင်းဖြင့် ရှေ့နေသည် မကောင်းကျင့် မကောင်းကြံဖြင့် ပြုမူဆောင်ရွက်ရာရောက်သောကြောင့် ဗဟိုတရားရုံးရှေ့နေများကောင်စီ ဥပဒေပုဒ်မ ၁၀(၁)တွင် ပြဋ္ဌာန်းထားသည့် (mis conduct) ကို ကျူးလွန်ရာရောက်သည်ဟု ယူဆရပေသည်။

(၁၉၈၅၊ မြန်မာနိုင်ငံစီရင်ထုံး၊ စာ-၈၁)

အသိတရားနှင့်ယှဉ်၍

ရှေ့နေကျင့်ဝတ်သိက္ခာဟူသည် အသိတရားနှင့်ယှဉ်၍ထားရှိသင့်သော ကိုယ်ကျင့်တရားပင်ဖြစ်သည်။ တာဝန်သိသိ၊ စေတနာရှိရှိ ဆောင်ရွက်သူတို့အဖို့ အထူးပြဋ္ဌာန်းသတ်မှတ်ရန်မလိုပေ။ တည်ဆဲဥပဒေ၊ နည်းဥပဒေ၊ ညွှန်ကြားချက်တို့တွင် တားမြစ်ထားချက်မရှိပါ။ ပညာပေးစာစောင်တို့တွင် ဖော်ပြထားချက်များသည် ဥပဒေအာနိသင်မရှိပါ။ နောက်ကြောင်းပြန်အကျိုးသက်ရောက်မှုမရှိပါ။ အခြားနိုင်ငံစီရင်ထုံးတွေကမည်သို့ရည်ညွှန်းပြနေပါသည်ဟူ၍ အငြင်းပွားကော်ကပ်နေရန် မလိုတော့ပေ။ ရှေ့နေရှေ့ရပ်များသည် တရားရုံးအရာရှိများဖြစ်၍ အမှန်တရားကိုဖြစ်ထွန်းစေရန် တရားရုံးများကို ကူညီဆောင်ရွက်ကြသည့် မွန်မြတ်သော အသက်မွေးဝမ်းကျောင်းပြုသူ အသိပညာရှင်ကြီးများဖြစ်သင့်သည်မှာသေချာသည်။

(၁၉၉၆၊ မြန်မာနိုင်ငံစီရင်ထုံး၊ စာ-၃၁)

တရားစီရင်ရေး၏အဓိကမှတ်ကျောက်

တရားစီရင်ရေး၏ အဓိကမှတ်ကျောက်သည် ဘာလဲ။ ပြည်သူ့အများယုံကြည်ဖို့၊ ပြည်သူ့အများနားလည်ဖို့၊ ပြည်သူ့အများလက်ခံဖို့၊ အမှန်တရားဖြစ်ကြောင်း ပြည်သူတွေမြင်ဖို့ဖြစ်သည်။ ထိုအချက်သည် တရားစီရင်ရေး၏အဓိကမှတ်ကျောက်ဖြစ်သည်။ အဓိကတန်ခိုးအာနိသင်ဖြစ်သည်။

(၁၉၆၉၊ မြန်မာနိုင်ငံစီရင်ထုံး၊ စာ-၅၈)

မြို့ရွာနိုင်ငံအေးချမ်းလုံခြုံ၍

တရားဥပဒေ၏ အဓိကရည်ရွယ်ချက်နှင့် လုပ်ရပ်သည် မြို့ရွာနိုင်ငံအေးချမ်းလုံခြုံ၍ စည်းလုံးညီညွတ်စေရန်ဖြစ်သည်။ ထိုသို့ ဖြစ်ထွန်းနိုင်စေရန် တရားဥပဒေများသည် တရားမျှတရသည်။ အများကနားလည်သိကျွမ်း၍ နှလုံးကိန်းဝပ်လက်ခံရသည်။ ဥပဒေနှင့်လုပ်ထုံးဟူသည်မှာလည်း ကာလဒေသလိုက်၍ ကိုက်ညီလျော်ကန် စေရသည်။

(၁၉၆၇၊ မြန်မာနိုင်ငံစီရင်ထုံး၊ စာ-၄၈၉)

ရေးစရာတွေများပေသည်

ရှေ့နေကောင်းတစ်ယောက်ဖြစ်ဖို့ လုပ်စရာတွေများပေသည်။

ကျင့်ကြံစရာတွေများပေသည်။ ဖတ်စရာတွေများပေသည်။ မှတ်စရာတွေများပေသည်။ တတ်စရာတွေများပေသည်။ ထိုထိုသောအလုပ်၊ ထိုထိုသောအတွေးအကြံ၊ ထိုထိုသောတရား၊ ထိုထိုသောစေတနာ၊ ထိုထိုသောအာနိသင်များသည် ပြည်သူများအတွက် ဖြစ်ပါစေကြောင်း ထပ်လောင်းတင်ပြအပ်ပါသည်။

(ဆက်လက်ဖော်ပြပါမည်)

မကွေးတိုင်း ဒေသကြီး တောင်တွင်းကြီးမြို့နယ် မကွေး-တောင်တွင်းကြီး ကားလမ်းမသေး မိုင်တိုင်အမှတ် (၂၈၃/၂) အနီးရှိ သစ်ရွက်ခြောက်များ တောမီးလောင်ရာမှတစ်ဆင့် လုံးပတ် ပေ ၂၀၊ အမြင့် ပေ ၄၀ ခန့်ရှိ သက်တမ်းရင့် ကုက္ကိုပင်ကြီး အောက်ခြေအား မတ် ၂၉ ရက်က မီးကူးစက် လောင်ကျွမ်းခဲ့ရာ မြို့နယ် မီးသတ်ဦးစီးဌာနမှူး ဦးဌေးလွင်နှင့် မီးသတ်တပ်ဖွဲ့ဝင်များ သွားရောက်ငြိမ်းသတ်ခဲ့စဉ်။ (ဝစီ)

ဆရာဝန်တင်ရှေ့စာပေဆုရှင်များအား ဂုဏ်ပြု

ဗန်းမော် မတ် ၂၉

ကချင်ပြည်နယ် ဗန်းမော်မြို့တွင် စာပေချစ်မြတ်နိုးကြသည့် စာပေဝါသနာရှင်၊ ရဟန်းရှင်လူပေါင်းစု၍ ၂၀၁၄ ခုနှစ် အမျိုးသားစာပေဆုဝတ္ထုရှည်တွင်(မြောက်ဖျားက အလွမ်းရာသီ)စာအုပ်ဖြင့် မင်းလှ/မန်နောင်သူ၊ မဖြူနုစာရေးဆရာမ (စံပယ်ဖြူနု)နှင့် ဆရာဝန်တင်ရှေ့စာပေဆုဝတ္ထုတိုပေါင်းချုပ်တွင် (တောဆရာဝန်)စာအုပ်ဖြင့် ဗန်းမော်မြို့ သာစည်ရပ်ကွက်နေ ဒေါက်တာထက်အောင်(ထက်အောင်-ဗန်းမော်) မိုးမောက်မြို့နယ်ဆရာဝန်ကြီးတို့အား ဂုဏ်ပြုဆုချီးမြှင့်ပေးအပ်ပွဲ အခမ်းအနားကို မတ် ၂၇ ရက် နံနက် ၉ နာရီက မင်းလှဘုန်းတော်ကြီးကျောင်းတိုက်၌ ကျင်းပသည်။

ရှေးဦးစွာ မင်းလှကျောင်းတိုက်ပဓာနနာယကဆရာတော်ဦးပဏ္ဍာဝ၊ ကော်မတီဥက္ကဋ္ဌတို့က အမှာစကားပြောကြားခဲ့သည်။ ဆက်လက်၍ မြို့နယ်စာရေးဆရာအသင်း ဦးစံဝက အမျိုးသားစာပေဆုရ စံပယ်ဖြူနုနှင့်ဆရာဝန်တင်ရှေ့စာပေဆုရ ဒေါက်တာထက်အောင်တို့အား ဂုဏ်ပြုချီးမြှင့်ငွေကျပ်ဆယ့်တစ်သိန်းခွဲ ချီးမြှင့်ပေးခဲ့ရာ ဆုရရှိသူများက ဝမ်းမြောက်စကားပြောကြားခဲ့ကြောင်း သိရ သည်။

ဝါဝါ(ဗန်းမော်)

ရန်ကုန်တိုင်းဒေသကြီးလွှတ်တော် ပထမပုံမှန်အစည်းအဝေးကျင်းပ

ရန်ကုန် မတ် ၂၉

ဒုတိယအကြိမ် ရန်ကုန်တိုင်းဒေသကြီး လွှတ်တော် ပထမပုံမှန်အစည်းအဝေး အဋ္ဌမနေ့ကိုယနေ့နံနက် ၁၀နာရီတွင်တိုင်းဒေသကြီးလွှတ်တော်ရုံးခန်းမ၌ ကျင်းပရာ**(ယာပုံ)** တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးတင်မောင်ထွန်းနှင့် လွှတ်တော်ကိုယ်စားလှယ် ၁၂၁ ဦး တက်ရောက်ကြသည်။

အစည်းအဝေးတွင် တိုင်းဒေသကြီးလွှတ်တော် ဥက္ကဋ္ဌက လွှတ်တော်၏သဘောတူညီမှုဖြင့် တိုင်းဒေသကြီးလွှတ်တော် ပြည်သူ့ဌေးရင်းကော်မတီတွင် ဥက္ကဋ္ဌ ဦးတင့်လွင်(ပုဇွန်တောင်မဲဆန္ဒနယ်အမှတ်-၂)၊ ဒုတိယဥက္ကဋ္ဌ ဦးတင်ဝင်း(ကိုကိုးကျွန်းမဲဆန္ဒနယ်အမှတ်-၁) နှင့် အတွင်းရေးမှူး ဒေါ်သက်ထားနွယ်ဝင်း (သာကေတ မဲဆန္ဒနယ် အမှတ်-၂)တို့ပါဝင်သော ကော်မတီဝင် ၁၁ ဦးဖြင့် ဖွဲ့စည်းကြောင်း အတည်ပြုကြေညာသည်။

ဆက်လက်၍ တိုင်းဒေသကြီးလွှတ်တော် ဒုတိယဥက္ကဋ္ဌက တိုင်းဒေသကြီးလွှတ်တော် ပြည်သူ့ဌေးရင်းကော်မတီ၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်နှင့် သက်တမ်းလျာထားချက်ကို ဖတ်ကြားရှင်းလင်းတင်ပြသည်။

ထို့နောက် တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌက တိုင်းဒေသကြီးလွှတ်တော်၏ သဘောတူညီမှုဖြင့် တိုင်းဒေသကြီးလွှတ်တော် တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ကတိကဝတ်၊ အာမခံချက်များနှင့် လွှတ်တော်အခွင့်အရေးကော်မတီတွင် ဥက္ကဋ္ဌ ဦးခင်မောင်ဝင်း(ပုဇွန်တောင်မဲဆန္ဒနယ် အမှတ်-၁) နှင့် အတွင်းရေးမှူး ဒေါ်မိုးမိုးစုကြည် (မရမ်းကုန်းမဲဆန္ဒနယ် အမှတ်-၂)တို့ပါဝင်သော ကော်မတီဝင် ၁၁ ဦးဖြင့် ဖွဲ့စည်းကြောင်း အတည်ပြုကြေညာသည်။

ဆက်လက်၍ တိုင်းဒေသကြီးလွှတ်တော် ဒုတိယဥက္ကဋ္ဌက တိုင်းဒေသကြီးလွှတ်တော် တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ကတိကဝတ်၊ အာမခံချက်များနှင့် လွှတ်တော်အခွင့်အရေးကော်မတီ၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်နှင့် သက်တမ်းလျာထားချက်ကို ဖတ်ကြားရှင်းလင်းတင်ပြခဲ့သည်။ **(သတင်းစဉ်)**

ကရင်ပြည်နယ်လွှတ်တော်အစည်းအဝေး ကော်မတီသုံးရပ်ဖွဲ့စည်းခြင်း အတည်ပြု

ဘားအံ မတ် ၂၉

ဒုတိယအကြိမ် ကရင်ပြည်နယ်လွှတ်တော် ပထမပုံမှန်အစည်းအဝေး စတုတ္ထနေ့ကို မတ်၂၉ ရက်နေ့ နံနက် ၁၀ နာရီတွင် ကရင်ပြည်နယ်လွှတ်တော်ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။ **(အမေါ်ပုံ)**

အစည်းအဝေးတွင် ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက ပြည်နယ်စည်ပင်သာယာရေး၊ ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် စီးပွားရေးကော်မတီ၊ ပြည်နယ်ဘဏ္ဍာငွေအရအသုံးဆိုင်ရာ စိစစ်အကြံပြုရေး ကော်မတီနှင့် ပြည်နယ်လျှပ်စစ်နှင့် စွမ်းအင်ဖွံ့ဖြိုးတိုးတက်ရေးကော်မတီများ ဖွဲ့စည်းနိုင်ရေးအတွက် ကြေညာခဲ့ပြီး ပြည်နယ်လွှတ်တော် ဒုတိယဥက္ကဋ္ဌက ယင်းကော်မတီများ၏ သက်တမ်း၊ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်များနှင့်စပ်လျဉ်း၍ ပြည်နယ်လွှတ်တော်သို့ တင်ပြခဲ့ကာ ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌက ပြည်နယ်လွှတ်တော်၏ သဘောတူညီချက်ရယူခဲ့ရာ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များက ကန့်ကွက်မှုမရှိသဘော တူညီကြသည့်အတွက် ပြည်နယ်လွှတ်တော်က အတည်ပြုကြောင်း ကြေညာခဲ့သည်။

ထို့နောက် ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌက ပြည်နယ်စည်ပင်သာယာရေး၊ ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် စီးပွားရေးကော်မတီ၊ ပြည်နယ်ဘဏ္ဍာငွေ အရအသုံးဆိုင်ရာ စိစစ်အကြံပြုရေး ကော်မတီနှင့် ပြည်နယ်လျှပ်စစ်နှင့် စွမ်းအင်ဖွံ့ဖြိုးတိုးတက်ရေး ကော်မတီများ၏ အဖွဲ့ဝင်ဦးရေ၊ အဖွဲ့ဝင်များ၏ အမည်စာရင်း၊ ကော်မတီဥက္ကဋ္ဌများနှင့် အတွင်းရေးမှူးတို့၏ အမည်စာရင်းများကို ပြည်နယ်လွှတ်တော်သို့ တင်ပြ အတည်ပြုချက်ရယူခဲ့ရာ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များက ကန့်ကွက်မှုမရှိ သဘောတူညီသည့်အတွက် ပြည်နယ်လွှတ်တော်က အတည်ပြု ကြေညာခဲ့ကြောင်း သတင်းရရှိသည်။

စောမျိုးမင်းသိန်း(ပြန်/ဆက်)

ကယားပြည်နယ်လွှတ်တော် ပထမပုံမှန်အစည်းအဝေး(တတိယနေ့)ကျင်းပ

လွိုင်ကော် မတ် ၂၉

ဒုတိယအကြိမ် ကယားပြည်နယ်လွှတ်တော် ပထမပုံမှန်အစည်းအဝေး(တတိယနေ့)ကို မတ် ၂၉ ရက် နံနက် ၁၀ နာရီတွင် ကယားပြည်နယ်လွှတ်တော်ရုံး အစည်းအဝေး ခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် ဒုတိယအကြိမ် ကယားပြည်နယ် လွှတ်တော် ပထမပုံမှန်အစည်းအဝေး(ဒုတိယနေ့)တွင် တင်သွင်းခဲ့သော ပြည်နယ်ဝန်ကြီးချုပ် အမည်စာရင်းနှင့် စပ်လျဉ်း၍ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များက အကြံပြုဆွေးနွေးရန် အမည်စာရင်း တင်သွင်းထားခြင်းမရှိသောကြောင့် ပြည်နယ်လွှတ်တော်၏ အဆုံးအဖြတ်ရယူ၍ အတည်ပြုမှတ်တမ်းတင်ခဲ့သည်။

ဒုတိယအကြိမ် ကယားပြည်နယ် လွှတ်တော် ပထမပုံမှန်အစည်းအဝေး(ဒုတိယနေ့)တွင် တင်သွင်းခဲ့သော ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များ စိစစ်ရေးကော်မတီ အဖွဲ့ဝင်များနှင့်စပ်လျဉ်း၍ အကြံပြုဆွေးနွေးရန် ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များမှ အမည်စာရင်း တင်သွင်းထားခြင်း မရှိသောကြောင့် ပြည်နယ်လွှတ်တော်၏ အဆုံးအဖြတ်ရယူ၍ အတည်ပြုမှတ်တမ်းတင်ခဲ့ကြောင်း သတင်းရရှိသည်။

(ခရိုင် ပြန်/ဆက်)

ဒုတိယအကြိမ် ကယားပြည်နယ်လွှတ်တော် အစည်းအဝေးသို့ တက်ရောက်လာသူများ တက်ရောက်မှုမှတ်တမ်း လက်မှတ်ရေးထိုးစဉ်။

ရှမ်းပြည်နယ်လွှတ်တော် ကော်မတီနှစ်ရပ် ဖွဲ့စည်းခြင်းနှင့် ကော်မတီလျာထားချက်များ အတည်ပြု

တောင်ကြီး မတ် ၂၉

ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ပထမပုံမှန်အစည်းအဝေး(သတ္တမနေ့)ကို မတ် ၂၉ ရက် နံနက် ၁၀ နာရီတွင် ရှမ်းပြည်နယ် လွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပသည်။ **(ဝဲပုံ)**

အစည်းအဝေးတွင် ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက တရားဥပဒေစိုးမိုးရေးနှင့် ငြိမ်းချမ်းရေးကော်မတီ၊ တောင်သူလယ်သမား၊ အလုပ်သမားနှင့် လူငယ်ရေးရာကော်မတီတို့၏ လျာထားချက်များနှင့်စပ်လျဉ်း၍ ဆွေးနွေးရန် တင်ပြထားသော လွှတ်တော်ကိုယ်စားလှယ်များ မရှိသောကြောင့် လွှတ်တော်၏ အဆုံးအဖြတ်ကိုရယူရာ လွှတ်တော်က သဘောတူသဖြင့် အဆိုပါကော်မတီနှစ်ရပ် ဖွဲ့စည်းခြင်း၊ ကော်မတီ၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်၊ သက်တမ်းလျာထားချက်များနှင့် စပ်လျဉ်း၍ အတည်ပြုကြေညာကြောင်း သတင်းရရှိသည်။

(ပြည်နယ် ပြန်/ဆက်)

နိုင်ငံတော်သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခြင်းခံထားရသူ ဦးထင်ကျော်က တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များအဖြစ် ခန့်အပ်တာဝန်ပေးရန် အဆိုပြုခဲ့ပြီး တိုင်းဒေသကြီး/ပြည်နယ်လွှတ်တော်များတွင် အဆိုပြုထားဆဲနှင့် အတည်ပြုခဲ့သော ဝန်ကြီးချုပ်များ၏အမည်စာရင်း

စဉ်	တိုင်းဒေသကြီးနှင့်ပြည်နယ်	အမည်	မဲဆန္ဒနယ်	တာဝန်	မှတ်ချက်
၁။	ကချင်ပြည်နယ်	ဒေါက်တာခက်အောင်	မြစ်ကြီးနား(၁)	ဝန်ကြီးချုပ်	အဆိုပြုထားဆဲ
၂။	ကယားပြည်နယ်	ဦးအယ်လ်ဖောင်းရှိ	မယ်စဲ့(၂)	ဝန်ကြီးချုပ်	အတည်ပြုပြီး
၃။	ကရင်ပြည်နယ်	နန်းခင်ထွေးမြင့်	ဘားအံ(၁)	ဝန်ကြီးချုပ်	အတည်ပြုပြီး
၄။	ချင်းပြည်နယ်	ဆလိုင်းလျန်လွယ်	ဖလမ်း(၂)	ဝန်ကြီးချုပ်	အတည်ပြုပြီး
၅။	စစ်ကိုင်းတိုင်းဒေသကြီး	ဒေါက်တာမြင့်နိုင်	ရွှေဘို(၂)	ဝန်ကြီးချုပ်	အတည်ပြုပြီး
၆။	တနင်္သာရီတိုင်းဒေသကြီး	ဒေါက်တာလဲ့လဲ့မော်	သရက်ချောင်း(၁)	ဝန်ကြီးချုပ်	အတည်ပြုပြီး
၇။	ပဲခူးတိုင်းဒေသကြီး	ဦးဝင်းသိန်း	ရေတာရှည်(၂)	ဝန်ကြီးချုပ်	အတည်ပြုပြီး
၈။	မကွေးတိုင်းဒေသကြီး	ဒေါက်တာအောင်မိုးညို	ပွင့်ဖြူ(၁)	ဝန်ကြီးချုပ်	အတည်ပြုပြီး
၉။	မန္တလေးတိုင်းဒေသကြီး	ဒေါက်တာဇော်မြင့်မောင်	အမရပူရ(၁)	ဝန်ကြီးချုပ်	အတည်ပြုပြီး
၁၀။	မွန်ပြည်နယ်	ဦးမင်းမင်းဦး	ဘီးလင်း(၂)	ဝန်ကြီးချုပ်	အတည်ပြုပြီး
၁၁။	ရခိုင်ပြည်နယ်	ဦးညီပု	ဝ(၂)	ဝန်ကြီးချုပ်	အဆိုပြုထားဆဲ
၁၂။	ရန်ကုန်တိုင်းဒေသကြီး	ဦးဖြိုးမင်းသိန်း	လှည်းကူး(၂)	ဝန်ကြီးချုပ်	အတည်ပြုပြီး
၁၃။	ရှမ်းပြည်နယ်	ဒေါက်တာလင်းထွဋ်	လားရှိုး(၁)	ဝန်ကြီးချုပ်	အတည်ပြုပြီး
၁၄။	ဧရာဝတီတိုင်းဒေသကြီး	မန်းကျော်နီ	ကျုံပျော်(၂)	ဝန်ကြီးချုပ်	အတည်ပြုပြီး

(သတင်းစဉ်)

မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ်အဖြစ် ဒေါက်တာဇော်မြင့်မောင်အား ခန့်အပ်ရန် အတည်ပြု

မန္တလေး၊ မတ် ၂၉

ဒုတိယအကြိမ် မန္တလေးတိုင်းဒေသကြီးလွှတ်တော် ပထမပုံမှန် အစည်းအဝေး သတ္တမနေ့ကို ယနေ့နံနက် ၁၀ နာရီတွင် တိုင်းဒေသကြီးလွှတ်တော်၌ ဆက်လက်ကျင်းပသည်။

အစည်းအဝေးတွင် မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ်အဖြစ် ခန့်အပ်ပေးနိုင်ရေး နိုင်ငံတော်သမ္မတအဖြစ် ရွေးကောက်တင်မြှောက်ခြင်းခံထားရသူက ဝန်ကြီးချုပ်အဖြစ် အဆိုပြုထားသော အမရပူရမြို့နယ် မဲဆန္ဒနယ် အမှတ် (၁)မှ လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာဇော်မြင့်မောင်၏ အမည်စာရင်းတင်ပြချက်နှင့်စပ်လျဉ်း၍ လွှတ်တော်၏ သဘောထားရယူရာ လွှတ်တော်က သဘောတူကြောင်း ကြေညာသည်။

တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌက "စက်မှုစွမ်းအင်နှင့် လျှပ်စစ်ရေးရာ ကော်မတီ"၊ "ပို့ဆောင်ရေး၊ ဆက်သွယ်ရေး၊ ဆောက်လုပ်ရေးကော်မတီ"များတွင် ပါဝင်သင့်သည့် အဖွဲ့ဝင်ဦးရေ၊ အဖွဲ့ဝင်များ၏ အမည်စာရင်း၊ ကော်မတီဥက္ကဋ္ဌနှင့် အတွင်းရေးမှူး အမည်စာရင်း၊ ကော်မတီ၏တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်နှင့် သက်တမ်းကို လွှတ်တော်၏သဘောထားရယူ၍ ကော်မတီဖွဲ့စည်းကြောင်း ကြေညာခဲ့ကြောင်း သတင်းရရှိသည်။ **တင်မောင်(မန်းကိုယ်ပွား)**

ချင်းပြည်နယ်ဝန်ကြီးချုပ်အဖြစ် ဆလိုင်းလျန်လွယ်အား ခန့်အပ်ရန် ပြည်နယ်လွှတ်တော် အတည်ပြုကြေညာ

ဟားခါး၊ မတ် ၂၉

ဒုတိယအကြိမ် ချင်းပြည်နယ်လွှတ်တော် ပထမပုံမှန်အစည်းအဝေး ပဉ္စမနေ့ကို ယနေ့နံနက် ၁၀ နာရီက ဟားခါးမြို့ ပြည်နယ်လွှတ်တော် အစည်းအဝေးခန်းမ၌ ဆက်လက်ကျင်းပသည်။

ယနေ့ အစည်းအဝေးတွင် ပြည်နယ်ဝန်ကြီးချုပ်အဖြစ် ခန့်အပ်တာဝန်ပေးနိုင်ရန် နိုင်ငံတော်သမ္မတက ပေးပို့ထားသည့် ဖလမ်းမြို့နယ် မဲဆန္ဒနယ် အမှတ်(၂)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဆလိုင်းလျန်လွယ်၏ အမည်စာရင်းအား ပြည်နယ်လွှတ်တော်က အတည်ပြုကြေညာခဲ့ကြောင်း သတင်းရရှိသည်။ **(ပြည်နယ် ပြန်/ဆက်)**

စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ်အဖြစ်ခန့်အပ်ရန် ဒေါက်တာမြင့်နိုင်အား လွှတ်တော်အတည်ပြု

စစ်ကိုင်း၊ မတ် ၂၉

ဒုတိယအကြိမ် စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော် ပထမပုံမှန်အစည်းအဝေး သတ္တမနေ့အခမ်းအနားကို မတ် ၂၉ ရက် နံနက် ၁၀ နာရီက တိုင်းဒေသကြီး လွှတ်တော်ခန်းမ၌ ကျင်းပသည်။ **(ယာပုံ)**

အစည်းအဝေးတွင် နိုင်ငံတော်သမ္မတအဖြစ် ရွေးကောက်တင်မြှောက်ခံထားရသူက အဆိုပြုထားသည့် ရွှေဘိုမြို့နယ် မဲဆန္ဒနယ် အမှတ်(၂)မှ စစ်ကိုင်းတိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာ မြင့်နိုင်အား စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ်အဖြစ် ခန့်အပ်နိုင်ရန် တိုင်းဒေသကြီး လွှတ်တော်က အတည်ပြုကြောင်း လွှတ်တော်ဥက္ကဋ္ဌ ဦးသန်းက ကြေညာသည်။

တိုင်းဒေသကြီး လွှတ်တော် ပထမပုံမှန်အစည်းအဝေး အဋ္ဌမနေ့ကို ဧပြီ ၁ ရက် နံနက်ပိုင်းတွင် ဆက်လက်ကျင်းပမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(တိုင်းဒေသကြီး ပြန်/ဆက်)

မကွေးတိုင်းဒေသကြီးဝန်ကြီးချုပ်အဖြစ် ဒေါက်တာအောင်မိုးညိုအား ခန့်အပ်ရန် လွှတ်တော်အတည်ပြု

ဒုတိယအကြိမ် မကွေးတိုင်းဒေသကြီးလွှတ်တော် ပထမပုံမှန်အစည်းအဝေး သတ္တမနေ့ ကျင်းပစဉ်။

မကွေး၊ မတ် ၂၉

ဒုတိယအကြိမ် မကွေးတိုင်းဒေသကြီး လွှတ်တော် ပထမပုံမှန်အစည်းအဝေး သတ္တမနေ့ကို ယနေ့ နံနက် ၁၀ နာရီက တိုင်းဒေသကြီး လွှတ်တော်ခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် နိုင်ငံတော်သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခံထားရသူက အဆိုပြုသော မကွေးတိုင်းဒေသကြီး ဝန်ကြီးချုပ်အဖြစ် ခန့်အပ်တာဝန်ပေးသင့်သည့် ပွင့်ဖြူမဲဆန္ဒနယ် အမှတ်(၁)မှ ဒေါက်တာအောင်မိုးညိုအား ကန့်ကွက်ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ မရှိသည့်အတွက် လွှတ်တော်၏ သဘောတူညီချက်ကို ရယူကာ လွှတ်တော်က သဘောတူအတည်ပြုကြောင်း ကြေညာပြီး ၎င်း၏ အမည်စာရင်းနှင့်စပ်လျဉ်း၍ ၂၀၁၃ ခုနှစ် တိုင်းဒေသကြီး လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၅၃ အရ တိုင်းဒေသကြီး လွှတ်တော်က သဘောတူကြောင်း ဆုံးဖြတ်ချက်ကို နိုင်ငံတော်သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခံထားရသူထံ ပေးပို့သွားမည်ဖြစ်ကြောင်း လွှတ်တော်ဥက္ကဋ္ဌက ကြေညာသည်။

ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်အဖြစ် ရွေးချယ်တင်မြှောက်ခံထားရသူ ပွင့်ဖြူမဲဆန္ဒနယ် အမှတ်(၁)မှ ဒေါက်တာအောင်မိုးညိုက နှုတ်ခွန်းဆက်စကားပြောကြားပြီး ဒုတိယအကြိမ် မကွေးတိုင်းဒေသကြီး လွှတ်တော် ပထမပုံမှန်အစည်းအဝေး အဋ္ဌမနေ့ အစည်းအဝေးကို မတ် ၃၁ ရက် နံနက် ၁၀ နာရီတွင် ဆက်လက်ကျင်းပမည်ဖြစ်ကြောင်း သတင်းရရှိသည်။

သန်းနိုင်ဦး(ငဖ)

ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ်အဖြစ် မန်းကျော်နီကို လွှတ်တော်အတည်ပြု

ပုသိမ်၊ မတ် ၂၉

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့၌ ဒုတိယအကြိမ် ဧရာဝတီတိုင်းဒေသကြီးလွှတ်တော် ပထမပုံမှန်အစည်းဝေး ပဉ္စမနေ့ အဖြစ် မတ် ၂၈ ရက် နံနက်၁၀ နာရီက တိုင်းဒေသကြီး လွှတ်တော်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် တိုင်းဒေသကြီးဝန်ကြီးချုပ်အဖြစ် ခန့်အပ်တာဝန်ပေးနိုင်ရန် နိုင်ငံတော်သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခြင်းခံထားရသူက အဆိုပြုပေးပို့ထားသည့် တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်၏ အမည်စာရင်းကို လွှတ်တော်ဥက္ကဋ္ဌကကြေညာရာ လွှတ်တော်ကိုယ်စားလှယ်များက သဘောတူဆုံးဖြတ်ကြသဖြင့် ကျုံပျော်မြို့နယ် မဲဆန္ဒနယ် အမှတ်(၂)မှ မန်းကျော်နီအား ဝန်ကြီးချုပ်အဖြစ် ခန့်အပ်ကြေညာကြောင်း သတင်းရရှိသည်။

မောင်မောင်မြင့်(ပြန်/ဆက်)

မဲခေါင်ဒေသ အနာဂတ်အလားအလာ . . .

သတင်းဆောင်းပါး – ငကျော်သူဝင်း (မြန်မာ့အလင်း)
စာတိုပုံ – သက်ထက်

ပထမအကြိမ် မဲခေါင်-လန်ချန်း ထိပ်သီးအစည်းအဝေး ကျင်းပစဉ်။

မဲခေါင်မြစ်သည် အာရှတိုက်၌ စီးဆင်းသော မြစ်ကြီးတစ်သွယ်ဖြစ်ပြီး မိုင်ပေါင်း ၂၈၀၀ ရှည်၍ အာရှတိုက်ရှိ မြစ်ကြီးများစာရင်း၀င်ဖြစ်သည်။ မိုင်ပေါင်း ၁၂၀၀ မျှ တရုတ်နိုင်ငံအတွင်း စီးဆင်းပြီးနောက် မြန်မာနိုင်ငံ ရှမ်းပြည်နယ် ကျိုင်းတုံနယ်စပ်တစ်လျှောက် စီးဆင်း၍ လာအိုနိုင်ငံနှင့် နယ်နိမိတ်ပိုင်းခြားထားသည်။

ထို့နောက် လာအိုနိုင်ငံအတွင်းသို့စီး၀င်ပြီး ထိုင်းနိုင်ငံ အရှေ့ဘက်နယ်စပ်တစ်လျှောက်ပတ်၍ စီးဆင်းသည်။ ထို့မှတစ်ဖန် ကမ္ဘောဒီးယားနိုင်ငံကို ဖြတ်သန်းစီးဆင်းပြီးနောက် ဗီယက်နမ်နိုင်ငံအတွင်းသို့စီး၀င်ပြီး ဆိုင်ဂွန်မြို့အနီးမှ တောင်တရုတ်ပင်လယ်အတွင်းသို့ စီး၀င်သည်။ ထို့ကြောင့် မဲခေါင်မြစ်သည် တိဗက်ကုန်းပြင်မြင့်မှ စတင်စီးဆင်းပြီး နိုင်ငံ၀ါးနိုင်ငံအတွင်းသို့ ဖြတ်သန်းသည်။ သို့ဖြစ်၍ အရပ်ဒေသလိုက်၍ မဲခေါင်မြစ်ကို အမည်အမျိုးမျိုးခေါ်တွင်ကြသည်။

ထိုမဲခေါင်မြစ်ကိုအမှီပြုပြီး မဲခေါင်ဝါးနိုင်ငံအပြင် အခြားနိုင်ငံများမှ မဲခေါင်ဒေသအတွင်း နိုင်ငံများနှင့် ပူးပေါင်း၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးအတွက် နည်းလမ်းများ ရှာကြံဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

မဲခေါင်မြစ်ကြီးသည် တရုတ်နိုင်ငံမှ စတင်မြစ်ဖျား ခံရာ မြန်မာ၊ ထိုင်း၊ လာအို၊ ကမ္ဘောဒီးယား၊ ဗီယက်နမ်နိုင်ငံ စသည့် ခြောက်နိုင်ငံတို့သို့ ဖြတ်သန်းစီးဆင်းလျက်ရှိသည်။ ထိုမဲခေါင်မြစ် ဖြတ်သန်းစီးဆင်းရာဒေသများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် မဲခေါင်နှင့် ပတ်သက်သည့် အစည်းအဝေးများကို နှစ်စဉ် ကျင်းပလျက်ရှိကြသည်။

ပြီးခဲ့သည့် ပထမအကြိမ် မဲခေါင်-လန်ချန်း ထိပ်သီးအစည်းအဝေးသို့ စာရေးသူသည် သတင်းထုတ်ပြန်ရေးတာ၀နေ်ဖြင့် မတ် ၂၂ ရက်မှ ၂၅ ရက်အထိ တရုတ်နိုင်ငံသို့ လိုက်ပါခွင့်ရခဲ့သည်။ ယခု ပထမအကြိမ် မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ထိပ်သီးအစည်းအဝေး၏ဆောင်ပုဒ်အဖြစ် "မြစ်ကို မျှ၀ေသုံးစွဲမှုမှတစ်ဆင့် အနာဂတ်ကို မျှ၀ေဖော်ဆောင်ခြင်း" အဖြစ် သတ်မှတ်ထားသည်။

ထို့အပြင် မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်ရေးအစီအစဉ်အနေဖြင့် လက်ရှိကာလ၌ ဦးစားပေးနယ်ပယ်၇ခုအပေါ် အလေးပေးဆောင်ရွက်ထားရှိရန် ရည်ရွယ်ထားသည်။ ၄င်းတို့မှာ ဆက်သွယ်ရေး၊ ထုတ်လုပ်မှုစွမ်းရည်၊ နယ်စပ်ဖြတ်ကျော်စီးပွားရေး ပူးပေါင်းဆောင်ရွက်မှု၊ ရေအရင်းအမြစ်၊ စိုက်ပျိုးရေးနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေး စသည်တို့ဖြစ်သည်။

အစည်းအဝေးစတင်ပေါ်ပေါက်လာပုံ

မဲခေါင်- လန်ချန်း ပူးပေါင်းဆောင်ရွက်ရေးအစီအစဉ်ကို ၁၃-၁၁-၂၀၁၄ ရက်တွင် နေပြည်တော်၌ ကျင်းပခဲ့သည့် အာဆီယံ-တရုတ်ထိပ်သီးအစည်းအဝေးတွင် မဲခေါင်-လန်ချန်းဒေသခွဲအတွင်း ရေရှည်တည်တံ့သည့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပူးပေါင်းဆောင်ရွက်မှုပြုလုပ်ရန် ထိုင်းနိုင်ငံ၏ အဆိုပြုချက်အရ တရုတ်၀မ်ကြီးချုပ် လီချန်က မဲခေါင်- လန်ချန်း ပူးပေါင်းဆောင်ရွက်ရေး မူဘောင်ကို တည်ထောင်ရန် အဆိုပြုခဲ့ခြင်းကြောင့် ပေါ်ပေါက်လာခြင်းဖြစ်သည်။

ပထမအကြိမ် ထိပ်သီးအစည်းအဝေး

ပထမအကြိမ် မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာထိပ်သီးအစည်းအဝေးကို တရုတ်နိုင်ငံ ဟိုင်နန်ပြည်နယ် စန်းယမြို့၌ ၂၀၁၆ ခုနှစ် မတ် ၂၂ ရက်နှင့် ၂၃ ရက်တို့တွင်ပြုလုပ်ခဲ့ပြီး စန်းယကြေညာစာတမ်း၊ ထုတ်လုပ်မှုစွမ်းရည်မြှင့်တင်ခြင်းဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးကြေညာချက်၊ မဲခေါင်-လန်ချန်း နိုင်ငံများအကြား ပူးပေါင်းအကောင်အထည်ဖော်လိုသော စီမံကိန်းလုပ်ငန်းများ

ပထမအကြိမ် မဲခေါင်-လန်ချန်း ထိပ်သီးအစည်းအဝေး ဖွင့်ပွဲတွင် နိုင်ငံခေါင်းဆောင်များက ဖွင့်လှစ်ပေးကြစဉ်။

တင်သွင်းထားသည့် အဆိုပြုစီမံကိန်းများအားလုံး ဖော်ပြသည့်စာရင်းနှင့် နှစ်နှစ်အတွင်း ဆောလျင်စွာ အကောင်အထည်ဖော်မည့် ပူးတွဲစီမံကိန်းလုပ်ငန်းများစာရင်းဟူ၍ စာရင်းနှစ်မျိုးကို တရုတ်ဘက်မှ ပြုစုတင်ပြထားသည်ကို တွေ့ရသည်။ အခြားအဖွဲ့ဝင်နိုင်ငံများ၏ အဆိုပြုစီမံကိန်းစုစုပေါင်း ၈၂ ခုရှိပြီး ၎င်းတို့အထဲမှ ၄၃ ခုကို ပူးတွဲစီမံကိန်းလုပ်ငန်းများစာရင်း၌ ထည့်သွင်းရွေးချယ်ထားကြောင်း သိရသည်။

မြန်မာနိုင်ငံ၏ အဆိုပြုစီမံကိန်းများ

မြန်မာနိုင်ငံအနေဖြင့် အဆိုပြုစီမံကိန်း စုစုပေါင်း ၁၅ ခုတင်သွင်းထားပြီး စီမံကိန်းလုပ်ငန်းတစ်ခု သို့မဟုတ် နှစ်ခုကို ပူးတွဲစီမံကိန်းလုပ်ငန်းများစာရင်း၌ ထည့်သွင်းနိုင်ရေးညှိနှိုင်းထားကြောင်း သိရသည်။ အဆိုပါ စီမံကိန်းများမှာ-

နယ်စပ်ဒေသများတွင် အသေးစားဓာတ်ခွဲခန်းများ တည်ထောင်ခြင်း၊ မဲခေါင်မြစ်၊ ၀မ်ပုံဆိပ်ကမ်း အဆင့်မြှင့်တင်ရေးအတွက် လေ့လာရေးစီမံကိန်း၊ မြန်မာနိုင်ငံ နယ်စပ်ဒေသများတွင် ရုပ်သံဖြင့်စောင့်ကြည့်သည့် ကွန်ရက်မြှင့်တင်ရေးစီမံကိန်း၊ မဲခေါင်-လန်ချန်း နိုင်ငံများရှိ ရေးဟောင်းအဆာက်အအုံများ ထိန်းသိမ်းစောင့်ရှောက်ရေးစီမံကိန်း၊ မဲခေါင်-လန်ချန်းနိုင်ငံများရှိ ရေးဟောင်းအမွေအနှစ်အဆောက်အအုံများ စီမံခန့်ခွဲမှုဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ၊ လူငယ်ယဉ်ကျေးမှု ဖလှယ်ရေးအစီအစဉ်(မဲခေါင်-လန်ချန်းဒေသရှိ ယဉ်ကျေးမှုအမွေအနှစ်နေရာများသို့ လေ့လာရေးခရီးစဉ်အစီအစဉ်)၊ ယဉ်ကျေးမှုဖလှယ်ရေးအစီအစဉ်အဖြစ် မဲခေါင်-လန်ချန်းဒေသ အနုပညာရှင်လူငယ်များ တွေ့ဆုံခြင်း၊ မဲခေါင်နိုင်ငံများ ကျေးလက်အကနှင့် ဂီတပွဲတော်ကျင်းပဆောင်ရွက်ခြင်း၊ မဲခေါင်နိုင်ငံများ ပန်းချီအနုပညာရှင်များ၏ပန်းချီပြပွဲနှင့် အလုပ်ရုံဆွေးနွေးပွဲ ကျင်းပဆောင်ရွက်ခြင်း၊ နယ်စပ်ဖြတ်ကျော်ကုန်စည်များ ပို့ဆောင်ရေးနှင့် ပြည်သူများ သွားလာရေးဆိုင်ရာ ပညာရေးနှင့် လေ့ကျင့်ရေးအစီအစဉ်၊ ကုန်းလမ်းပို့ဆောင်ရေးဆိုင်ရာ စွမ်းဆောင်ရည်တိုးမြှင့်ရေးနှစ်စဉ်ကာလတိုသင်တန်းနှင့် အင်္ဂလိပ်စာလေ့ကျင့်ရေးအစီအစဉ်၊ အိမ်တွင်းမှုသိပ္ပံ ဆရာ ဆရာမများ၏ အလည်အပတ်ခရီးစဉ်အစီအစဉ်၊ ယဉ်ကျေးမှုအမွေအနှစ်နှင့် လူငယ်ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ မဲခေါင်လူငယ်များဖလှယ်ရေးအစီအစဉ်၊ တောင်ဥကွန်ပျူတာတက္ကသိုလ် ကျောင်းသားဖလှယ်ရေးအစီအစဉ်နှင့် သံတမန်များအတွက် မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှုလုပ်ငန်းများအပေါ် သိမြင်နားလည်မှုအစီအစဉ်တို့ ဖြစ်သည်။

မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်ရေးအစီအစဉ်၏ အနာဂတ်အလားအလာ

မဲခေါင်ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် မဲခေါင်-ဂျပန်၊ မဲခေါင်-ကိုရီးယား၊ မဲခေါင်မြစ်အောက်ပိုင်း ဖွံ့ဖြိုးတိုးတက်ရေး စသည့် ဒေသတွင်း ပူးပေါင်းဆောင်ရွက်မှုများကို ဂျပန်၊ တောင်ကိုရီးယား၊ အမေရိကန် ပြည်ထောင်စုတို့မှ ကမကထပြု ဆောင်ရွက်လျက်ရှိသည်။ မဲခေါင်ဒေသတွင်း ဦးဆောင်မှုအခန်းကဏ္ဍကို သိမ်မွေ့စွာမြှင့်နိုင်ရန်အတွက် တရုတ်နိုင်ငံမှ မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်ရေးအစီအစဉ်ကို စတင်လာခြင်းဖြစ်ပေသည်။ အနာဂတ်ကာလတွင်အရေးပါလာမည့် တရုတ်နိုင်ငံ၏ကြိုးပမ်းမှုတစ်ခုလည်းဖြစ်ကြောင်း သိရသည်။

မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်ရေးအစီအစဉ်သည် အစိုးရဦးဆောင်ပြီး ကဏ္ဍစုံမှ သက်ဆိုင်ရာ ၀နေ်ကြီးဌာနများပါ၀င်ကာ ပြည်သူများ ဆောလျင်စွာ အကျိုးကျေးဇူးရရှိနိုင်မည့်စီမံကိန်းများကို အကောင်အထည်ဖော်ဆောင်ရွက်ခြင်းဖြင့် ပူးပေါင်းဆောင်ရွက်မှုများ ပြုလုပ်ရန် ရည်ရွယ်သည့် အစီအစဉ်တစ်ခုဖြစ်ကြောင်း သိရသည်။

မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်ရေးအစီအစဉ်သည် အစိုးရဦးဆောင်ပြီး ကဏ္ဍစုံမှ သက်ဆိုင်ရာ ၀နေ်ကြီးဌာနများပါ၀င်ကာ ပြည်သူများ ဆောလျင်စွာ အကျိုးကျေးဇူးရရှိနိုင်မည့်စီမံကိန်းများကို အကောင်အထည်ဖော်ဆောင်ရွက်ခြင်းဖြင့် ပူးပေါင်းဆောင်ရွက်မှုများ ပြုလုပ်ရန်ရည်ရွယ်သည့် အစီအစဉ်တစ်ခုဖြစ်

တရုတ်နိုင်ငံအနေဖြင့် မဲခေါင်ဒေသတွင်း နိုင်ငံရေး သြဇာသက်ရောက်မှု နောက်ကျမကျန်ခဲ့စေရန် ကြိုးပမ်းရာတွင် ပြည်သူလူထုအတွက် ထင်သာမြင်သာရှိပြီး လက်ငင်းအကျိုးကျေးဇူး မြန်ဆန်စွာရရှိစေနိုင်သော ကာလတိုစီမံကိန်းများကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် ပံ့ပိုးပေးမည်ဖြစ်သည်။

အနာဂတ်တွင် အခြေခံအဆောက်အအုံဆိုင်ရာ ကာလရှည်စီမံကိန်းများတွင်လည်း ပူးပေါင်းဆောင်ရွက်မှုများပြုလုပ်မည့် အလားအလာများစွာရှိသည့်အတွက် မဲခေါင်-လန်ချန်းဒေသသည် အနာဂတ်အတွက်များစွာ အရေးပါလာမည့် အစီအစဉ်တစ်ခုဖြစ်ပါကြောင်း။ ။

မီးဘေးသင့်ပြည်သူများအတွက် အလျှူငွေများ ပေးအပ်လျှုဒါန်း

နေပြည်တော် မတ် ၂၉

မီးဘေးသင့်ပြည်သူများအတွက် စေတနာရှင်ပြည်သူများက အလျှူငွေနှင့် အလျှူပစ္စည်းများကို ထောက်ပံ့လျှုဒါန်းလျက်ရှိရာ မတ် ၂၉ ရက်တွင် နေပြည်တော် (ရုံးချုပ်) ၌ သတ္တုတွင်းဦးစီးဌာန ဝန်ထမ်းမိသားစုများက ငွေကျပ် ၄၇၀၅၀၀ ကို လာရောက်လျှုဒါန်းသည်။

အလားတူ ရန်ကုန်တိုင်းဒေသကြီး ဦးစီးမှူးရုံး၌ ကမ်းလက်များ online ပရဟိတအသင်းမှ ငွေကျပ် ၄၀၀၀၀၀ ကို လက်ခံရရှိသည်။

သို့ဖြစ်၍ ဖေဖော်ဝါရီ ၅ ရက်မှ မတ် ၂၉ ရက်အထိ လျှုဒါန်းရရှိငွေ စုစုပေါင်းမှာ ငွေကျပ် ၃၀၅၁၉၁၇၀၀ နှင့်အမေရိကန်ဒေါ်လာ ၄၅၂၅၁ ဒေါ်လာ၊ ယူရို ၅၁၀၊ ယွမ် ၂၄၅၀၊ ဂျပန်ယန်း ၁၄၇၀၀၀ ဖြစ်သည်။ **(သတင်းစဉ်)**

မြစ်မ်းရောင်စီမံကိန်း အရင်းနှင့် အတိုးရငွေများ ထပ်မံထုတ်ချေး

ခရမ်း မတ် ၂၉

ခရမ်းမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနကဆောင်ရွက်နေသည့် မြစ်မ်းရောင်စီမံကိန်း ကျေးရွာများမှ ကမာကလူကျေးရွာ၊ အုန်းပင်ကျေးရွာ၊ ဆင်ကျွန်းကျေးရွာ၊ အေးရွာကျေးရွာ၊ ကံကောင်းကျေးရွာ၊ တကောကန်ကျေးရွာနှင့် ကြူတောကျေးရွာတို့တွင် အရင်းနှင့်အတိုးရငွေများကို မတ်လစတုတ္ထပတ်က ထပ်မံထုတ်ချေးပေးခဲ့ကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

မြန်မာ့ရုပ်မြင်သံကြား News Channel

၃၀-၃-၂၀၁၆ (ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

- ၆း၀၀ - မင်းကွန်းဆရာတော်ကြီး၏ပရိတ်တရားတော်
- ၈း၃၅ - ပြည်သူတို့ရဲ့စကားသံများ
- ၁၀း၀၀ - **နိုင်ငံတော်သမ္မတနှင့်ဒုတိယသမ္မတများအဖြစ်ရွေးချယ်တင်မြှောက်ခံထားရသူများ ကတိသစ္စာပြုခြင်းနှင့် နိုင်ငံတော်သမ္မတ မိန့်ခွန်းပြောကြားခြင်း တိုက်ရိုက်ထုတ်လွှင့်မှုအစီအစဉ်**
- ၁၄း၂၀ - မဟာဂီတဆယ့်နှစ်လရာသီ ဘွဲ့များ **တပေါင်းလ**
- ၁၄း၄၀ - မြန်မာ့ဝေလ့ရှိုးရာလက်ဌေ့ (စောလဒိုးနှင့် ထက်အောင်ဦး)

ညပိုင်း

- ၁၆ း ၃၅ - Football Magazine (ရန်ကုန်ယူနိုက်တက်အသင်း)
- ၁၇ : ၃၅ - **ကျန်နိုင်ငံ၏ ကမ္ဘာ့ယဉ်ကျေးမှုအမွေအနှစ်ဒေသများ** (ပီမာန်များ၊ နီကိုရာဘုရားကျောင်းများနှင့် ရှုကိုဂျိရဲတိုက်)
- ၁၈:၃၅ - ပြည်သူ့နိတီ **After You**
- ၁၉ : ၁၅ - နိုင်ငံခြားဇာတ်လမ်းတွဲ **မြစ်မ်းရောင်သံစဉ်** (အပိုင်း-၃၃)
- ၂၀ : ၀၀ - ပြည်တွင်းသတင်း၊
- ၂၀ : ၃၅ - **ပင်လယ်ပျော်များရဲ့အားမာန်** - နိုင်ငံခြားဇာတ်လမ်းတွဲ **မြင့်မိုရ်မေမေ** (အပိုင်း-၂၃) - ဂီတသမား၊ ဂီတစကား **ဗမာ့အသံမှ မြန်မာ့အသံသို့** (ဂီတစာဆို ဦးမောင်မောင်လတ်) **မှတ်ချက်။ ။ နာရီစဉ်တိုင်းတွင် ပြည်တွင်းသတင်းနှင့် နိုင်ငံတကာသတင်းများ ထုတ်လွှင့်ပေးပါသည်။**

မြန်မာနိုင်ငံအတွင်း ရေကြီးရေလျှံမှုနှင့် မြေပြိုမှုများအတွက် အရေးပေါ်ပြန်လည်ထူထောင်ရေးစီမံကိန်း အကြံဉာဏ်ရယူခြင်းအခမ်းအနားကျင်းပ

ဟားခါး၊ မတ် ၂၉

ဆောက်လုပ်ရေး ဝန်ကြီးဌာန လမ်းဦးစီးဌာနနှင့် ကမ္ဘာ့ဘဏ်တို့ ပူးပေါင်းပြီး မြန်မာနိုင်ငံအတွင်း ရေကြီးရေလျှံမှုနှင့် မြေပြိုမှုများအတွက် အရေးပေါ်ပြန်လည်ထူထောင်ရေးစီမံကိန်း အကြံဉာဏ်ရယူခြင်းအခမ်းအနားကို မတ် ၂၉ ရက် နံနက် ၁၀ နာရီခွဲက ချင်းပြည်နယ် အစိုးရအဖွဲ့ရုံးအစည်းအဝေးခန်းမ၌ ကျင်းပသည်။

ထို့နောက် ဆောက်လုပ်ရေး ဝန်ကြီးဌာန လမ်းဦးစီးဌာနမှ အင်ဂျင်နီယာချုပ် ဦးလှထွန်းဦးနှင့် ပြည်နယ် လမ်းဦးစီးဌာန ညွှန်ကြားရေးမှူး ဦးခင်ဇော်တို့က မြန်မာနိုင်ငံ အတွင်း ရေကြီးရေလျှံမှုနှင့် မြေပြိုမှုများအတွက် အရေးပေါ်ပြန်လည်ထူထောင်ရေး စီမံကိန်းအကြောင်းနှင့် သဘာဝပတ်ဝန်းကျင်နှင့်လူမှုဆိုင်ရာ စီမံခန့်ခွဲမှုဗဟောင် (ESMF) အကြောင်းတို့ကို ရှင်းလင်းတင်ပြကြပြီး တက်ရောက်လာကြသူများက အကြံပြု ဆွေးနွေးခဲ့ကြကြောင်း သိရသည်။ **(ပြည်နယ် ပြန်/ဆက်)**

မြိုင်မြို့ဆက်သွယ်ရေးလုပ်ငန်းမှ သိမ်းယူထားသော မြေကွက်များအား နစ်နာကြေးပေး

မြိုင် မတ် ၂၉

မကွေးတိုင်းဒေသကြီး မြိုင်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာနက သိမ်းယူထားသော မြိုင်မြို့အမှတ်(၂)ရပ်ကွက်ရှိ မြေကွက်ပေါင်း ၄၀ အား မြေယာနစ်နာကြေးပေးချေပွဲကို မတ်၂၈ ရက် နံနက်က ပေးအပ်ကြောင်း သိရသည်။

အဆိုပါအခမ်းအနားသို့ မြိုင်မြို့နယ်အုပ်ချုပ်ရေးမှူး ဦးရဲလင်းအောင်နှင့် ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာန နေပြည်တော်(ရုံးချုပ်)မှ လက်ထောက်အထွေထွေမန်နေဂျာ ဦးဝင်းမြင့်၊ မကွေးတိုင်းဒေသကြီး မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း၊ လက်ထောက်အထွေထွေမန်နေဂျာ ဦးအောင်ဝင်းတို့က မြေယာနစ်နာကြေးပေးအပ်သည့် နည်းစနစ်များ ပြောကြားပြီး ပခုက္ကူခရိုင် ဆက်သွယ်ရေးလုပ်ငန်းတာဝန်ခံ၊ မြိုင်ဆက်သွယ်ရေးတာဝန်ခံနှင့် မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြုကော်မတီ၊ မြို့နယ်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့၊ စည်ပင်သာယာရေးကော်မတီဝင်များနှင့် ရပ်ကွက်အုပ်ချုပ်ရေးမှူးတို့ရှေ့တွင် မြေပိုင်ရှင်များအား မြေကွက်ပေါင်း ၄၀ အတွက် မြေယာနစ်နာကြေးပေးအပ်ခြင်းကို ရှင်းလင်းပြောကြားသည်။

ထို့နောက် မြန်မာ့ဆက်သွယ်ရေးမှသိမ်းယူထားသော မြိုင်မြို့အမှတ်(၂) ရပ်ကွက်ရှိ မြေကွက်ပေါင်း ၄၀ ကို မြေယာနစ်နာကြေးပေးအပ်ခဲ့ရာ လာရောက်ယူသူ မြေပိုင်ရှင် ၁၃ ဦး၊ မြေကွက် ၂၇ ကွက် မြေယာနစ်နာကြေး ငွေကျပ်သိန်း ၄၂၅ သိန်းကိုပေးအပ်ခဲ့ပြီး ခရီးလွန်/ လျော်ကြေးငွေနည်းပါးသည်ဟုဆိုကာ လာရောက်မထုတ်ယူသော မြေပိုင်ရှင် ခုနစ်ဦး၊ မြေကွက် ၁၃ ကွက်မှ မြေယာနစ်နာကြေးငွေကျပ်သိန်း ၂၁၅ သိန်းကို ဆက်လက်ပေးအပ်နိုင်ရေး ညှိနှိုင်းဆောင်ရွက်နေကြောင်း သိရသည်။ **စိန်မြိုင်(မြိုင်)**

ပြည်သူလူထုအခြေပြု ရွှေ့လျားကျန်းမာရေးဆေးခန်းဆောင်ရွက်

နေပြည်တော် မတ် ၂၉

မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းမှ ဥက္ကဋ္ဌနှင့် ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်များ၊ နေပြည်တော် ခုတင် ၁၀၀၀ ပြည်သူ့ဆေးရုံကြီးမှ သွားဘက်ဆိုင်ရာ အထူးကုဆရာဝန်ကြီးအဖွဲ့၊ ပုဗ္ဗသီရိမြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း အတွင်းရေးမှူးနှင့် အဖွဲ့ဝင်များ၊ ပုဗ္ဗသီရိမြို့နယ် ကျန်းမာရေးဦးစီးဌာနမှူးနှင့် လက်ထောက်ဆရာဝန်များ၊ ဆရာ ဆရာမများ၊ မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း မေတ္တာစမ်းရေဆေးခန်းမှ တာဝန်ခံဆရာဝန်ကြီးနှင့် ဆရာဝန်တို့သည် မတ် ၂၉ ရက်တွင် နေပြည်တော် ပုဗ္ဗသီရိမြို့နယ် သပြေတန်းကျေးရွာသို့ သွားရောက်၍ ရွှေ့လျားကျန်းမာရေးဆေးခန်းကို ဆောင်ရွက်ကြသည်။ **(အပေါ်ပုံ)**

ကျန်းမာရေး အသိပညာပေးဆွေးနွေးပွဲတွင် မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်သဇင်နွယ်က အမှာစကားပြောကြားပြီး လက်ထောက်ဆရာဝန် ဒေါက်တာအိအိမောင်ကကူးစက်မြန်ပြင်းထန်ဦးနှောက်အမြှေးရောင်ရောဂါ သိကောင်းစရာများ အကြောင်းကို ပြောကြားပြီး အဘိုးအဘွားများကို အားဆေးနှင့် အာဟာရများကို လည်းကောင်း၊ ကိုယ်ဝန်ဆောင်မိခင်များကို တစ်ခါသုံးမွေးအိတ်၊ အိုင်အိုဒင်းဆားနှင့် ဆပ်ပြာများကိုလည်းကောင်း၊ ကျေးရွာစာကြည့်တိုက်အတွက် မေတ္တာစမ်းရေ မဂ္ဂဇင်းများကိုလည်းကောင်း လျှောဒါန်းခဲ့ကြသည်။

ဆက်လက်၍ မေတ္တာစမ်းရေဆေးခန်းတာဝန်ခံ ဆရာဝန်ကြီး ဒေါက်တာစမ်းစမ်းလှိုင်နှင့် အဖွဲ့က ရွှေ့လျားကျန်းမာရေး ဆေးခန်းဖွင့်လှစ်ရခြင်းနှင့် ကိုယ်ဝန်ဆောင်စနစ်တကျ စောင့်ရှောက်မှုခံယူရန် အရေးပါမှု၊ ကျွမ်းကျင်သူများဖြင့် မွေးဖွားရန်အတွက် ကျေးရွာအတွင်းရှိ လူငယ်များကို လက်ထောက်ဆရာဝန်များက ပျိုရွယ်သူကျန်းမာရေးအသိပညာပေး ဆွေးနွေးခြင်းများနှင့် ပြည်ထဲရေးဝန်ကြီးဌာနမှ ဒုတိယရဲမှူး ဒေါ်နွယ်နီဝင်းက လူကုန်ကူးခြင်းဆိုင်ရာများကို လည်းကောင်း ပညာပေးဟောပြောကြသည်။

ကုသရေး ဆောင်ရွက်ရာတွင် ကိုယ်ဝန်ဆောင် ရှစ်ဦး၊ သက်ကြီးဘိုးဘွား ၄၃ ဦး၊ သွားနှင့် ခံတွင်းလူနာ ၃၃ ဦးနှင့် အထွေထွေလူနာ ၁၀၅ ဦး စုစုပေါင်း ၁၈၉ ဦးတို့ကို ကြည့်ရှုစစ်ဆေးကုသပေးခဲ့ပြီး ညွှန်းပို့ရန် လိုအပ်သောလူနာများကို နီးစပ်ရာကျန်းမာရေးဌာနသို့ ညွှန်းပို့ခြင်းနှင့်ချို့တဲ့လူနာများကို ထောက်ပံ့ခြင်းများကိုလည်း ဆောင်ရွက်ပေးခဲ့သည်။

မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းသည် ၂၀၁၀ ပြည့်နှစ်မှစ၍ နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ ကျေးရွာများသို့ကွင်းဆင်းကာ ပြည်သူလူထုအခြေပြု ရွှေ့လျားကျန်းမာရေးဆေးခန်းကို ဖွင့်လှစ်၍ ကျန်းမာရေးပညာပေးဟောပြောခြင်း၊ ကိုယ်ဝန်ဆောင်နှင့် သက်ကြီးရွယ်အိုများအား ကျန်းမာရေးစောင့်ရှောက်မှုနှင့် ထောက်ပံ့ပစ္စည်းများလျှောဒါန်းခြင်း၊ မျက်စိနှင့် သွားကျန်းမာရေး စောင့်ရှောက်မှုပေးခြင်းတို့ကို တစ်လတစ်ကြိမ် ပုံမှန်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

သင်္ကြန်ပွဲတော်ကာလအတွင်း ယာဉ်မောင်းသူများလိုက်နာရန်

၂၀၁၅ ခုနှစ်၊ မဟာသင်္ကြန်ကာလအတွင်း တစ်နိုင်ငံလုံးအနေဖြင့် ယာဉ်မတော်တဆမှု ၃၈၃မှု ဖြစ်ပွားခဲ့ပြီး ဒဏ်ရာရရှိသူ၉၂၈ ဦး၊ သေဆုံးသူ ၁၀၅ ဦးရှိခဲ့ပါသည်။ ဧရာဝတီတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးနှင့် ရန်ကုန်တိုင်းဒေသကြီးတို့တွင် ယာဉ်မတော်တဆမှု အများဆုံး ဖြစ်ပွားခဲ့ကြောင်း တွေ့ရှိခဲ့ရပါသည်။

သို့ဖြစ်ပါ၍ ၂၀၁၆ ခုနှစ်၊ မဟာသင်္ကြန်ကာလအတွင်း မိဘပြည်သူများ ယာဉ်မတော်တဆမှုကြောင့် ထိခိုက်နစ်နာမှုမရှိစေရေး၊ ယာဉ်အန္တရာယ်မဖြစ်ပွားစေရေးတို့အတွက် ယာဉ်မောင်းသူများအနေဖြင့် အောက်ပါစည်းကမ်းချက်များအား တိကျစွာလိုက်နာကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်-

၁။ မူးယစ်သောက်စား၍ ယာဉ်မောင်းနှင်ခြင်း မပြုရ။
၂။ အပျော်လွန်ကျူး စည်းကမ်းမဲ့ ပြိုင်မောင်းခြင်း၊ လုမောင်းခြင်း၊ အရှိန်ပြင်းမောင်းခြင်းမပြုရ။
၃။ ယာဉ်နံပါတ်ပြားမပါဘဲ မောင်းနှင်ခြင်း မပြုရ။
၄။ ယာဉ်၏ဘေးတံခါးများ၊ နောက်ဖုံးများ ဖြုတ်၍ မောင်းနှင်ခြင်းမပြုရ။
၅။ ဖျက်သိမ်းထားသော ယာဉ်အိုယာဉ်ဟောင်းများနှင့် ပြုပြင်ဆဲယာဉ်များအား မောင်းနှင်ခြင်း မပြုရ။
၆။ ယာဉ်ကြောပြောင်းပြန်စီးနင်း မောင်းနှင်ခြင်း မပြုရ။
၇။ ထရော်လာဂျီကွဲသို့ အနေးယာဉ်များကို အသုံးပြု၍ ရေကစားခြင်း မပြုရ။
၈။ မော်တော်ယာဉ်များ၊ မော်တော်ဆိုင်ကယ်များအား အိတ်ဇောပိုက်ဖြုတ်၍ စီးခြင်း၊ အသံကျယ်လောင်စွာစီးခြင်း၊ နံပါတ်မမြင်အောင် တွန့်ခေါက်၍စီးခြင်း၊ ရှေ့/နောက် နံပါတ်ပြားမပါဘဲစီးခြင်း၊ နှစ်ဦးထက်ပို၍စီးခြင်း၊ ဆိုင်ကယ်စီး ဦးထုပ်မပါဘဲ စီးခြင်းများ မပြုရ။
၉။ သံစုံဟွန်းများ တပ်ဆင်ကာအသုံးမပြုရ။
၁၀။ မော်တော်ယာဉ်များတွင် ညစ်ညမ်းသောစာသားများ၊ ဆိုင်းဘုတ်၊ ပန်းချီ၊ ရုပ်ပုံ၊ အခြား မသင့်လျော်သောပစ္စည်းများ ရေးသားချိတ်ဆွဲ၍မောင်းနှင်ခြင်း မပြုရ။

မြန်မာနိုင်ငံရဲတပ်ဖွဲ့

ရွှေမော်ဓောဘုရားပွဲတော်တွင် လုံခြုံရေးကြပ်မတ်မည်

ပဲခူး မတ် ၂၉

ပဲခူးမြို့ ရွှေမော်ဓောဘုရား ဂေါပကရုံး၌ မတ် ၂၉ ရက်က (၂၅၉၈) ကြိမ်မြောက် ရွှေမော်ဓောဘုရားပွဲတော် အောင်မြင်စွာကျင်းပ နိုင်ရေးအတွက် လုံခြုံရေးအစည်းအဝေးကျင်းပခဲ့သည်။

အစည်းအဝေးသို့ ဘုရားပွဲလုံခြုံရေး ကော်မတီဥက္ကဋ္ဌ ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး လှဦးနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက ဘုရားပွဲတော်ကာလအတွင်း လုံခြုံရေးနှင့် မီးဘေးကာကွယ်ရေးလုပ်ငန်းများကို အထူးဂရုစိုက်ဆောင်ရွက်သွားရန်၊ ဘုရားပွဲစျေးဆိုင်ခန်းများကိုလည်း မီးသတ်ယာဉ်များ အလွယ်တကူသွားလာနိုင်ရန်အတွက် လိုအပ်သည့်လမ်း အကျယ်ပမာဏကို ချန်ထားပေးရန်နှင့် မီးသတ်ရေကန်များထားရှိရန်တို့ကို ဆွေးနွေးခဲ့ကြောင်း သိရသည်။

သန့်စင်(ပဲခူး)

ရန်ကုန်မြို့ လမ်းမတော်မြို့နယ်အတွင်း ကားလမ်းမများပေါ်တွင် စည်းကမ်းမဲ့ရောင်းချနေသော လက်တွန်းလှည်းများကို သိမ်းဆည်းဂိုဒေါင်နေရာသို့ ပို့ရန် စည်ပင်ယာဉ်ပေါ်၌ တင်ဆောင်ထားသည်ကို မတ် ၂၉ ရက်က အနော်ရထာလမ်းမပေါ်တွင် မြင်တွေ့ရစဉ်။

ခင်ဆိုင်

သတင်းတိုများ

ပြွန်တန်ဆာမြို့လုံးဆိုင်ရာ နှစ်ကျိပ်ရှစ်ဆူလှည့်လည်ပွဲကျင်းပ

ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့နယ် ပြွန်တန်ဆာမြို့၌(၂၅)ကြိမ်မြောက် မြို့နယ်လုံးဆိုင်ရာ နှစ်ကျိပ်ရှစ်ဆူဘုရားများ လှည့်လည်အပူဇော်ခံပွဲကို မတ် ၂၈ မှ ၃၀ ရက်အထိ စည်ကားစွာ ကျင်းပခဲ့ကြောင်း သိရသည်။

နှစ်ကျိပ်ရှစ်ဆူဘုရားများ လှည့်လည်အပူဇော်ခံပွဲတွင် ပူဇော်ပွဲကျင်းပရေးကော်မတီက ဦးဆောင်ကာ မြို့ပေါ် ရပ်ကွက် လေးခုနှင့် ကျေးရွာများမှ ပြည်သူများက လမ်းအလိုက်လည်းကောင်း၊ ကျေးရွာအလိုက်လည်းကောင်း၊ မြို့မရဲစခန်းအပါအဝင်အသင်းအဖွဲ့များကလည်းကောင်း ဘုရားများကို ပင့်ဆောင်ကာ မတ် ၂၈ ရက်တွင် ပြွန်တန်ဆာဈေးရှေ့မှစ၍ မြို့မ(၃)နှင့် (၄)ရပ်ကွက်များသို့လည်းကောင်း၊ မတ် ၂၉ ရက်ကတွင် အလယ်ပိုင်းရပ်ကွက်နှင့် ချောင်းရင်းကျေးရွာသို့လည်းကောင်း၊ မတ် ၃၀ ရက်တွင် မြို့မ(၁)နှင့် (၂)ရပ်ကွက်များသို့လည်းကောင်း လှည့်လည်အပူဇော်ခံခဲ့ကြောင်း သိရသည်။

နေလင်း(ညောင်လေးပင်)

ကျေးရွာ ရေရရှိရေးလုပ်ငန်းပြီးစီး၍ ဖွင့်ပွဲကျင်းပ

ချင်းပြည်နယ် ထန်တလန်မြို့နယ် လောင်တလန်ကျေးရွာ၌ သောက်သုံးရေလုံလောက်စွာရရှိရေးအတွက် ဆောင်ရွက်ခဲ့သော ရေပေးရေးလုပ်ငန်းများ ပြီးစီးသဖြင့် ဖွင့်ပွဲကို မတ် ၂၆ ရက်က ပြုလုပ်ခဲ့ပြီး မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးခင်မင်း၊ ဖလမ်းခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှူး ဦးလိန်းနိုင်၊ မြို့နယ်ဦးစီးမှူး ဦးချန်ဟမ်းနှင့် ကျေးရွာအုပ်ချုပ်ရေးမှူး ဦးလျန်လွဲတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ခဲ့သည်။ ရေပေးဝေရေးလုပ်ငန်းများကို ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ၂၀၁၅- ၂၀၁၆ ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်းခွင့်ပြုရန်ပုံငွေ ကျပ် ၃၀ သန်းဖြင့် တင်ဒါအောင်မြင်သူ ဂရင်းဇေင်ကုမ္ပဏီက တာဝန်ယူဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။

သောက်သုံးရေပေးဝေရေးလုပ်ငန်းများ ပြီးစီးပြီဖြစ်သဖြင့် လောင်တလန်ကျေးရွာရှိ အိမ်ခြေ ၈၀ မှ လူဦးရေ ၅၀၀ နီးပါးအတွက် သန့်ရှင်းသောသောက်သုံးရေများ လုံလောက်စွာရရှိမည့်အပြင် အယ်နီညိုရောသီဥတုကြောင့် ပူပြင်းခြောက်သွေ့ချိန်၌ စိုက်ပျိုးရေအခက်အခဲကိုပါ ဖြေရှင်းနိုင်မည့် အကျိုးကျေးဇူးများ ရရှိပြီဖြစ်ကြောင်း သိရသည်။

နေစု(ချင်းရိုးမ)

ကလောမြို့တွင်းကလောချောင်းကူးတံတားဖွင့်လှစ်

ရှမ်းပြည်နယ်တောင်ပိုင်း ကလောမြို့ အမှတ်(၄)ရပ်ကွက်ရှိ ကလောချောင်းကူး ဘူတာလမ်း ကွန်ကရစ်တံတားသစ်ဖွင့်ပွဲကို မတ် ၂၆ ရက်ကကျင်းပခဲ့ရာ ပြည်နယ် စည်ပင်သာယာရေးဝန်ကြီး ဦးစိုင်းလှဝင်း၊ ပြည်နယ် စည်ပင်သာယာရေးညွှန်ကြားရေးမှူး ဦးစိုင်းထွန်းထွန်း၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးထင်ကျော်နှင့် မြို့နယ်စည်ပင်ယာယာရေးကော်မတီဥက္ကဋ္ဌ ဒေါက်တာနန္ဒာလှမြင့်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ခဲ့သည်။ အဆိုပါ ကလောချောင်းကူး ဘူတာလမ်း ကွန်ကရစ်တံတားသစ်ကို ပြည်နယ်အစိုးရ၏ ရန်ပုံငွေကျပ် ၅၀၀ ဒသမ ၅ သိန်း အကုန်အကျခံဆောက်လုပ်ခဲ့ပြီး တံတားအရှည် ပေ ၄၀၊ အကျယ် ၃၅ ပေရှိကာ သံကူးကွန်ကရစ်အမျိုးအစားဖြစ်သည်။

ကလောမြို့နယ် စည်ပင်သာယာရေးကော်မတီသည် ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်အတွင်း မြို့နယ်အတွင်း၌ သံကူးကွန်ကရစ်တံတားတစ်စင်း၊ ကျောက်စီသစ်သားတံတားတစ်စင်း၊ ကွန်ကရစ်ရေပြွန်တံတား နှစ်စင်း၊ ကတ္တရာထပ်ပိုးလွှာငါးလမ်း အရှည်မိုင်(၁ မိုင် ၂ ဖာလုံ)ကို ကျပ် ၁၆၂၈ ဒသမ ၇၇ သိန်းအကုန်ကျခံ၍ ဆောင်ရွက်ပေးခဲ့ကြောင်းနှင့် ပြည်သူများစုပေါင်းဆောင်ရွက်ခဲ့သော ကိုယ့်အားကိုယ်ကိုး ကတ္တရာလမ်းနှစ်လမ်းအတွက် တန်ဖိုး ၈၄ သိန်းခန့်ရှိ ကတ္တရာ ၁၂ ဒသမ ၅ တန်ကို ထောက်ပံ့ပေးခဲ့ကြောင်း သိရသည်။

စော်သိန်းရည်

ကျေးလက်နေပြည်သူများအား ထင်း၉ ဒသမ၉၇ တန် အခမဲ့ဖြန့်ဝေ

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်မြို့နယ် ရဒါန်းချောင်းဆုံ(မြောက်)ကြိုးပိုင်းအတွင်း၌ မြို့နယ်အပူပိုင်းဒေသစိမ်းလန်းစိုပြေရေးဦးစီးဌာနက သဘာဝတောကျန်များ ထိန်းသိမ်းကာကွယ်ခြင်းလုပ်ငန်း အကောင်အထည်ဖော်ဆောင်ရွက်ရာမှ ထွက်ရှိသောထင်းများကို ဒေသခံပြည်သူများအား မတ် ၂၈ ရက်က အခမဲ့ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

ရဒါန်းချောင်းဆုံ(မြောက်)ကြိုးပိုင်း ၈က ၁၀၀ ကို ဓမ္မတာမျိုးဆက်ခြင်းလုပ်ငန်းဖြစ်သည့် ပင်ပူးခွာ၊ ကိုင်းချင်းဆက်လုပ်ငန်းများမှ ထွက်ရှိသော ထင်း ၉ ဒသမ ၉၇ တန် ကို ကျောက်ဆည်ခရိုင် အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးမောင်မောင်အေး(၂)၊ မြို့နယ်အုပ်ချုပ်ရေးမှူးဦးအောင်ချိုနှင့် မြို့နယ်အပူပိုင်းစိမ်းလန်းစိုပြည်ရေးဦးစီးဌာနမှူး ဦးမျိုးမင်းနိုင်တို့က ဒေသခံကျေးလက်နေပြည်သူ ၈၀ ထံသို့ အခမဲ့ ဖြန့်ဝေပေးခဲ့ခြင်းဖြစ်သည်။

ခင်မောင်လွင်

မော်လမြိုင်ကျွန်းမြို့အတွင်းသို့ မတ် ၃၀ ရက်မှစ၍ ကားကြီးများမဝင်ရောက်ရန် အသိပေးဆိုင်းဘုတ်စိုက်ထူ

မော်လမြိုင်ကျွန်း မတ် ၂၉

ဧရာဝတီတိုင်းဒေသကြီး မော်လမြိုင်ကျွန်းမြို့တွင်းသို့ ခရီးသည်တင် မော်တော်ယာဉ်ကြီးများနှင့် ကုန်တင်ယာဉ်ကြီးများ မဝင်ရောက်ရန် အသိပေးကြေညာသော ဆိုင်းဘုတ်ကို မြို့အဝင်၌ မတ် ၂၈ ရက်က စိုက်ထူခဲ့ပြီး ယာဉ်မောင်းသူများကိုလည်း အသိပေးရှင်းလင်းမှုများ ပြုလုပ်လျက်ရှိကြောင်း သိရသည်။

မော်လမြိုင်ကျွန်းမြို့တွင်းသို့ ခရီးသည်နှင့် ကုန်တင်ယာဉ်ကြီးများ၊ ဘုရားဖူးယာဉ်ကြီးများ ဝင်ရောက်ခြင်းကြောင့် မြို့တွင်း၌ ယာဉ်မတော်တဆမှု၊ လမ်းပိတ်ဆို့မှုများ ဖြစ်ပွားနိုင်သည့်အတွက် မြို့တွင်းသို့ ယာဉ်ကြီးများ မဝင်ရောက်ရန် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၌ ဖေဖော်ဝါရီလ အတွင်းက ကျင်းပခဲ့သော အပတ်စဉ်အစည်းအဝေးတွင် ဆုံးဖြတ်ခဲ့ရာမှ အဆိုပါဆုံးဖြတ်ချက်အတိုင်း ယာဉ်ကြီးများ ဝင်ရောက်ခြင်းမပြုရန် အသိပေးဆိုင်းဘုတ်ကို စိုက်ထူခြင်းဖြစ်ကြောင်း သိရသည်။

ဆိုင်းဘုတ်ကို မော်လမြိုင်ကျွန်းမြို့ ရွှေကျွန်းရောအဝေးပြေးယာဉ်ရပ်နားစခန်းရှေ့၌ လမ်းမကိုခွ၍ အမြင့် ရှစ်ပေခွဲနှင့်အကျယ်ပေ ၂၀ အရွယ် စိုက်ထူထားခြင်းဖြစ်ကာ မတ် ၃၀ ရက်မှစတင်၍ ယာဉ်ကြီးများကို မြို့တွင်းသို့ ဝင်ရောက်ခွင့်ပြုတော့မည် မဟုတ်ကြောင်း သိရသည်။

အဆိုပါ ဆိုင်းဘုတ်စိုက်ထူပြီးနောက်တွင် မြို့တွင်းဝင်ရောက်မည့် ယာဉ်များကို ဝင်ရောက်ခွင့်မပြုတော့ကြောင်းနှင့် ဝင်ရောက်ခွင့်မပြုတော့သည့် အကြောင်းရင်းများကိုလည်း မော်လမြိုင်ကျွန်းမြို့ပုဂ္ဂလိကမော်တော်ယာဉ်များနှင့် လုပ်ငန်းယာဉ်များ စနစ်တကျပြေးဆွဲရေးကော်မတီဥက္ကဋ္ဌ ဦးကျော်မောင်နှင့် ကော်မတီဝင်များက မတ် ၂၈ ရက်မှစ၍ ယာဉ်မောင်းသူများအား ရပ်တန့်ကာ အသေးစိတ် အသိပေးရှင်းလင်းပြောကြားလျက်ရှိသည်။

မော်ကျွန်းမြင့်အောင်

ယာဉ်မောင်းသူများအား မတ် ၃၀ ရက်မှစ၍ ဝင်ရောက်ခွင့်မပြုတော့ကြောင်း ရှင်းလင်းပြောကြားနေစဉ်။

ကင်းတပ်လက်ဝဲတူးမြောင်းမှ ရေထိန်းညှိတံခါးသုံးခု ပြုပြင်ပြီးစီး

ကန့်ဘလူ မတ် ၂၉

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူမြို့နယ် ကင်းတပ်လက်ဝဲတူးမြောင်း၌ မိုးများသောနှစ်များတွင် တူးမြောင်းကျိုးပေါက်မှုမှကာကွယ်ရန်နှင့် ရေကြီးပျက်စီးမှုများမှ ကာကွယ်ရန်အတွက် ရေထိန်းညှိတံခါး အဆောက်အအုံသုံးခုကို စစ်ကိုင်းတိုင်းဒေသကြီးအစိုးရ၏ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် သီးသန့်ရန်ပုံငွေဖြင့် ကန့်ဘလူမြို့နယ် ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနက တာဝန်ယူတည်ဆောက်ပြုပြင်ခဲ့ရာ ယခုအခါ တည်ဆောက်မှုများ ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

ကန့်ဘလူမြို့နယ်တွင် ပြီးခဲ့သည့်နှစ် ဇူလိုင်လ အတွင်းက မိုးများအဆက်မပြတ် ရွာသွန်းခဲ့ခြင်းကြောင့် ကင်းတပ်လက်ဝဲတူးမြောင်းအတွင်းသို့ ချောင်းရေမြောင်းရေများ အဆမတန်ဝင်ရောက်၍ ခံနိုင်အားထက်ကျော်လွန်ကာ ရေကြီးရေလျှံမှုများဖြစ်ခဲ့ပြီး နေရာလေးခု၌ ကျိုးပေါက်ပျက်စီးသွားခဲ့သည်။

ထို့ကြောင့် ကင်းတပ်လက်ဝဲတူးမြောင်းပေါ်တွင် အင်တောပေါက်ရေထုတ်ပေါက်နှင့် ရေတံခါး ပြုပြင်ခြင်းလုပ်ငန်းကို တိုင်းဒေသကြီးအစိုးရ၏ရန်ပုံငွေ ကျပ် ၁၀၈ သန်းဖြင့်လည်းကောင်း၊ SSW(6-A) ရေကျော်ပြုပြင်ခြင်းလုပ်ငန်းကို ငွေကျပ် ၇၄ သန်းဖြင့် လည်းကောင်း၊ SSW(2) ရေကျော်ပြုပြင်ခြင်းလုပ်ငန်းကို ငွေကျပ် ၁၀၈ ဒသမ ၉၀ သန်းဖြင့် လည်းကောင်း ၂၀၁၅ ခုနှစ် ဒီဇင်ဘာ ၁၅ ရက်မှ စတင်ဆောင်ရွက်ခဲ့ရာ ဖေဖော်ဝါရီလကုန်တွင် ပြီးစီးခဲ့ခြင်းဖြစ်သည်။

ယခုကဲ့သို့ ရေထိန်းညှိတံခါးများ ပြုပြင်ပေးခြင်းအားဖြင့် တူးမြောင်းမှလက်ခံနိုင်သည့် ရေအမှတ်ထက်ကျော်လွန်သောရေများကို သိန်ရင်ချောင်း၊ အင်တောပေါက်ချောင်းနှင့် ထီးတောချောင်းများမှ တစ်ဆင့် မူးမြစ်အတွင်းသို့ လိုအပ်သလို ရေတံခါးများဖွင့်ပြီး ထိန်းညှိထုတ်လွှတ်ပေးသွားနိုင်မည်ဖြစ်သည့်အပြင် ကင်းတပ်လက်ဝဲတူးမြောင်းမှ ကန့်ဘလူမြို့နယ်၊ ခင်ဦးမြို့နယ်နှင့် ရွှေဘိုမြို့နယ်များအတွင်းရှိ လယ်ကေ ၇၀၀၀၀ ခန့်အတွက်လည်း ရေပေးဝေနိုင်ပြီဖြစ်ကြောင်း မြို့နယ်ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ အငယ်တန်းအင်ဂျင်နီယာ ဦးစိန်ဝင်းက ပြောသည်။

အောင်ဝင်းဇြိမ်း(ကန့်ဘလူ)

ကျေးလက်ကျန်းမာရေးအဆောက်အအုံသစ်ဖွင့်ပွဲနှင့် လွှဲပြောင်းပေးအပ်

ကနီ မတ် ၂၉

စစ်ကိုင်းတိုင်းဒေသကြီး ကနီမြို့နယ် နတ်လာပို့တောင်ကျေးရွာ၌ ကျန်းမာရေးဌာနခွဲ ဆေးခန်းဖွင့်ပွဲနှင့် ကျေးလက်ကျန်းမာရေး အဆောက်အအုံသစ် လွှဲပြောင်းပေးအပ်ပွဲကို မတ် ၂၇ ရက်က ကျင်းပခဲ့သည်။

ကျန်းမာရေးဆေးခန်းဖွင့်ပွဲတွင် ဆေးခန်းမှူးဦးကို မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဖြိုးအောင်ထွန်းနှင့် မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာဝေမာန္ဓယ်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပြီး မြို့နယ်အုပ်ချုပ်ရေးမှူးက အမှာစကားပြောကြားသည်။ ထို့နောက် မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူးက ကျေးလက်ကျန်းမာရေးဌာနခွဲ ဆေးခန်းဖွင့်လှစ်ခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားပြီး အဆောက်အအုံအလျှုရှင်က အဆောက်အအုံနှင့်ပတ်သက်သည့် စာရွက်စာတမ်းများကို မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူးထံ လွှဲပြောင်းပေးအပ်ခဲ့သည်။

နတ်လာပို့တောင် ကျေးလက်ကျန်းမာရေးဌာနခွဲ ဆေးခန်းကို မန္တလေးမြို့မှ ဦးမြင့်နိုင်မိသားစုက ငွေကျပ် ၁၂၈ သိန်းအကုန်ကျခံ၍ ဆောက်လုပ်လျှက်ဒါန်းခဲ့ခြင်းဖြစ်ပြီး နတ်လာပို့တောင်ကျေးရွာအုပ်စုအတွင်းရှိ နတ်လာပို့တောင်၊ ဒေါင်းခြံ၊ ကျွန်းကလေး၊ ယင်းဘိုးနှင့် နွားခြံကုန်းကျေးရွာများမှ ပြည်သူလူထုသုံးထောင်ကျော်ကို ကျန်းမာရေးစောင့်ရှောက်မှုများ ဆောင်ရွက်ပေးသွားနိုင်မည်ဖြစ်ကြောင်း သိရသည်။

သန်းဌေးအောင်(ကနီ)

ဆင်းရဲနွမ်းပါးကလေးများကို ပညာသင်ကြားပေးမည့် လူသားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးအဆောင် ဖွင့်လှစ်

ကျောက်မဲ မတ် ၂၉

ရှမ်းပြည်နယ် မြောက်ပိုင်း ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ နမ့်ဆန်မြို့နယ်အတွင်းရှိ ကျေးလက်ဒေသများမှ ပညာတော်ပြီး ဆင်းရဲနွမ်းပါးသည့်ကလေးများနှင့် ပညာသင်ယူ ဆည်းပူးလိုသည့် မိဘမဲ့ကျောင်းသား ကျောင်းသူ ၂၀၀ ခန့်ကို အဆောင်အိပ်အဆောင်နေကျောင်းသားများအဖြစ် လက်ခံထားရှိကာ ပညာသင်ကြားပေးသွားမည့် လူသားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးအဆောင်သစ်ဖွင့်ပွဲကို ကျောက်မဲမြို့ရှိ အဆိုပါအဆောင်၌ မတ် ၂၈ ရက်က ကျင်းပခဲ့သည်။

အဆိုပါ လူသားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးအဆောင် အဆောက်အအုံသစ်ကို ပြည်နယ်အစိုးရ၏ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ် ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမူလျှော့ချရေးရန်ပုံငွေ ကျပ်သိန်း ၉၀၀ ဖြင့် တည်ဆောက်ခဲ့ခြင်းဖြစ်ကာ အလျား ပေ ၆၀၊ အနံ ပေ ၂၀၊ အမြင့် ပေ ၃၀ ရှိ သုံးထပ်အိပ်ဆောင်နှင့် အလျားပေ ၅၀၊ အနံ ပေ ၂၀၊ အမြင့် ပေ ၂၀ ရှိ နှစ်ထပ်အိပ်ဆောင်များ ပါဝင်သည်။

ဖွင့်ပွဲတွင် ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့ဥက္ကဋ္ဌ ဦးမောင်ကျော်က အမှာစကားပြောကြားပြီး မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြုကော်မတီ ဥက္ကဋ္ဌ ဦးကြားတီက လူသားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေး အဆောက်အအုံဆောက်လုပ်မှု ကုန်ကျစရိတ်များကို ရှင်းလင်းပြောကြားကာ အဆောက်အအုံသစ်ကို ဒေသဦးစီးအဖွဲ့ဥက္ကဋ္ဌ ဦးမောင်ကျော်၊ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် မြို့အထောက်အကူပြု ကော်မတီ ဥက္ကဋ္ဌတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ခဲ့သည်။

ယခုအခါ အဆောက်အအုံသစ် ဖွင့်လှစ်ပြီးဖြစ်သဖြင့် လာမည့် ၂၀၁၆-၂၀၁၇ ပညာသင်နှစ်မှစ၍ နမ့်ဆန်မြို့နယ်အတွင်းရှိ ဆင်းရဲနွမ်းပါးသော ကျောင်းသား ကျောင်းသူများကို အဆောင်နေ ကျောင်းသားများအဖြစ် စတင်လက်ခံထားရှိကာ ပညာသင်ကြားပေးသွားတော့မည်ဖြစ်ကြောင်းသိရသည်။

လက်ရှိဖွင့်လှစ်သည့် အဆောင်များအပြင် အိပ်ဆောင်ဝင်း ခြံစည်းရိုးကာရံခြင်း၊ အုတ်ရေမြောင်း ပြုလုပ်ခြင်း၊ နှစ်ထပ်သံခုတင်အလုံး ၁၀၀ ပြုလုပ်ခြင်း၊ အလျား ပေ ၅၀၊ အနံ ပေ ၂၀၊ အမြင့် ၁၀ ပေရှိ တစ်ထပ်စားသောက်ဆောင်နှင့် မီးပိုဆောင် အဆောက်အအုံများ ဆောက်လုပ်ခြင်းတို့ကိုလည်း ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ် ရန်ပုံငွေကျပ်သိန်း ၅၀၀ ဖြင့် ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်းသိရသည်။

(မြို့နယ် ပြန်/ဆက်)

ကိဘီရောဂါဝေဒနာရှင်များအား စေတနာ့ဝန်ထမ်းပြုစုစောင့်ရှောက်မှု မြို့နယ်အဆင့် ဆင့်ပွားသင်တန်းဖွင့်

ရေး မတ် ၂၉

မွန်ပြည်နယ် ရေးမြို့၌ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းနှင့် မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနတို့ ပူးပေါင်း၍ တီဘီရောဂါဝေဒနာရှင်များအတွက် ပြည်သူလူထုအခြေပြု စေတနာ့ဝန်ထမ်းပြုစုစောင့်ရှောက်မှု မြို့နယ်အဆင့် ဆင့်ပွားသင်တန်းကို မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမဆောင်၌ မတ် ၂၈ ရက်နှင့် ၂၉ ရက်က ဖွင့်လှစ်ခဲ့သည်။

သင်တန်းတွင် မြန်မာနိုင်ငံ၏ တီဘီရောဂါ အခြေအနေများ၊ DOTS နည်းလမ်းဖြင့် ဆေးတိုက်ကျွေး ကုသခြင်း မဟာဗျူဟာ၊ တီဘီဝေဒနာရှင်များ ရှာဖွေဖော်ထုတ်ခြင်း၊ တီဘီရောဂါ ဆေးတိုက်ကျွေးသူများ၏ အခန်းကဏ္ဍ၊ တီဘီရောဂါ ကာကွယ်ရေး ပညာပေးခြင်း၊ ရောဂါကူးစက်မှုမှ ကာကွယ်ထိန်းချုပ်ခြင်း၊ ပြည်သူလူထုအခြေပြု တီဘီရောဂါတိုက်ဖျက်ရေးစီမံချက်တွင် အသုံးပြုမည့်ပုံစံများ၊ သင်တန်းဆရာများအတွက် တီဘီရောဂါဆိုင်ရာ လမ်းညွှန်ဆန်းစစ်မေးခွန်းများ စသည့်အကြောင်းအရာများကို ရေးမြို့ ခုတင် ၁၀၀ ဆံ့ဆေးရုံကြီးမှ ဆေးရုံအုပ်ဒေါက်တာမေစန်းချို မြို့နယ်သူနာပြုအဆင့် (၁) ဒေါ်နွယ်ဇင်ဝင့်၊ တီဘီရောဂါတာဝန်ခံ ဦးမျိုးဦးနှင့် ဗဟို သင်တန်းဆရာ ဒေါက်တာမြဝတ်ရည်တို့က သင်ကြားပို့ချပေးခဲ့ကာ သင်တန်းသို့ ဒေသအတွင်းမှ စေတနာ့ဝန်ထမ်း သင်တန်းသူ ၂၀ တက်ရောက်ခဲ့ကြောင်း သိရသည်။

နေမျိုးထွဋ်(ရေး)

ဘက်စုံသုံး ဆိုင်ကလုန်းမုန်တိုင်းဒဏ်ခံအဆောက်အအုံသစ် လွှဲပြောင်းပေးအပ်

လမ္ဘတ္တာ မတ် ၂၉

မုန်တိုင်းနှင့် ပင်လယ်ရေဘေးအပါအဝင် သဘာဝဘေးဒဏ်များ ကြုံတွေ့နိုင်ခြေရှိသော ဧရာဝတီတိုင်းဒေသကြီး လပွတ္တာမြို့နယ် ဘုန်းကြီးကုန်းကျေးရွာအုပ်စုရေဝန်လေးကျေးရွာ၌ ကျေးလက်နေပြည်သူများ သဘာဝဘေးကြောင့်ကြုံတွေ့ရမည့် အန္တရာယ်များကို လျှော့ချရေးအတွက် တည်ဆောက်ခဲ့သည့် မုန်တိုင်းဒဏ်ခံ ဘက်စုံသုံးအဆောက်အအုံသစ် တည်ဆောက်ပြီးစီးသဖြင့် ဖွင့်ပွဲနှင့် လွှဲပြောင်းပေးအပ်ပွဲအခမ်းအနားကို မတ် ၂၇ ရက်က ကျင်းပခဲ့သည်။

အဆိုပါ မုန်တိုင်းဒဏ်ခံ ဘက်စုံသုံးအဆောက်အအုံသစ်သည် သံကူကွန်ကရစ် အမျိုးအစားဖြစ်ပြီး အလျား ၄၅ ပေ၊ အနံ ပေ ၃၀ နှင့် အမြင့် ၂၅ ပေရှိကာ ကာလတန်ဖိုး ငွေကျပ် ၆၇၈ သိန်းခန့်ရှိကြောင်း သိရသည်။ ဖွင့်ပွဲ တွင် အဆောက်အအုံသစ်ကို မြို့နယ်အုပ်ချုပ်ရေးမှူး ဦးတိုးတိုးထွန်းနှင့် World Concern, Myanmar မှ ဦးခင်မောင်ဆွေတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်သည်။ ထို့နောက် မြို့နယ်အုပ်ချုပ်ရေးမှူးက အမှာစကားပြောကြားကာ World Concern မှ တာဝန်ရှိသူတစ်ဦးက ဘက်စုံသုံး ဆိုင်ကလုန်း မုန်တိုင်းဒဏ်ခံအဆောက်အအုံနှင့် ပတ်သက်သော အကြောင်းအရာများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် မုန်တိုင်းဒဏ်ခံ ဘက်စုံသုံးအဆောက်အအုံကို World Concern မှ တာဝန်ရှိသူများက ကျေးရွာရပ်မိရပ်ဖများထံသို့ လွှဲပြောင်းပေးအပ်ခဲ့ပြီး ကျောင်းသုံးပစ္စည်းများဖြစ်သည့် စားပွဲ၊ ဗီရို၊ ကလေးစားပွဲနှင့် ထိုင်ခုံများကိုလည်း လှူဒါန်းခဲ့ကြောင်း သိရသည်။

ဝင်းကျော်မြင့်(ပြန်/ဆက်)

သင်ကြိုန်ကာလအတွင်း မှုခင်းမဖြစ်ပွားစေရေးအတွက် လူထုပဟိုပြု မှုခင်းကျဆင်းရေး ညှိနှိုင်းဆွေးနွေး

သာစည် မတ် ၂၉

သင်ကြိုန်ကာလအတွင်း မှုခင်းများမဖြစ်ပွားစေရေးအတွက် လူထုပဟိုပြု မှုခင်းကျဆင်းရေး ညှိနှိုင်းဆွေးနွေးပွဲကို သာစည်မြို့ မြို့မရဲတပ်ဖွဲ့စခန်းသင်တန်းခန်းမ၌ မတ် ၂၉ ရက်က ပြုလုပ်ခဲ့သည်။

ဆွေးနွေးပွဲတွင် မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးဝင်းထွဋ်ရှင်က ယာဉ်တိုက်မှုမဖြစ်ပွားစေရေးအတွက်လည်းကောင်း၊ မိတ္ထီလာခရိုင်ယာဉ်ထိန်းတပ်ဖွဲ့စုမှ တပ်ဖွဲ့စုမှူး ဒုတိယရဲမှူးမြင့်စိုးက ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းနှင့်ပတ်သက်၍လည်းကောင်း၊ မြို့နယ်ရဲတပ်ဖွဲ့မှူးရုံးမှ ဒုတိယရဲမှူးမောင်မောင်ဝေနှင့် မြို့မရဲတပ်ဖွဲ့စခန်းမှ စခန်းမှူး ဒုတိယရဲမှူးမောင်မောင်တင်တို့က သင်ကြိုန်ကာလအတွင်း မူးယစ်ဆေးဝါးနှင့် ကာမရာဂဆေးဝါးများ အလွဲသုံးစားမှုမရှိစေရေးနှင့် ပတ်သက်၍လည်းကောင်း အသိပညာပေးဆွေးနွေးခဲ့ကြသည်။

ထို့နောက် တက်ရောက်လာကြသည့် ရပ်ကွက်အုပ်ချုပ်ရေးမှူးများက သင်ကြိုန်ကာလအတွင်း မှုခင်းမဖြစ်ပွားစေရေးအတွက် ရပ်ကွက်များ၌ ဆောင်ရွက်ထားရှိမှုများကိုလည်းကောင်း၊ မှုခင်းကျဆင်းရေးအတွက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့် ပူးပေါင်းဆောင်ရွက်သွားမည့် အစီအစဉ်များကိုလည်းကောင်း ရှင်းလင်းဆွေးနွေးခဲ့သည်။ ဆွေးနွေးပွဲသို့ မြို့ပေါ်ရပ်ကွက်များမှ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ ရာအိမ်မှူးများ၊ ဆယ်အိမ်မှူးများ၊ ရပ်ကွက်ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြု အဖွဲ့ဝင်များ၊ ဆိုင်ကယ်ကယ်ရီမောင်းနှင်သူများ တက်ရောက်ခဲ့ကြသည်။

မောင်ကို(သာစည်)

သစ်သီးဝလံ အခြေခံစားသောက်ကုန်ထုတ်လုပ်မှုသင်တန်းဆင်း

ကလေး မတ် ၂၉

စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့၌ ခရိုင်ကုန်သွယ်မှုမြှင့်တင်ရေးနှင့် စားသုံးသူရေးရာဦးစီးဌာနက ဖွင့်လှစ်ခဲ့သော သစ်သီးဝလံအခြေခံစားသောက်ကုန်ထုတ်လုပ်မှု ယိုမျိုးစုံနှင့် ဖျော်ရည်လုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေး နည်းပညာပေးသင်တန်း၏ သင်တန်းဆင်းပွဲကို ခရိုင်ကုန်သွယ်မှုမြှင့်တင်ရေးနှင့် စားသုံးသူရေးရာဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ မတ် ၂၈ ရက်က ပြုလုပ်ခဲ့သည်။

သင်တန်းဆင်းပွဲတွင် ကလေးခရိုင် ကုန်သွယ်မှုမြှင့်တင်ရေးနှင့် စားသုံးသူရေးရာဦးစီးဌာနမှူး ဦးသက်နိုင်က အမှာစကားပြောကြားပြီး ရက်ကန်းနှင့် သက်မွေးပညာသင်တန်းကျောင်း မုံရွာမြို့မှ ကျောင်းအုပ်ဆရာမကြီး ဒေါ်သိန်းဌေးနှင့် တာဝန်ရှိသူများက သင်တန်းဆင်းအောင်လက်မှတ်များကို သင်တန်းသား သင်တန်းသူများထံ ပေးအပ်ခဲ့သည်။

ပြီးခဲ့သည့်နှစ်က ကလေးဒေသ ရေကြီးရေလွှမ်းမှုကြောင့် အခက်အခဲကြုံတွေ့ခဲ့ရသော ပြည်သူများအား အထောက်အကူပြုနိုင်ရန် ရည်ရွယ်၍ အဆိုပါ သင်တန်းကို ပြည်ထောင်စုရန်ပုံငွေထောက်ပံ့မှုဖြင့် တိုင်းဒေသကြီး အသေးစားကုန်ထုတ်လုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးကော်မတီက ကြီးမှူးကာ မုံရွာမြို့ ရက်ကန်းနှင့် အသက်မွေးပညာသင်တန်းကျောင်းတို့ ပူးပေါင်းဖွင့်လှစ်ခဲ့ခြင်းဖြစ်သည်။

သင်တန်းသို့ သင်တန်းသား သင်တန်းသူ ၅၀ တက်ရောက်ပြီး ငါးရက်ကြာ သင်တန်းတွင် စာတွေ့ ၃၀ ရာခိုင်နှုန်း၊ လက်တွေ့ ၇၀ ရာခိုင်နှုန်းဖြင့် သစ်သီးဝလံ အခြေခံစားသောက်ကုန်များကို ကုန်ကြမ်းမှ ပါဂင်ထုပ်ပိုးသည်အထိ ကုန်ချောအဖြစ်သို့ ထုတ်လုပ်နည်းများကို သင်ကြားပို့ချပေးခဲ့ကြောင်း သိရသည်။

ချင်းတွင်းသား (ပြန်/ဆက်)

နေပြည်တော်နှင့်အနီးတစ်ဝိုက် နေရာကွက်ကျားမိုးထစ်ချုန်းရွာမည်

နေပြည်တော် မတ် ၂၉

မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန ထုတ်ပြန်ချက်အရ နေပြည်တော်နှင့်အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်ဖြစ်သည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။ အမြင့်ဆုံးဖြစ်နိုင်ဖွယ်အပူချိန်မှာ ၃၈ ဒီဂရီစင်တီဂရိတ်ဖြစ်သည်။

ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့အနီးတစ်ဝိုက်တွင် ယနေ့တိမ်အသင့်အတင့်ဖြစ်ထွန်းမည်ဖြစ်သည်။ အမြင့်ဆုံးဖြစ်နိုင်ဖွယ်အပူချိန်မှာ ရန်ကုန်မြို့တွင် ၃၇ ဒီဂရီစင်တီဂရိတ်နှင့် မန္တလေးမြို့တွင် ၃၉ ဒီဂရီစင်တီဂရိတ်တို့ ဖြစ်နိုင်ကြောင်း ခန့်မှန်းဖော်ပြထားသည်။

(မြန်မာ့အလင်း)

တိုင်းဒေသကြီး၊ ပြည်နယ်အလိုက် မျှားရွာနိုင်မည့် အခြေအနေ

နေပြည်တော် မတ် ၂၉

မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန ထုတ်ပြန်ချက်အရ ကချင်ပြည်နယ်၊ မွန်ပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်းနှင့် တနင်္သာရီတိုင်းဒေသကြီးတို့တွင် နေရာကျဲကျဲ၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်းနှင့် မန္တလေးတိုင်းဒေသကြီးတို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်ဖြစ်သည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

(မြန်မာ့အလင်း)

ထီးတန်းဆိပ်ကမ်း ကွန်တိန်နာဝင်းရှေ့ ယာဉ်သုံးစီးဆင့်ကဲတိုက်မှုဖြစ်ပွား

ရန်ကုန် မတ် ၂၉

ရန်ကုန်မြို့ ကြည့်မြင်တိုင်မြို့နယ် ထီးတန်းစက်မြေရပ်ကွက် ထီးတန်း(၂)လမ်းထိပ် ထီးတန်းဆိပ်ကမ်း ကွန်တိန်နာဝင်းရှေ့၌ မတ် ၂၉ ရက် ညနေ ၃ နာရီ ၁၅ မိနစ်က ယာဉ်သုံးစီးဆင့်တိုက်မှုဖြစ်ပွားခဲ့သည်။

ကြည့်မြင်တိုင်မြို့နယ် နတ်စင်လမ်းဘက်မှ ကမ်းနားလမ်းအတိုင်း ယာဉ်မောင်း မျိုးဇော်ထွန်းမောင်းနှင်လာသော ၁၀ ဘီး ကွန်တိန်နာ 2B/---- ယာဉ်သည် ကွန်တိန်နာဝင်းထွက်ပေါက်ရှေ့အရောက်တွင် ဆိပ်ကမ်းအတွင်းမှ ထွက်ခွာလာပြီး ကမ်းနားလမ်းအတိုင်း နတ်စင်လမ်းဘက်သို့ မောင်းနှင်သည့် ကွန်တိန်နာယာဉ်၏ နောက်ပိုင်းကို တိုက်မိရာ ကွန်တိန်နာဝင်းရှေ့၌ ရပ်ထားသည့် ကိုအောင်ကိုဝင်း၏ ပရိုဘောက် AA/---- အဖြူရောင်ယာဉ်၏ နောက်ပိုင်းကို အရှိန်ဖြင့် ဝင်တိုက်မိပြီး ကွန်တိန်နာဝင်း အုတ်နံရံကို ထပ်ဆင့်တိုက်မိကာ ယာဉ်ရပ်သွားခဲ့သည်။

ယာဉ်တိုက်မှုကြောင့် ပရိုဘောက် ယာဉ်၏ နောက်လေကာမှန်နှင့် ယာဘက်တစ်ခြမ်း ပျက်စီးခဲ့ပြီး ကွန်တိန်နာယာဉ်၏ ကားရှေ့ခေါင်းခန်း တစ်ခုလုံး ပျက်စီးသွားခဲ့သည်။

ယာဉ်တိုက်မှုကြောင့် လူထိခိုက် ဒဏ်ရာရရှိမှု မရှိသော်လည်း ယင်းနေရာသည် ယခုကဲ့သို့ ကွန်တိန်နာယာဉ်ကြီးများ စည်းကမ်းမဲ့စွာ မောင်းနှင်မှုကြောင့် မကြာခဏ ယာဉ်တိုက်မှုဖြစ်လေ့ရှိပြီး ရပ်ကွက်နေပြည်သူများနှင့် ခရီးသွားပြည်သူများ၏ ဘေးအန္တရာယ်အတွက် စိုးရိမ်ပူပန်နေကြရကြောင်း သိရသည်။

ရွှေတိုင်သား

မန္တလေး ပြည်ကြီးတံခွန်မြို့နယ်၌ မီးလောင်မှုဖြစ်ပွား

မန္တလေး မတ် ၂၉

မန္တလေး ပြည်ကြီးတံခွန်မြို့နယ် ချမ်းမြသာယာ ရပ်ကွက် မြို့ရိုးလမ်းနှင့် မြဝတီမင်းကြီးလမ်းကြား လမ်းသွယ်(၃)နှင့် (၄)ကြားရှိ အားကစားပစ္စည်းများ

သိုလှောင်ထားသော ဂိုဒေါင်၌ မတ် ၂၉ ရက် နံနက် ၉ နာရီ ၄၅ မိနစ်ခန့်က မီးလောင်မှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ အဆိုပါဂိုဒေါင်ရှိ အားကစားအဝတ်အထည်များကို စနစ်တကျထားရှိမှုမရှိဘဲ ဂိုဒေါင်၏ အမိုးမျက်နှာကြက်သွပ်ပြားနှင့် နီးကပ်စွာရှိသည့်အတွက် အမိုးသွပ်ပြားအပူရှိန်ကြောင့် မီးစတင်လောင်ကျွမ်းခဲ့ခြင်းဖြစ်သည်။ မီးလောင်ရာသို့ မီးသတ်ယာဉ်အစီး ၇၀၊ သန္ဓေမီးသတ် ၅၅ ဦး၊ အရန်မီးသတ် ၁၅၀ တို့က ဝိုင်းဝန်းငြိမ်းသတ်ခဲ့သဖြင့် နံနက် ၁၀ နာရီ ၃၅ မိနစ်တွင် မီးငြိမ်းခဲ့သည်။ မီးလောင်မှုကြောင့် ပေ(၈၀×၆၀) ရှိ ဂိုဒေါင်၏ အမိုးနှင့် အားကစားအဝတ်အထည် ပါကင်ထုပ် ၁၂ ထုပ် မီးလောင်ကျွမ်းခဲ့ကြောင်း သိရသည်။

အဆိုပါဖြစ်စဉ်ကြောင့် ပြည်ကြီးတံခွန်မြို့နယ် အဆင့်မြင့်ရဲစခန်းက ဂိုဒေါင်တာဝန်ခံစာရေး ဆန်းထွန်းအောင်ကို အမှုဖွင့်အရေးယူဆောင်ရွက်လျက်ရှိကြောင်း၊ ပြည်ကြီးတံခွန်မြို့နယ်၌ တစ်လအတွင်း မီးလောင်မှုနှစ်ကြိမ်ဖြစ်ပွားခဲ့ကြောင်း သိရသည်။

သတင်း-မင်းထက်အောင်(မန်းကိုယ်ပွား)
ဓာတ်ပုံ-အေးမြ(မန္တလေး)

မီးအားမြင့်စက်အပူလွန်ကဲရာမှ မီးလောင်မှုဖြစ်ပွား

စဉ်ကိုင် မတ် ၂၉

မန္တလေးတိုင်းဒေသကြီး စဉ်ကိုင်မြို့နယ် ပလိပ်ကားဆိပ်ရပ် လမင်းငါးရှဉ့်ပွဲရုံ၌ မီးအားမြင့်စက်အပူလွန်ကဲရာမှ မတ် ၂၉ ရက် နံနက် ၃ နာရီခွဲက မီးလောင်မှုဖြစ်ပွားခဲ့သည်။

ဖြစ်စဉ်မှာ စဉ်ကိုင်မြို့နယ် ပလိပ်ကားဆိပ်ရပ်နေ ဦးစိုးအောင် (၆၀နှစ်)၏ လမင်းငါးရှဉ့်ပွဲရုံပိုင်ရှင်သည် ခရီးသွားနေသဖြင့် ညီဖြစ်သူ ဦးစိုးတင့် (၄၃နှစ်) ဟယ်ာတမြို့နယ်နေသူအား နေအိမ်အစောင့်အဖြစ်ရှိနေစဉ် နေအိမ်အောက်ထပ်ရှိ မီးအားမြင့်စက် ၁၅ ကေဗွီမှာ အပူလွန်ကဲ၍ မီးစတင် လောင်ကျွမ်းခဲ့ပြီး အိမ်၏မြောက်ဘက်အလျား ၁၅ ပေ၊ အနံပေ ၃၀ ရှိ ထရံကာပျဉ်ခင်း နှစ်ထပ်အဆောင်ကို မီးကူးစက်လောင်ကျွမ်းခဲ့ကြောင်း သိရသည်။

ယင်းမီးလောင်မှုကို နယ်မြေခံတပ်မှ ဒုတိယရဲမှူးကြီး မြတ်ကျော်သူအဖွဲ့၊ စဉ်ကိုင်မြို့နယ် မီးသတ်ဦးစီးမှူး ဦးကျော်ကျော်ဦးနှင့် မီးသတ်တပ်ဖွဲ့ဝင်များ ပူးပေါင်းပြီး မီးသတ်ယာဉ်ခုနစ်စီးဖြင့် ဝိုင်းဝန်းငြိမ်းသတ်ခဲ့ကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

ဖုန်းအားသွင်းရာမှ အပူလွန်ကဲပြီး မီးလောင်မှုဖြစ်ပွား

မြစ်ကြီးနား မတ် ၂၉

မြစ်ကြီးနားမြို့ ကချင်စုရပ်ကွက်၌ မတ် ၂၉ ရက် နံနက် ၁၁ နာရီ ၃၅ မိနစ်ခန့်က ဖုန်းအားသွင်းထားခဲ့ရာမှ အပူလွန်ကဲပြီး မီးလောင်မှုဖြစ်ပွားခဲ့၍ နေအိမ်တစ်လုံး မီးလောင်ဆုံးရှုံးခဲ့သည်။

ဖြစ်စဉ်မှာ အိမ်ရှင် ဒေါ်ခင်စောမူ (၁)ဒေါ်ရွယ်အောင်၏ နေအိမ်အပေါ်ထပ်၌ လက်ကိုင်ဖုန်း အားသွင်းထားခဲ့ရာမှ အပူလွန်ကဲ၍ မီးစတင်လောင်ပြီး မီးလောင်မှုဖြစ်ပွားရာသို့ မြို့နယ်မီးသတ်စခန်းမှ မီးငြိမ်းသတ်ယာဉ်လေးစီး၊ ရေသယ်ယာဉ်သုံးစီးနှင့် အရန်မီးသတ်တပ်ဖွဲ့မှ မီးငြိမ်းသတ်ယာဉ်တစ်စီး စုစုပေါင်းရှစ်စီးတို့ မီးငြိမ်းသတ်ခဲ့သဖြင့် နံနက် ၁၁ နာရီ မိနစ် ၅၀ ခန့်တွင် မီးငြိမ်းသွားသည်။ အဆိုပါမီးလောင်မှုကြောင့် အိမ်တစ်လုံးဆုံးရှုံးခဲ့ကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

တစ်ချက်တည်း ကျင်းဝင်သူအား ဂုဏ်ပြု

ရန်ကုန်မြို့ ဥက္ကလာဂေါက်ကွင်းတွင် ၂၆-၃-၂၀၁၆ ရက် နံနက် ၁၁း၄၅ နာရီတွင် Golf လာရောက်ကစားသည့် တရုတ်နိုင်ငံသား Mr.LU Ming သည် ကျင်းအမှတ်(၇)တွင် တစ်ချက်တည်း ကျင်းဝင်သွားပါသဖြင့် ဥက္ကလာဂေါက်ကလပ်က ငွေကျပ်တစ်သိန်း၊ ဒဂုံအဖျော်ယမကာကုမ္ဍဏီလီမိတက်က ငွေကျပ်တစ်သိန်းနှင့် အခြားဆုလက်ဆောင်များကို ပေးအပ်ချီးမြှင့်ခဲ့ပါသည်။

အလက(၅)ရန်ကင်း၊ ဆင္ဘမအကြိမ်မြောက် အာစရိယပူဇော်ပွဲကျင်းပမည်

အလက(၅)ရန်ကင်းတွင် နှစ်အဆက်ဆက်က တာဝန်ထမ်းဆောင်ခဲ့သော ကျောင်းအုပ်ဆရာကြီး၊ ဆရာမကြီးများ သက်ပြည့်၊ လုပ်သက်၊ ဆေးပင်စင် ယူသွားကြသော ဆရာ၊ ဆရာမများ၊ နှုတ်ထွက်၊ ပြောင်းရွှေ့၊ အစားထိုး သင်ကြားပေးခဲ့သော ဆရာ၊ ဆရာမများနှင့် ယခုလက်ရှိ ပညာသင်ကြား ပေးနေသော ဆရာ၊ ဆရာမများအားလုံးကို နှစ်စဉ်ကျင်းပခဲ့သည့်အတိုင်း အပိုင်း(၂)ပိုင်းခွဲပြီး ၂၀၁၆ ခုနှစ်၊ ဧပြီလ(၂၀)ရက် (ဗုဒ္ဓဟူးနေ့)၊ နံနက်(၉း၀၀)နာရီတွင် အလက(၅)ရန်ကင်း၊ မြတ်မင်္ဂလာခန်းမ၌ ကျင်းပမည်ဖြစ်ပါသဖြင့် ဆရာ၊ ဆရာမများနှင့် ကျောင်းသူ၊ ကျောင်းသားများ အနေဖြင့် ဖိတ်ကြားလျှောရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ ကြွရောက်ပေးကြပါရန် ဂါရဝတရား ရှေ့ထားပြီး လေးစားစွာဖြင့် ဖိတ်ကြားအပ်ပါသည်။

ပျောက်ဆုံးကြောင်း

ကျွန်တော် မောင်မျိုးမြင့်နိုင်ဦး ၁၀/ မဒန(နိုင်)၁၉၁၅၃၅၏ Passport (No. မမှတ်မိ) ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၉၇၀၁၆၅၁၀

တစ်ဦးတည်းဖြစ်ပါကြောင်း

သထုံမြို့နယ်၊ နောင်ကုလား ကျေးရွာ အုပ်စုနေ ဦးအောင်မြင့် (ခ)ဦးအုန်းမြင့်၏သမီး ဒေါ်ကျူးနီလာ ၁၀/သထန(နိုင်)၁၄၇၈၄၀ နှင့် ဒေါ်နော်ကျူးနီလာမှာ တစ်ဦးတည်း ဖြစ်ပါကြောင်း။
ကျူးနီလာ(ခ)နော်ကျူးနီလာ

ရွှေခြံရာဇာကုမ္ဍဏီလီမိတက် ပျက်သိမ်းကြောင်းကြေညာခြင်း

ရွှေခြံရာဇာ ကုမ္ဍဏီလီမိတက်ကို အသေးစားငွေရေးကြေးရေး လုပ်ငန်း လုပ်ကိုင်ခွင့် လိုင်စင်၀၁၄/၂၀၁၃ဖြင့် အသေးစားငွေရေး ကြေးရေးလုပ်ငန်း လုပ်ကိုင်ခဲ့ရာ ယခုအခါတွင် လုပ်ငန်း ဆက်လက်လုပ်ကိုင်ရန် ကျွမ်းကျင်ဝန်ထမ်း အခက်အခဲရှိပါသဖြင့်လုပ်ငန်း ပိတ်သိမ်းပြီး စာရင်းရှင်းလင်း ဖျက်သိမ်းမည်ဖြစ်ပါ၍ အသင်းဝင်များ အနေဖြင့် ပေးရန်၊ ရရန်များကို ကုမ္ဍဏီတည်ရှိရာ အမှတ် (၂၉၉/၉)၊ ကံဦးလမ်းမကြီး မြင်းခြံမြို့သို့ ဤကြော်ငြာပါသည့်ရက်မှ ခုနစ်ရက် အတွင်း နောက်ဆုံးထားဆက်သွယ်ကြရန် အကြောင်းကြားအပ်ပါသည်။
ဦးသန့်စော်(မန်နေဂျင်းဒါရိုက်တာ)

လူပျောက်ကြော်ငြာ



ဒဂုံတောင်မြို့နယ်၊(၂၅)ရပ်ကွက်၊ယုဇနလမ်း၊ အမှတ် ၂၁နေ ဦးမျိုးမင်းလတ်၏သမီး ဖော်ပြပါ ဓာတ်ပုံရှင် မအိမ်မှူးဟန်(၁၇)နှစ်သည် ၂၇-၃-၂၀၁၆ရက် ညနေ ၅ နာရီတွင် နေအိမ်မှ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ (ကျေးဇူးဆပ်ပါမည်။)
လက်ခံထားသူအား တရားဥပဒေအရ အရေးယူ ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။
ဆက်သွယ်ရန်-ဖုန်း-၀၉-၂၅၁၀၄၇၉၈၊ ၀၉-၄၅၀၂၂၂၄

အမြန်ပြန်လာပါ

သမီးလေး-
အိမ့်မှူးဟန်

သမီးရဲ့ဘိုးဘိုးသည် သမီးလေး အိမ်ကထွက်သွားသော စိတ်ဖြင့် သတိမေ့သွားသဖြင့် ဆေးရုံသို့တင်ထားရပါသည်။ (သမီးလေးအမြန်ပြန်လာပါရန်)

ဖေဖေ-မေမေ၊ ညီမလေး အားလုံး စိတ်ပူနေပါသည်။

ကန့်ကွက်နိုင်ပါကြောင်း

နေပြည်တော်၊ ဒဂ္ဂီဏာသီရိမြို့နယ်၊ ဒဂ္ဂီဏာရပ်ကွက်၊ မြေတိုင်းရပ်ကွက် အမှတ် ၇/ ဒဂ္ဂီဏာသီရိအရှေ့ရပ် မြေကွက်/ဦးပိုင်အမှတ် ၃-၂၃၉၄ ဧရိယာ ၀၅သမ၂၂၉၈ကျိ ပါမစ် မြေကွက်အား ဦးမင်းသက်နိုင် (ဘ) ဦးမောင်မောင်ပြိုး ၉/ပမန(နိုင်)၁၆၅၅၆၅ က ပိုင်ဆိုင်မှုအထောက်အထားတင်ပြ၍ မြေကွက်နေရာ(ယာယီ)ချထားပေးသည့် လက်မှတ် ပျောက်ဆုံးသဖြင့် မိတ္တူမှန် လျှောက်ထားလာခြင်းအား ဌာနမှ လုပ်ထုံးလုပ်နည်းနှင့်အညီ ဆောင်ရွက်မည်ဖြစ်ပြီး ကန့်ကွက်မှုမရှိပါက ဦးမင်းသက်နိုင် အမည်ပေါက် မြေကွက် နေရာ (ယာယီ)ချထားပေးသည့်လက်မှတ် မူရင်းအားပယ်ဖျယ်၍ မိတ္တူမှန်ထုတ်ပေးမည် ဖြစ်သဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်၊ ဒီကရီများဖြင့် အထောက်အထားခိုင်လုံစွာတင်ပြ၍ ၁၅ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။
မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
နေပြည်တော်စည်ပင်သာယာရေးကော်မတီ

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၇ဟ/၃၆၃၅ Day-ung 200 သုံးဘီးယာဉ်လက်ဝယ်ရှိသူ ဦးဟန်ဇော်လင်း ၁၀/မလမ (နိုင်)၁၀၂၉၀၆ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ပြည်နယ်ရုံး (မော်လမြိုင်မြို့)**

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၂၆ယ/၂၃၃၉ ဟွန် ဒါဒရင်းမ် 125 ယာဉ်လက်ဝယ်ရှိသူ ဒေါ်သီဂီလွင် ၁၀/မလမ (နိုင်)၁၆၃၃၁ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ပြည်နယ်ရုံး (မော်လမြိုင်မြို့)**

ဗန်တိုတံခွန်စိုက်ပြိုင်ပွဲ ကျင်းပလျက်ရှိ

ရန်ကုန် မတ် ၂၉

ဒုတိယအကြိမ် မြန်မာနိုင်ငံသိုင်းအဖွဲ့ချုပ်ဥက္ကဋ္ဌ ဖလား ဗန်တိုတံခွန်စိုက်ပြိုင်ပွဲကို မတ် ၂၈ ရက်က ရန်ကုန်မြို့ အောင်ဆန်းအားကစားပြိုင်ဝင်း မိုးလုံလေလုံ အားကစားခန်းမ၌ ကျင်းပရာ အမျိုးသားဗန်တို ခြောက်တန်း၊ အမျိုးသမီး ဗန်တို သုံးတန်းနှင့် သက်ငယ်တန်း အမျိုးသားဗန်တို နှစ်တန်း ယှဉ်ပြိုင်လျက်ရှိကြောင်း သိရသည်။

ယင်းပြိုင်ပွဲတွင် တိုင်းဒေသကြီးနှင့် ပြည်နယ် ကိုယ်စားပြု ပင်မသိုင်းအဖွဲ့များ၊ ဝန်ကြီးဌာနတို့မှ အသင်း ၁၁ သင်း၊ ကစားသမား ၉၀ ကျော် ဝင်ရောက်ယှဉ်ပြိုင်ကြပြီး ပြိုင်ပွဲကို မတ် ၂၈ ရက်မှ ၃၁ ရက်အထိ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။ **တင်စိုး(မြန်မာ့အလင်း)**

အမျိုးသားသက်ကြီးတန်း ဗန်တိုအတိုက်ပြိုင်ပွဲယှဉ်ပြိုင်စဉ်။

❍ *ကျောဖုံးမှ*

ဂိုးရနိုင်သည့်အခွင့်အရေးများ ရရှိခဲ့သော်လည်း အသုံးမချနိုင်ခဲ့ပေ။ လက်ဘန္တန်အသင်းသည် အမြင့်ဘောများဖြင့် အဓိက တိုက်စစ်ဆင်ခဲ့ပြီး အပိုင်ခေါင်းတိုက်ချက်များ လွဲချော်ခဲ့၍ ပထမပိုင်းတွင် ဂိုးမရှိ သရေကျနေသည်။ ဒုတိယပိုင်းတွင် လက်ဘန္တန်အသင်း တိုက်စစ်အားမြင့် လာသော်လည်း မြန်မာအသင်းက တန်ပြန်တိုက်စစ်ဖြင့် ကစားခဲ့သည်။ ပွဲချိန် ၇၄ မိနစ်တွင် မြန်မာအသင်း ဂိုးရခဲ့ပြီး မောင်မောင်လွင်၏ ဖန်တီးပေးမှုမှတစ်ဆင့် တိုက်စစ်မှူးအောင်သူက သွင်းယူခဲ့ခြင်းဖြစ်သည်။ ဂိုးရပြီးနောက်ပိုင်းတွင် ကျော်ကိုကို အပိုင်ကန်သွင်းခွင့်ရသော်လည်း အသုံးမချနိုင်ခဲ့ဘဲ ၈၄ မိနစ်တွင် ဟိန်းသီဟဇော် နှစ်ဝါတစ်နီဖြင့် အထုတ်ခံခဲ့ရသည်။ တစ်ယောက်အသာရသွားသည့် လက်ဘန္တန်အသင်းအတွက် ချေပဂိုးကို ပွဲချိန် ၈၆ မိနစ်တွင် လက်ဘန္တန်ကစားသမားက ခေါင်းတိုက်သွင်းယူခဲ့သည်။ သရေဖြစ်ပြီးနောက်ပိုင်းတွင် ရဲကိုဦး ဂိုးရနိုင်သည့်အခွင့်အရေးများ ရခဲ့သော်လည်း အသုံးမချနိုင်ခဲ့ပေ။ ထို့ကြောင့် ပွဲပြီးချိန်တွင် တစ်ဖက်တစ်ဂိုးစီ သရေရလဒ်ဖြင့် ပြီးဆုံးခဲ့သည်။

ကမ္ဘာ့ဖလားခြေစစ်ပွဲတွင် မြန်မာအသင်းသည် ရမှတ် ရှစ်မှတ်ဖြင့် အဆင့်လေးနေရာတွင် ရရှိပြီး တတိယအဆင့်ခြေစစ်ပွဲသို့ တက်ရောက်နိုင်ခွင့် ဆုံးရှုံးခဲ့သည်။ သို့သော် ၂၀၁၉ အာရှဖလားပြိုင်ပွဲဝင်ခွင့်အတွက်ပါ ထည့်သွင်းတွက်ချက်ထားသောကြောင့် မြန်မာအသင်းသည် အဆင့်လေးနေရာရ အသင်းများ၏ အကောင်းဆုံး လေးသင်းစာရင်းဝင်ခဲ့ရာ အာရှဖလား တတိယအဆင့် ခြေစစ်ပွဲသို့ ယှဉ်ပြိုင်ခွင့်ရရှိခဲ့ကြောင်း သိရသည်။

နွေရာသီအားကစား ၁၆ မျိုး သင်တန်းဆင်းပွဲ မြစ်ကြီးနား၌ ကျင်းပ

မြစ်ကြီးနား မတ် ၂၉

ကချင်ပြည်နယ် အားကစားနှင့် ကာယပညာဦးစီးဌာနက ဦးစီးဖွင့်လှစ်ခဲ့သည့် နွေရာသီအားကစား ၁၆ မျိုး သင်တန်းဆင်းပွဲကို မတ် ၂၉ ရက် နံနက်ပိုင်းက မြစ်ကြီးနားမြို့ ပြည်နယ်မိုးလုံလေလုံအားကစားကွင်း၌ ကျင်းပရာ သင်တန်းဆင်း လူငယ်မောင်မယ်များက မြန်မာ့သိုင်း သရုပ်ပြသကြသည်။

အဆိုပါသင်တန်းဆင်းပွဲတွင် ပြည်နယ်အားကစားနှင့် ကာယပညာဦးစီးဌာနရုံးမှ ဒုတိယညွှန်ကြားရေးမှူး ဦးသိန်းဝင်းက သင်တန်းဆင်းအမှာစကားပြောကြားပြီး တာဝန်ရှိသူများက အားကစားနည်းအလိုက် သင်တန်းဆင်းလက်မှတ်များ ပေးအပ်ချီးမြှင့်ခဲ့ကြသည်။

ယင်းသင်တန်းများကို မတ် ၃ ရက်မှ ၂၉ ရက်အထိ ပြေးခုန်ပစ်၊ ဘောလုံး၊ ကာယဗလ၊ အလေးမ၊ ရိုးရာခြင်းလုံး၊ အေရိုးဗစ်၊ မြန်မာ့သိုင်း၊ ပိုက်ကျော်ခြင်း၊ ကရာတေးဒို၊ လက်ဝှေ့၊ ရိုးရာလက်ဝှေ့၊ ဘတ်စကက်ဘော၊ ဘော်လီဘော၊ တင်းနစ်၊ ကြက်တောင်၊ စာပွဲတင်တင်းနစ် အားကစားနည်းများ ဖွင့်လှစ်သင်ကြားပေးခဲ့ရာ သင်တန်းသား သင်တန်းသူ ၅၆၅ ဦး တက်ရောက်ခဲ့ကြသည်။ **မင်းရာဇာ(မြစ်ကြီးနား)**

၂၀၁၈ ကမ္ဘာ့ဖလား အာရှရုန် ခြေစစ်ပွဲရလဒ်များ

၂၉-၃-၂၀၁၆

အုပ်စု (A)

ပါလက်စတိုင်း	၇-၀	တီမော
ယူအေအီး	၁-၁	ဆော်ဒီ

အုပ်စု (B)

သြစတြေးလျ	၅-၁	ကျော်ဒန်
တာဂျစ်ကစ္စတန်	၀-၁	ကာဂျစ်စတန်

အုပ်စု (C)

တရုတ်	၂-၀	ကာတာ

အုပ်စု (D)

အိန္ဒိယ	၁-၂	တာ့ခ်မင်နစ္စတန်
အီရန်	၂-၀	အိုမန်

အုပ်စု (E)

အာဖဂန်နစ္စတန်	၂-၁	စင်ကာပူ
ဂျပန်	၅-၀	ဆီးရီးယား

အုပ်စု (F)

အီရတ်	၁-၀	ဗီယက်နမ်

အုပ်စု (H)

ဖိလစ်ပိုင်	၃-၂	မြောက်ကိုရီးယား
ဥဇဘတ်ကစ္စတန်	၁-၀	ဘာရိန်း

■ **သီဟ**

MYANMAR SEARCH INT'L
Knowledge . Career . Family
ကမ္ဘာ ရှေးဟောင်း အမွေအနှစ်များတည်ရှိရာ (ပီနန်)မြို့တော် မိတ်ဆက်ပွဲ
Penang Tourism
www.visitpenang.gov.my
တက္ကသိုလ်ကျောင်းများနှင့်ကျန်းမာရေးဝန်ဆောင်မှုများအကြောင်းဆွေးနွေးမည်၊
Organized By
Myanmar Search International (MSI)
Overseas Education
Air Asia flights from YANGON to PENANG NEW ROUTE
"GEORGE TOWN RANKED WORLD'S NO.4 BEST CITIES TO TRAVEL IN 2016"
By Lonely Planet
စတင်တိုက်ရိုက်ပျံသန်းပြေးဆွဲပြီ!



Penang Fair at Summit Park View Hotel
1 April 2016
10:00 am to 12:00 noom
PENANG STATE TOURISM DEVELOPMENT OFFICE
Tel : 04 - 6505136 / 2619012 , Hotline : 016 - 4110000.
Fax : 04 - 2618744.
Email : info@visitpenang.gov.my . www.visitpenang.gov.my
Myanmar MSI
09-5103915,01-389915,01-250929
www.msieducation.com
Facebook/Myanmar Search International

အမည်ပြောင်း

မွန်ပြည်နယ်၊ လမိုင်းမြို့၊ မော့ကနင်ရွာသစ်ကျေးရွာနေ ဦးအောင်တင်၏ သမီး မရင်မလေးအား မိဆိုက်ခွန်ဟု ပြောင်းလဲခေါ်ပါရန်။
မိဆိုက်ခွန် ၁၀/လမန(နိုင်)၀၁၄၈၅၂

တစ်ဦးတည်းဖြစ်ပါကြောင်း

နေပြည်တော် ပျဉ်းမနားမြို့၊ ရွှေချီရပ်နေ ဦးဝင်းနိုင် ၉/ပမန(နိုင်)၀၁၉၁၀၄ ၏သမီး မအိသန္တာဝင်း(ခ) မဦးဦးခိုင်မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။**မအိသန္တာဝင်း(ခ)မဦးဦးခိုင်**

မွေးနေ့မင်္ဂလာ ဆုတောင်းလွှာ

ဧရာဝတီတိုင်းဒေသကြီး အစိုးရအဖွဲ့ဝန်ကြီးချုပ် သီရိပျံချီဦးသိန်းအောင်၏ ၂၈-၃-၂၀၁၆ ရက်တွင် ကျရောက်သော (၆၉)နှစ်ပြည့် မွေးနေ့မင်္ဂလာမှ သည် နှစ်ပေါင်း (၁၀၀)တိုင် ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာစေကြောင်း ဆုမွန်ကောင်း တောင်းအပ်ပါသည်။

ဦးတင်လှိုင် စာရေးဆရာမောင်တင်လှိုင် (ဟိုတယ်/ခရီး)
ဇနီး ဒေါ်ခင်အေးမိသားစု

ငြင်းချက်ထုတ်ရန်သမ္မန်စာ
(တရားမကျင့်ထုံး ကိုဧဥပဒေအမိန့်-၅၊ နည်း-၂၀)
မော်လမြိုင်မြို့နယ်တရားမရုံး၌
၂၀၁၆ ခုနှစ် တရားမကြီးမှုအမှတ်-၃၆

ဦးမျိုးဟန် နှင့် ဒေါ်ယဉ်ယဉ်မြ
တရားလို **တရားပြိုင်**

အမှတ် ၉၃၊ ကင်မွန်းခြုံကန်လမ်း၊ ဒေါင်းဇရပ်၊ မော်လမြိုင်မြို့နေ ဒေါ်ယဉ်ယဉ်မြ (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလိုက ပဋိညာဉ်အတိုင်း အရောင်းအဝယ်စာချုပ်ကို မှတ်ပုံတင်ပေးစေလိုမှု လျှောက်ထားစွဲဆိုခြင်းရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၄င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင်၏ကိုယ်စားလှယ်ရုံး အခွင့်အမိန့်ရ ရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၄င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၄င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၆ခုနှစ် ဧပြီ ၈ရက် (၃၃၇စနှစ် တန်ခူးလဆန်း ၁ရက်) မွန်းမတည့်မီ ၁၀နာရီတွင် အထက်အမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၄င်းအပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၄င်းအပြင် တရားလိုကကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်က ထုချေတင်ပြလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၆ခုနှစ် မတ် ၂၅ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(အေးမြစန္ဒာချို)
တွဲဖက်မြို့နယ်တရားသူကြီး(၁)
မော်လမြိုင်မြို့နယ်တရားရုံး

တစ်ဦးတည်းဖြစ်ပါကြောင်း

သထုံမြို့နယ်၊ နောင်ကုလားကျေးရွာအုပ်စုနေ ဦးပါ၏သား ဦးအောင်မြင့် ၁၀/သထန(နိုင်)၀၀၇၇၇၇နှင့် ဦးအုန်းမြင့်မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။ **ဦးအောင်မြင့်(ခ)ဦးအုန်းမြင့်**

အမည်ပြောင်း

ဦးစိုင်းရဲ့ဇင်၏ သားများဖြစ်ကြသော အထက(ငါနီးဇွန်) နဝမတန်း(D)မှ မောင်သီဟ ၁၃/တကန(နိုင်)၃၁၂၈၇၉အား မောင်သီဟစ်ဟုလည်းကောင်း၊ နဝမတန်း(B)မှ မောင်သူရ ၁၃/တကန(နိုင်)၃၁၂၈၀၅ အား မောင်သူရစ် ဟု လည်းကောင်း ပြောင်းလဲခေါ်ပါရန်။

မောင်သီဟစ်၊ မောင်သူရစ်

ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် ၉၄/၂၇၄၄၅
TRAWLERGI FARM TRUCK

ယာဉ်လက်ဝယ်ရှိသူ ဒေါ်မာရီ ၁၃/မဖန(နိုင်)၀၀၂၉၇၃၈ (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြေငြာသည့် ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါ ရုံးသို့ လုံကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကည၊ တွဲဖက်ပြည်နယ်ရုံး(ကျိုင်းတုံ)

အများသိစေရန်ကြေညာခြင်း

၁။ လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ မြန်မာ့စက်မှုသီးနှံဖွံ့ဖြိုးရေးလုပ် ငန်းနှစ်ရှည်ပင်နှင့် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းဌာန(စိုက်မွေး)လုပ်ငန်း၊ ကော်ဖီစိုက်ပျိုးထုတ်လုပ်မှုလုပ်ငန်း၊ ပြင်ဦးလွင်မြို့၏ ၁၅-၆-၂၀၀၃ ခုနှစ် ရက်စွဲပါ စာအမှတ် စမ(ထွေစီ ၂၇)/ဝ၁၉/ဝ၁-၀၂ဖြင့် ကော်ဖီတိုးချဲ့လုပ်ငန်း စိုက်ပျိုးရေးစီမံကိန်းတွင် ကော်ဖီစိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်နိုင်ရန်အတွက် ပြင်ဦးလွင်မြို့နယ်၊ ဂေါက်ကွင်းတောင်ပိုင်း၊ မြေကွက်အမှတ်(၂/၃) အကျယ်အဝန်းဧရိယာ(၃၅သမ ၈၀ဧက)တို့ကို အမှတ်(၁၅၂)၊ ၇စလမ်း၊ ၃၉-၄၀ကြား၊ ဟေမမာလာတောင်ရပ်၊ မဟာအောင်မြေမြို့နယ်နေ ဦးတင်ဆန်း၊ ဒေါ်ခင်ဝင်းတို့အား ကော်ဖီနှစ်ရှည်သီးနှံစိုက်ပျိုးခွင့်စာချုပ်ချုပ်ဆိုပြီး စည်းကမ်းများနှင့်အညီ နှစ်(၂၀) စိုက်ပျိုးလုပ်ကိုင်ခွင့်ပြုခဲ့ပါသည်။

၂။ အဆိုပါကော်ဖီစိုက်ပျိုးလုပ်ကိုင်ခွင့် မြေနေရာချထားသည့် အမိန့်စာမူရင်းသည် နှစ်ပေါင်းများစွာကြာမြင့်ပြီး ရုံးခန်းနေရာပြောင်းရွှေ့ရင်း ပျောက်ဆုံးသွားပါကြောင်း ကြေညာအပ်ပါသည်။ **ဒေါ်ခင်ဝင်း ၉/မရတ(နိုင်)၀၂၀၄၆၉**

သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

အမှတ်(၄၈၇)(က)၊ ရပ်ကွက်(၂၀)၊ အနော်ရထာလမ်း၊ လှိုင်သာယာမြို့နယ်နေ ဦးတင်ငွေ ၁၄/ဘကလ(နိုင်)၀၉၅၄၇၄-ဒေါ်အမူစိန် ၁၄/ဘကလ(နိုင်)၀၉၆၄၄၂ တို့၏သား မောင်ခင်မောင်သိန်း ၁၄/ဘကလ(နိုင်)၁၆၈၇၈၄သည် မိဘအား အကြိမ်ကြိမ် စိတ်ဆင်းရဲအောင်ပြုလုပ်နေပါသဖြင့် ၄င်းအား သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်သည်။ နောက်နောင်တွင် ၄င်းနှင့် ပတ်သက်သောကိစ္စအဝဝအားလုံးကို တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါ။ စုံစမ်းမေးမြန်းခြင်း သည်းခံပါ။

ဦးတင်ငွေ-ဒေါ်အမူစိန်

အများသိစေရန်ကြေညာခြင်း

၁။ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ မြန်မာ့စက်မှုသီးနှံဖွံ့ဖြိုးရေးလုပ်ငန်း နှစ်ရှည်ပင်နှင့် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းဌာန(စိုက်မွေး)လုပ်ငန်း၊ ကော်ဖီစိုက်ပျိုးထုတ်လုပ်မှုလုပ်ငန်း၊ ပြင်ဦးလွင်မြို့၏ ၁၅-၆-၂၀၀၃ ရက်စွဲပါ စာအမှတ် စမ(ထွေစီ ၂၇)/ဝ၆၂/ဝ၂-၀၃ ဖြင့် ကော်ဖီတိုးချဲ့လုပ်ငန်း စိုက်ပျိုးရေးစီမံကိန်းတွင် ကော်ဖီစိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်နိုင်ရန်အတွက် ပြင်ဦးလွင်မြို့နယ် ဂေါက်ကွင်းတောင်ပိုင်း၊ မြေကွက်အမှတ်(၁၉)၊ အကျယ်အဝန်းဧရိယာ (၃ဧက)တို့ကို အမှတ် ၁၅၂၊ ၇စ လမ်း၊ ၃၉-၄၀ကြား၊ ဟေမမာလာတောင်ရပ်၊ မဟာအောင်မြေမြို့နယ်နေ ဦးတင်ဆန်း၊ ဒေါ်ခင်ဝင်းတို့အား ကော်ဖီနှစ်ရှည်သီးနှံစိုက်ပျိုးခွင့်စာချုပ်ချုပ်ဆိုပြီး စည်းကမ်းများနှင့်အညီ နှစ်(၂၀) စိုက်ပျိုးလုပ်ကိုင်ခွင့်ပြုခဲ့ပါသည်။

၂။ အဆိုပါကော်ဖီစိုက်ပျိုးလုပ်ကိုင်ခွင့် မြေနေရာချထားသည့် အမိန့်စာမူရင်းသည် နှစ်ပေါင်းများစွာကြာမြင့်ပြီး ရုံးခန်းနေရာပြောင်းရွှေ့ရင်း ပျောက်ဆုံးသွားပါကြောင်း ကြေညာအပ်ပါသည်။ **ဒေါ်ခင်ဝင်း ၉/မရတ(နိုင်)၀၂၀၄၆၉**

နိုင်ငံတကာအကူအညီ၏ ပွင့်လင်းမြင်သာသော သတင်းအချက်အလက်စနစ်

ချိုချိုဝင်း၊ သူဇာခင်(စီမံ/စီပွား)

နိုင်ငံတစ်နိုင်ငံ၏ လူမှုစီးပွားရေးတည်ဆောက်ရန် လိုအပ်သော ငွေကြေးအရင်းအနှီးကို နိုင်ငံတွင်းရှိ ထုတ်လုပ်မှု၊ ဝန်ဆောင်မှု၊ စုဆောင်းမှု၊ ရင်းနှီးမြှုပ်နှံမှုစသည်တို့အပြင် ရရှိနိုင်သည့် အခြားအရင်းအမြစ်တစ်ရပ်မှာ နိုင်ငံခြား အကူအညီအထောက်အပံ့များ ဖြစ်ပါသည်။ လူမှုစီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုကို တည်ဆောက်ရာတွင် နိုင်ငံတော်ဘတ်ဂျက်သာမက နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှုများနှင့် နိုင်ငံတကာအကူအညီ အထောက်အပံ့များသည်လည်း အရေးပါသည့် အခန်းကဏ္ဍမှ ပါဝင်ပါသည်။ မြန်မာနိုင်ငံအနေဖြင့် နိုင်ငံခြားအကူအညီ အထောက်အပံ့များကို အခြားသော ဖွံ့ဖြိုးဆဲနိုင်ငံများနည်းတူ လက်ခံရရှိခဲ့ပါသည်။ သို့ရာတွင် အကြောင်းအမျိုးမျိုးကြောင့် ကုလသမဂ္ဂဆိုင်ရာအဖွဲ့များ၏ အကူအညီသည် အဓိက နိုင်ငံခြားအကူအညီဆိုင်ရာ အရင်းအမြစ်အဖြစ် အချိန်ကာလတစ်ခုအထိ ရပ်တည်ခဲ့သော်လည်း ယခုအချိန်အခါတွင် ဖွံ့ဖြိုးမှုမိတ်ဖက်များ၏ အကူအညီများလည်း တိုးတက်ရရှိလာပြီဖြစ်ပါသည်။

နိုင်ငံ၏ ပွင့်လင်းပြောင်းလဲလာသည့် အနေအထားများ၊ ၂၀၁၁ ခုနှစ် ဧပြီလမှ စတင်အကောင်အထည်ဖော်လာသည့် နိုင်ငံရေး၊ စီးပွားရေး၊ စီမံအုပ်ချုပ်မှုနှင့် ပုဂ္ဂလိကကဏ္ဍ ပြုပြင်ပြောင်းလဲမှုဆိုင်ရာ တိုးတက်မှုများ၊ အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေးနှင့် ပြည်သူ့ဗဟိုပြု စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းအမျိုးမျိုးကြောင့် အလှူရှင်နိုင်ငံ အဖွဲ့အစည်းအရေအတွက်လည်း တစ်စတစ်စ တိုးတက်လာသကဲ့သို့ ငွေကြေးအကူအညီ၊ နည်းပညာကျွမ်းကျင်မှု အကူအညီစသော အကူအညီအသွယ်သွယ်သည်လည်း တိုးတက်ဝင်ရောက်လာပါသည်။ ဖွံ့ဖြိုးမှုမိတ်ဖက်များ၏ လေ့လာမှုအနေအထားများအရ ၂၀၁၁ ခုနှစ် နောက်ပိုင်းတွင် မြန်မာနိုင်ငံသည် အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများ၏ တရားဝင်ဖွံ့ဖြိုးမှုအကူအညီများ တိုးတက်ရရှိလာဖြင့် ၂၀၁၃ ခုနှစ်နှင့် ၂၀၁၄ ခုနှစ် ကာလများအတွင်း အကူအညီရရှိမှုအများဆုံးနိုင်ငံတစ်နိုင်ငံအဖြစ် ရည်ညွှန်းခံခဲ့ရပါသည်။

သို့ဖြစ်၍ ထိုသို့သော အကူအညီ အထောက်အပံ့ အရပ်ရပ်ကို မှန်ကန်ထိရောက်စွာ အသုံးပြုခြင်း ရှိ မရှိကို ကြီးကြပ်သင့်လာပါသောကြောင့် အပြည်ပြည်ဆိုင်ရာ အလှူရှင်များနှင့် အသုံးပြုမည့် သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရများ၊ စည်ပင်သာယာရေးကော်မတီများမှ တာဝန်ရှိသူများ ပါဝင်၍ နှစ်ဖက်ညှိနှိုင်းမှုများဖြင့် စနစ်ကျနစွာ ပြုလုပ်လက်ခံခြင်း၊ အကောင်အထည်ဖော်ခြင်းများကို ပြုလုပ်နေပါသည်။ လုပ်ငန်းများကို ထိရောက်မှန်ကန် မြန်ဆန်စေရန် အဆင့်မြင့်ညှိနှိုင်းရေးအဖွဲ့အစည်း(၂)ရပ် ဖြစ်သည့် နိုင်ငံတော်သမ္မတ ဦးဆောင်သည့် နိုင်ငံခြားအကူအညီအထောက်အပံ့စီမံခန့်ခွဲရေးဗဟိုကော်မတီ (Foreign Aid Management Central Committee -FAMCC) နှင့် သမ္မတရုံးဝန်ကြီးဌာန(၃) ပြည်ထောင်စုဝန်ကြီး ဦးဆောင်သည့် နိုင်ငံခြားအကူအညီ အထောက်အပံ့စီမံခန့်ခွဲရေးလုပ်ငန်းကော်မတီ (Foreign Aid Management Working Committee – FAMWC) တို့ကို ဖွဲ့စည်းဆောင်ရွက်ပါသည်။

တစ်ဖက်တွင်လည်း စီးဝင်လာသည့် နိုင်ငံခြားအကူအညီအထောက်အပံ့များကို အမှန်တကယ် လိုအပ်သော ဒေသများ၊ လုပ်ငန်းများ၊ ပြည်သူများထံသို့ ရောက်ရှိခြင်း ရှိ မရှိ၊ မည်မျှရောက်ရှိသည်ကို ပွင့်လင်းမြင်သာမှုရှိစေရန် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဦးစီးဌာနသည် ပြည်သူတို့ အကြိုက်ဖြစ်ပြီး မြန်မာ့မြေသို့ရောက်လာသည့် နိုင်ငံခြားသားများအကြားတွင်လည်း ရေပန်းစားသည့် မြန်မာ့အစားအသောက် တစ်မျိုးအမည်ဖြစ်သည့် "မုန့်ဟင်းခါး" အမည်ဖြင့် အင်တာနက်အခြေခံ နိုင်ငံခြားအကူအညီသတင်းအချက်အလက်စီမံခန့်ခွဲမှုစနစ် (Aid Information Management Systems-AIMS) www.mohinga.info ကို အီးယူ၏ အထောက်အပံ့၊ ဩစတြေးလျှနိုင်ငံမှ နိုင်ငံခြားအကူအညီဆိုင်ရာ ကျွမ်းကျင်သူ၏ ပညာရပ်ဆိုင်ရာအကူအညီ၊ ဌာနတွင်း အိုင်တီပညာရှင်များ၏ ပေါင်းစည်းပါဝင်ဆောင်ရွက်မှု၊ အလှူရှင်နိုင်ငံများ၊ အပြည်ပြည်ဆိုင်ရာနှင့် ကုလသမဂ္ဂအဖွဲ့အစည်းများ၏ ပူးပေါင်းကူညီမှုများဖြင့် တည်ထောင်လွှင့်တင်ထားပြီးဖြစ်ရာ နိုင်ငံတော်သို့ စီးဝင်လာသည့် အကူအညီ အထောက်အပံ့များကို ပြည်သူများ အလွယ်တကူ လေ့လာကြည့်ရှုနိုင်ရန် အဆိုပါဝက်ဘ်ဆိုက်အကြောင်းကို အောက်ပါအတိုင်း ဝေမျှလိုက်ပါသည်။

နိုင်ငံခြားအကူအညီသတင်းအချက်အလက် စီမံခန့်ခွဲမှုစနစ် (Aid Information Management Systems-AIMS) နှင့် မုန့်ဟင်းခါး(Mohinga) ဝက်ဘ်ဆိုက်

၂၀၁၃ ခုနှစ် ဇန်နဝါရီလ ၁၉ ရက်နေ့နှင့် ၂၀ ရက်နေ့တွင် ကျင်းပပြုလုပ်ခဲ့သော ပထမအကြိမ် မြန်မာနိုင်ငံ ဖွံ့ဖြိုးတိုးတက်မှု ပူးပေါင်းဆောင်ရွက်ရေး ဖိုရမ် (1st Myanmar Development Cooperation Forum – 1st MDCF)မှ ထုတ်ပြန်ခဲ့သည့် နေပြည်တော် သဘောတူညီချက် (Nay Pyi Taw Accord) ၌ "စီမံကိန်းနှင့် ဘတ်ဂျက်ရေးဆွဲခြင်းကို အထောက်အကူပြုရန်အတွက် နိုင်ငံခြားအကူအညီ စီမံခန့်ခွဲမှု သတင်းအချက်အလက်စနစ်တစ်ရပ်ဖြစ်ပေါ်ရေးလုပ်ဆောင်ရန်နှင့် အစိုးရနှင့် ဖွံ့ဖြိုးမှုမိတ်ဖက်များ၏ နိုင်ငံခြားအကူအညီ အထောက်အပံ့များ ထိရောက်မှုရှိရေး ဆောင်ရွက်မှုကို စောင့်ကြပ်ကြည့်ရှုနိုင်မည့် မူဘောင်တစ်ရပ် ဖြစ်ပေါ်စေရန်" ပါဝင်ရာ ထိုရည်မှန်းချက်လုပ်ငန်းကို နိုင်ငံခြားအကူအညီ သတင်းအချက်အလက် စီမံခန့်ခွဲမှုစနစ်(AIMS) ဝက်ဘ်ဆိုက်ကို ထူထောင်ခြင်းက လုပ်ငန်းများအတွက် အသက်စတင်သွင်းသည့် သဘောလည်းဖြစ်ပါသည်။ AIMS သည် ပေးအပ်သော အကူအညီများ အကျိုးရှိထိရောက်စေရေးနှင့် ပွင့်လင်းမြင်သာမှုရှိစေရေးသာမက ဦးစားပေးအစီအစဉ်များ၊ ဘတ်ဂျက်ရေးဆွဲမှုများနှင့် ကိုက်ညီမှုရှိစေရန်၊ ဖွံ့ဖြိုးမှုပူးပေါင်းဆောင်ရွက်ရေးတွင် အစီရင်ခံမှုများ တိတိကျကျ အချိန်နှင့်တစ်ပြေးညီ သိရှိနိုင်ရန် စသည်တို့ကိုလည်း ရည်ရွယ်ပါသည်။

နိုင်ငံခြားအကူအညီ သတင်းအချက်အလက် စီမံခန့်ခွဲမှုစနစ် (AIMS) ဝက်ဘ်ဆိုက် "www.mohinga.info" အား ၂၀၁၅ ခုနှစ် ဖေဖော်ဝါရီလ ၇ ရက်နှင့် ၈ ရက်နေ့တို့တွင် နေပြည်တော်၌ကျင်းပသော တတိယအကြိမ် မြန်မာနိုင်ငံ ဖွံ့ဖြိုးတိုးတက်မှု ပူးပေါင်းဆောင်ရွက်ရေးဖိုရမ် (3rd Myanmar Development Cooperation Forum-3rd MDCF) တွင် အောင်မြင်စွာ လွှင့်တင်ခဲ့ပါသည်။ အဆိုပါစနစ်မှာ အလှူရှင်နိုင်ငံများ၊ အပြည်ပြည်ဆိုင်ရာနှင့် ကုလသမဂ္ဂအဖွဲ့အစည်းများ စသည်တို့အနေဖြင့် မြန်မာနိုင်ငံအတွက် အကူအညီပေးမှုများဆိုင်ရာ အချက်အလက်များကို အချိန်နှင့်တစ်ပြေးညီ နိုင်ငံခြားအကူအညီ စီမံခန့်ခွဲမှုသတင်းအချက်အလက် စနစ်(AIMS) အတွင်းသို့ ၄င်းတို့ ကိုယ်တိုင် ဝင်ရောက်ဖြည့်သွင်းစေသည့် စနစ်ဖြစ်ပါသည်။ ထိုစနစ်တွင် ၄င်းတို့က တိုက်ရိုက်ဆောင်ရွက်သည့် စီမံချက်များကိုပါ ထည့်သွင်းဖော်ပြထားပါသည်။ အဆိုပါ သတင်းအချက်အလက်စနစ်က မြန်မာအစိုးရနှင့် ဖွံ့ဖြိုးမှုမိတ်ဖက်များအကြား ဖွံ့ဖြိုးမှုလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်ရာတွင် ထိရောက်မှုရှိစေမည်ဖြစ်ပြီး မြန်မာနိုင်ငံသို့ နိုင်ငံခြားအကူအညီများ စီးဝင်လာမှုကို အများပြည်သူ လွယ်ကူစွာသိရှိစေမည် ဖြစ်ပါသည်။

ဖွံ့ဖြိုးပြီးနှင့် ဖွံ့ဖြိုးဆဲနိုင်ငံအများစုသည် နိုင်ငံတကာမှရရှိသော အကူအညီအထောက်အပံ့ဆိုင်ရာ သတင်းအချက်အလက်များကို ပွင့်လင်းမြင်သာစွာနှင့် အကျိုးရှိထိရောက်မှုရှိစွာ အသုံးပြုစေရေးအတွက် နိုင်ငံခြားအကူအညီ သတင်းအချက်အလက် စီမံခန့်ခွဲမှုစနစ်(AIMS)ကို လုပ်ဆောင်လျက်ရှိရာ မြန်မာနိုင်ငံသည်လည်း အလှူများကို လက်ခံဆောင်ရွက်နေသည့် အခြားနိုင်ငံများနည်းတူ လိုက်ပါဆောင်ရွက်နိုင်ကြောင်းကိုလည်း သက်သေပြနိုင်ခဲ့ပါသည်။ မြန်မာ့ AIMS စနစ်၏ မုန့်ဟင်းခါး (Mohinga)ဝက်ဘ်ဆိုက်ကို ဝင်ရောက်အသုံးပြုမည့်သူများအတွက် လွယ်ကူစွာ ပွင့်လင်းမြင်သာမှုရှိစွာ ဖော်ပြထားသောအချက်အလက်များ ရယူနိုင်ရန်လမ်းညွှန် (Help Text Function)ကို ထည့်သွင်း ဖော်ပြထားပါသည်။

မုန့်ဟင်းခါးဝက်ဘ်ဆိုက်မှ သိရှိနိုင်သည့် အချက်အလက်များ

မုန့်ဟင်းခါးဝက်ဘ်ဆိုက်တွင် မြန်မာနိုင်ငံအတွင်း ဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်ရန် အကူအညီထောက်ပံ့မှုများပေးနေသော အလှူရှင်နိုင်ငံများ၊ အဖွဲ့အစည်းများ(Financing Partners)၊ ကြားခံဝန်ဆောင်မှုအဖွဲ့အစည်း (Executing Agency)၊ အကောင်အထည်ဖော်သည့်အဖွဲ့အစည်း (Implementing Agency) များမှ ဆောင်ရွက်သောလုပ်ငန်းများ၏ အနှစ်ချုပ်စာမျက်နှာ၊ ဒေသမူတည်၊ ဌာန/အဖွဲ့အစည်း မူတည်၊ ကဏ္ဍမူတည်၊ နိုင်ငံ/အဖွဲ့အစည်း မူတည်၊ ဖွံ့ဖြိုးမှု မိတ်ဖက်အဖွဲ့အစည်းများ၊ လုပ်ငန်းစီမံချက်များတစ်ခုချင်းအလိုက် စသည်တို့နှင့် စပ်လျဉ်း၍ အချက်အလက်များ ရယူနိုင်ရန် စီစဉ်ဆောင်ရွက်ပေးထားပါသည်။

အနှစ်ချုပ်စာမျက်နှာ(Overview)

ဤစာမျက်နှာတွင် အကူအညီ အထောက်အပံ့နှင့် နည်းပညာရရှိမှုများကို နှစ်အပိုင်းအခြားကန့်သတ်၍ အချက်အလက်များ ရယူနိုင်မည်ဖြစ်ပါသည်။ ဖော်ပြပါကာလအတွင်း ဖွံ့ဖြိုးမှုမိတ်ဖက်နှင့် အကောင်အထည်ဖော်သည့် အဖွဲ့အစည်းများ၏ commitments ငွေပမာဏ၊ Disbursement ငွေပမာဏ၊ စုစုပေါင်း စီမံချက်အရေအတွက်ကို လည်းကောင်း၊ ဆောင်ရွက်ပြီး၊ ဆောင်ရွက်ဆဲ၊ ညှိနှိုင်းဆဲနှင့် အကောင်အထည်ဖော်နေသည့် စီမံချက် အရေအတွက်ကိုလည်းကောင်း နယ်ပယ်များကို သိရှိနိုင်မည် ဖြစ်ပါသည်။ ထို့ပြင် နိုင်ငံအဖွဲ့အစည်းများမှ ချေးငွေစီမံချက်များကိုလည်း ထည့်သွင်းဖော်ပြထားသည်ကို တွေ့ရှိနိုင်မည် ဖြစ်ပါသည်။

အနှစ်ချုပ်စာမျက်နှာနမူနာပုံစံ



ဒေသမူတည်စာမျက်နှာ (Aid by Location Dashboard)

ဒေသမူတည် (Location Detail) စာမျက်နှာတွင် သက်ဆိုင်ရာ တိုင်းဒေသကြီး၊ ပြည်နယ်၌ ဖွံ့ဖြိုးမှုဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းစီမံချက်များ၊ ဆောင်ရွက်သည့်ကဏ္ဍများ၊ အကူအညီပေးအပ်သည့် အဖွဲ့အစည်းများကို ကြည့်ရှုနိုင်မည်ဖြစ်ပြီး အဆိုပါ တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် မြို့နယ်အဆင့် အကောင်အထည်ဖော်ဆောင်ရွက်နေသော လုပ်ငန်းစီမံချက်များနှင့် စီမံချက်ခန့်မှန်းတန်ဖိုးပမာဏများ သိရှိနိုင်မည် ဖြစ်ပါသည်။

ဒေသမူတည်စာမျက်နှာနမူနာပုံစံ



ဌာန/အဖွဲ့အစည်းမူတည်စာမျက်နှာ (Aid by Ministry/Organization Dashboard)

ဝန်ကြီးဌာနများနှင့် အဖွဲ့အစည်းများ စာမျက်နှာတွင် ဝန်ကြီးဌာနများနှင့် အဖွဲ့အစည်းများ တစ်ခုချင်းစီနှင့် ဆက်စပ်နေသော စီမံချက်/အစီအစဉ် အရေအတွက်များ၊ အကူအညီ အထောက်အပံ့ အများဆုံးပေးနေသော အဖွဲ့အစည်းများကိုလည်းကောင်း သိရှိနိုင်မည် ဖြစ်ပါသည်။

ဌာန/အဖွဲ့အစည်းမူတည် စာမျက်နှာနမူနာပုံစံ



(ဆက်လက်ဖော်ပြပါမည်)

မန္တလေးအကြောင်းပြောကြပြီဆိုလျှင် စာရေးဆရာ ဆူးငှက်၏ "မန္တလေးမျဉ်းဖြောင့်များ"အကြောင်းက အခြားသော မန္တလေးသား စာရေးဆရာ၊ စာရေးဆရာမကြီးများ၏ စာအုပ်များနည်းတူ မပါမဖြစ်ပြောဆိုခဲ့ကြရသည်။ အဘယ့်ကြောင့်ဆိုသော် သမိုင်းအစဉ်အလာကြီးမားသော မန္တလေးမြို့၏ပုံရိပ်များကို အပြောင်းအလဲမြန်သည့် နှစ်ကာလများတွင် မျက်ခြည်မပြတ် ရသဟန်ဖြင့် မှတ်တမ်းတင်ခဲ့သောကြောင့်ဖြစ်သည်။ အတိတ်နှင့်ပစ္စုပ္ပန်ကို ဆက်စပ်သုံးသပ်ပြသည့် ရေးဟန်ဖြစ်သည်။ "မန္တလေးမျဉ်းဖြောင့်များ"ကို မြန်မာ့နေစီးပွားရေးမဂ္ဂဇင်းတွင် ၁၉၉၆ ခုနှစ် မေလထုတ်မှစတင်၍ လစဉ်မပြတ်ရေးသားခဲ့သည်ဟု မှတ်မိနေသည်။ ၂၀၁၁ ခုနှစ်ဝန်းကျင် မြန်မာ့နေမဂ္ဂဇင်း မရပ်နားမီအထိ ရေးသားခဲ့ပုံရသည်။ အပြောင်းအလဲမြန်လွန်းသည့် ၁၉၉၀ ပြည့်လွန်ကာလများ(၀၁) ၂၁ ရာစုကြိုကာလများက မန္တလေးပုံရိပ်များသည်ပင် အခုတော့ သမိုင်းဖြစ်သွားပြန်ပါပြီ။ အဆိုပါ ကဏ္ဍမှ ကနဦးဆောင်းပါးများကို ၂၀၀၀ ပြည့်နှစ်က မန္တလေးစာအုပ်တိုက် အစီအစဉ်ဖြင့် ဆောင်းပါး ၁၄ ပုဒ်ကိုစုစည်းကာ "မန္တလေးမျဉ်းဖြောင့်များ" အမည်ဖြင့် စာအုပ်ထုတ်ဝေခဲ့ဖူးသည်။ အဆိုပါ စာအုပ်ကိုပင် ၂၀၀၃ ခုနှစ်တွင် 'The Straight Lines of Mandalay' အမည်ဖြင့် ဆရာရေချမ်း(မန္တလေး)က အင်္ဂလိပ်ဘာသာသို့ ပြန်ဆို၍ ဥတ္တရလွင်ပြင် စာအုပ်တိုက်က ထုတ်ဝေဖူးသည်။ ဆက်လက်ရေးသားခဲ့သော ဆောင်းပါးများကို မန္တလေးမျဉ်းဖြောင့်များ ဒုတိယတွဲအဖြစ် " ၄၅ တာ၊ ၁၄ခန်း ဇရပ်နှင့် ၇ သံချီညချမ်း" အမည်နှင့် ရတနာပုံစာအုပ်တိုက်က ၂၀၀၂ခုနှစ်တွင် ဆက်လက်ထုတ်ဝေခဲ့သည်။ ယခုတစ်ဖန် သမိုင်းဖြစ်သွားပြန်လေသော "မန္တလေးမျဉ်းဖြောင့်များ"ကို မြန်မာ့အလင်းက ပြန်လည်ဖော်ပြအပ်ပါသည်။ လတ်တလော နှစ် ၂၀ အတွင်း မန္တလေးသည် ဘာတွေအမြတ်ရ၍ ဘာတွေဆုံးရှုံးသွားလေပြီနည်း၊ ဘာတွေသင်ခန်းစာယူ၍ ဘာတွေဆင်ခြင်ရမည်နည်း၊ သခင်္ဂါရဟုဖြစ်စေ၊ ပြောင်းလဲခြင်းတရားဟုဖြစ်စေ၊ သုံးသပ်ရုံဖြင့် လုံလောက်မှုမရှိတော့တာက သေချာပါပြီ။ ထို့ကြောင့် ရှားပါးစာအုပ်ဖြစ်နေသော " ၄၅ တာ၊ ၁၄ ခန်းဇရပ်နှင့် ၇ သံချီညချမ်း" ကို သမိုင်းအဖြစ် ပြန်လည်ဆင်ခြင်နိုင်ရန် မပြုမပြင် မတည်းမဖြတ် ပြန်လည်ဖော်ပြအပ်ပါကြောင်း။

လမ်းလျှောက် အရှေ့ကျုံးလမ်း

ဆူးငှက်

စောစောအိပ်လို့
စောစေထလို့
စောစောလမ်းလျှောက်ကြပါစို့
တင် ... တောင်
တင် ... တောင်
ကိုယ်ခန္ဓာသန်စွမ်းစေဖို့
စိတ်နှလုံးရွင်ပြုံးစေဖို့
သူငယ်ချင်း အပေါင်းအသင်းများနဲ့ ပျော်ဖို့၊ ရွှင်ဖို့ ကျန်းမာစေဖို့။

မနက် ၃ နာရီထိုးကတည်းက အသံချဲ့စက်သံ တစာစာကြားနေရသည်။ ညကတည်းက ကောင်စီရုံးတွင် လက်မှတ်ထိုးပြီးနောက် ပြန်နေသော ဘောင်းဘီရှည်ကို ပြန်ချုပ်ကာ ကင်းဘတ်ရှူးဖိနပ်ကို ရေဆေးကြောပြီး မြေဖြူသုတ်ထားရတာ၊ အဖေ့ခြေအိတ်ယူထားရတာနှင့် ပြင်ဆင်နေရသောကြောင့် တော်တော်နှင့်အိပ်ရာမဝင်နိုင်ခဲ့။

အိပ်ရာထဲရောက်လို့မှ မှေးခနဲ အိပ်ပျော်ကာရှိသေး၊ အသံချဲ့စက်ကြောင့် ဖျတ်ခနဲနိုးလာသည်။ မြောက်ဘက်အိမ်ကလည်း တံခါးဖွင့်သံ၊ မျက်နှာသစ်သံ ကြားရသည်။ မျက်နှာချင်းဆိုင်တိုက် ဆင်ဝင်အောက်မှာလည်း မီးလုံးတစ်လုံးပွင့်လာပြီး ဘိလတ်တံခါး တဂျောင်းဂျောင်းဖွင့်သံ ကြားလိုက်ရ၏။

အား . . . ၃ နာရီတဲ့။ ဒီအချိန်ကထပြီး ပြင်ဆင်ပါမှ စုရပ်သို့ ၄ နာရီမထိုးခင် ရောက်မည်။ မနက် ၅ နာရီထိုးတာနဲ့ စုပေါင်းလမ်းလျှောက်ပွဲ စတင်ကြမည်မဟုတ်ပါလား . . . ။

မိမိအိမ်မှာက အသက် ၇၀ ကျော် အဖေနှင့်အမေပဲရှိတာမို့ လမ်းလျှောက်ပွဲမှာ မိမိပဲလိုက်ပါနိုင်ရန် လက်မှတ်ထိုး စာရင်းပေးခဲ့၏။ အစ်ကိုတွေ၊ အစ်မဝမ်းကွဲတွေ၊ ဦးလေးတွေ၊ သူငယ်ချင်းတွေလည်း ပါမှာဆိုတော့ အစောကြီးထရမည်ကို သိပ်မမှု၊ ဂရုမထား . . . ။ ပျော်ပျော်ပါးပါး လမ်းလျှောက်ပွဲဆင်နွှဲမည်ဟုသာ။

ဒီဇင်ဘာလဆန်းသည်နှင့် ရေဒီယိုက အားကစားလ လို့ဆော်သီချင်းတွေ တစာစာလာနေပြီ။ ကောင်စီရုံးကလည်း ဒီဇင်ဘာ အားကစားလမှာ အားကစားပြိုင်ပွဲတွေ တနင်္ဂနွေနေ့တိုင်း ကျင်းပဖို့ စည်းဝေးပြင်ဆင်နေကြတာ အကြိမ်ကြိမ်။

မာရသွန်ပြိုင်မည်သူ၊ မီတာ ၁၀၀ ပြိုင်မည်သူ၊ ဂျပန်ဂိုးကျဉ်း ဘောလုံးပွဲနွဲ့မည်သူ၊ ထုပ်ဆီးတိုး၊ ခေါင်းအုံးရိုက်၊ အလျားခုန်မှစ၍ လေးငါးနှစ်ကလေးငယ်လေးကလည်း မုန့်စားပြေးပွဲ၊ အပ်ထိုးပြေးပွဲ၊ သံပုံးရိုက်ပွဲတွေ နွဲ့ဖို့ အားခဲထားကြသည်။

ဒီဇင်ဘာလ၏ တနင်္ဂနွေနေ့ဆိုလျှင် လမ်းတိုင်း အပြတိုင်းမှာ လမ်းတွေ ပိတ်ပြီး အားကစားပြိုင်ပွဲမျိုးစုံ အပြိုင်အဆိုင် ကျင်းပကြသည်။

မြို့နယ်က မနက် ၅ နာရီမှာ စုပေါင်းလမ်းလျှောက်ပွဲစတင် တာလွတ်မည်ဆိုလျှင် သက်ဆိုင်ရာရပ်ကွက်က ဆယ်အိမ်မျူးများအား မနက် ၄ နာရီ စုရပ်အရောက် ခေါ်လိုက်၏။ ဆယ်အိမ်မျူးများက အိမ်ပေါက်စေ့ မနက် ၃ နာရီလာရမည်ဟု ဆော်သြသွားလေသည်။

တခြား အားကစားပြိုင်ပွဲတွေကိုတော့ စိတ်မဝင်စားလှ။ လမ်းလျှောက်ပြိုင်ပွဲကိုတော့ သဘောကျသည်။ အပေါင်းအသင်းတစ်စုနှင့် ပြောကာ၊ ဆိုကာ၊ ရယ်ကာ၊ မောကာနဲ့ အများနည်းတူ ရောပါသွားရခြင်းဖြစ်၏။ ပြီးတော့ ၂၆ ဘီလမ်းအတိုင်းတက်ပြီး မင်္ဂလာတံခါးကျော်ကာ အရှေ့ကျုံး ထောင့်ရောက်တော့ အရှေ့ရှမ်းရိုးမပေါ်မှာ အရုဏ်ပျို့စလာပေပြီ။

အရုဏ်ကိုကြိုပြီး ကျုံးလမ်းတစ်လျှောက် လမ်းလျှောက်ရခြင်းအရသာက ဘာနဲ့မှလဲမရ။ သည်အချိန်က ဆရာသိန်းဖေမြင့်၏ မန္တလေးကျုံးဘေးမှာ လမ်းလျှောက်ကာ ဝတ္ထုတိုလေးကိုဖတ်ပြီး ဆရာ့လိုကျုံးဘေးလမ်းလျှောက်ရင်း အတွေးတွေ၊ မြင်ကွင်းတွေ ဖြန့်ကြက်ချင်တာလည်းပါလိမ့်မည်။

အရှေ့ကျုံးထောင့်ကိုရောက်တော့ လမ်း၏ညာဘက်သို့ စောင်းငဲ့ကြည့်မိ စမြဲဖြစ်သည်။ ထိုနေရာမှာ ဝင်းကျယ်ကြီး၌ ရှေးဟောင်းအုတ်တိုက်နီကြီး တစ်လုံးရှိ၏။

ထိုအဆောက်အအုံတည်ရှိရာ ဝင်းကျယ်ကြီး၏ရှေ့တွင် နေကြာပန်းခင်းကြီးတစ်ခင်းရှိသည်။ နေကြာပန်းခင်းသည် မန်ကျည်းပင်ကြီးများကြားမှ အရုဏ်ဦးနေရောင် ရွှေရည်ကိုင့်လင့်နေကြ၏။ ဝင်းကြီး၏ တောင်ဘက်ခြမ်း၊ အဆောက်အအုံနီနီ၏ နောက်ဖေးတွင် လယ်တစ်ကွက်ကို စိုက်ထားသည်။

ထိုအဆောက်အအုံတည်ရှိရာ ဝင်းကြီး၏အနောက်ဘက်မှာ မန္တလေးကျောက်တိုက်ဟုခေါ်သော အဆောက်အအုံကြီးရှိပါသည်။ တကယ်တော့ ထိုအဆောက်အအုံကြီးက "မန္တလေးဟိုတယ်" ဖြစ်ပါ၏။ သင်္ကြန်ရောက်လျှင် မြို့မင္ဂေဒန်းယာဉ်နှင့် လိုက်ပါကာ တေးသီဆိုသော ရုပ်ရှင်မင်းသား ဝင်းဦးသည် မန္တလေးလာလျှင် ကျောက်တိုက်မှာပဲ တည်းခိုတတ်ပါသည်။ ထိုအချိန်က ကျောက်တိုက်သို့ တည်းသည်ဟူသော လူတန်းစားကို နိုင်ငံခြားသားမှလွဲ၍ စိတ်ဝင်တစား မော့ကြည့်နေရသည်။

ကျွန်တော်တို့၏ စုပေါင်းလမ်းလျှောက်လူအုပ်ကြီးသည် မန္တလေးဟိုတယ်လောက်ရောက်လျှင် တစ်ဝက်နီးပါးလောက် လျော့သွား၏။ အသံချဲ့စက်တပ်ထားသည့် ဂျစ်ကားက လူအုပ်ကြီးရှေ့မှသော် လည်းကောင်း၊ ဘေးမှ ယှဉ်လျက်သော်လည်းကောင်း လိုက်ပါကာ. . .

စောစောအိပ်လို့
စောစောထလို့
စောစောလမ်းလျှောက်ကြပါစို့

ဟူသည့် သီချင်းသံကိုပဲ ထပ်တလဲလဲ ဖွင့်နေ၏။

ဒီဇင်ဘာ အားကစားလ စုပေါင်းလမ်းလျှောက်အဖွဲ့ကြီး အရှေ့ကျုံးထောင့်ရောက်တော့ အရှေ့တော ဈေးကားတွေဝင်လာပြီး ပုသိမ်ကြီးက ဦးဆုံးထွက်လာသော ကျားခေါင်းကားနီက လမ်းဆုံမှာ လူအုပ်ကို ရပ်စောင့်နေရသည်။ အောင်တော်မူရေအိုးစင်ဂိတ်က ထွက်လာသည့် နံပါတ် ၁ ကားပြာမှာတော့ ပါစင်ဂျာမပါသေး။ ကိုင်းတန်းဈေးသွား အိမ်ဆိုင်သမား ၄၊ ၅ ဦးသာ ကားပေါ်ပါသည်။ ကားတွေအားလုံးဟာ အရှေ့ကျုံးထောင့်မှစုပြုံပြီး ရပ်စောင့်နေရ၏။ တကယ်တော့ ဒီဇင်ဘာတနင်္ဂနွေနေ့တိုင်းသည် တစ်မြို့လုံး အားကစားပွဲတွေ ကျင်းပကြတော့ ဈေးသွားဈေးလာက မရှိသလောက်ဖြစ်နေ၏။ မြောက်ကျုံးရေပြင်ကို ဖြတ်တိုက်လာသော ဆောင်းဦးလေသည် ခိုက်ခိုက်တုန်မျှ အေးနေ၏။ ကျုံးရေပြင်ပေါ်မှာတော့ နေရောင်ခြည်အဖြူမှာ နှင်းတွေပိတ်နေအောင်ကျနေဆဲဖြစ်သည်။ ကျုံးရေစပ်ကမ်းနားမှာက မှော်ပင်တွေ ရေပြင်ပေါ် တက်နေ၏။ မှော်တွေကြားမှာ ကြာဖက်ကြာဖူးတွေက မော့ကြည့်နေကြသည်။

အရှေ့ကျုံးလမ်းအတိုင်း မြောက်ဘက်ဆီ ဦးလှည့်ချိန်တွင် စုပေါင်းလမ်းလျှောက်အဖွဲ့သားတချို့ ခပ်သုတ်သုတ်ဖြင့် ၆၆ လမ်းအတိုင်း တောင်ဘက်ဖွဲ့ထွက်သွားကြသည်။ သူတို့လည်းအိမ်ပြန်ကြတာနေမှာပေါ့။ ၆၆ လမ်းဘေးနှင့် မန္တလေးဟိုတယ် အနောက်နား အကြော်ဆိုင်လေးတွေမှာ နေရာမလပ်လူစည်နေသည်။

အခုတော့ ကျုံးထောင့်က အုတ်တိုက်နီနီဝင်းကြီးမှာ နေကြာခင်းလည်းမရှိတော့။ စပါးစိုက်ကွင်းလည်းမရှိတော့။ ထို့အတူ အုတ်တိုက်နီနီကြီးလည်း မရှိတော့။ အဆင့်မြင့် ဆီဒိုးနားဟိုတယ်ကြီးဖြစ်နေပေပြီ။ နေကြာစိုက်ခင်းနေရာမှာ အုန်းပဒေသာ၊ Kiss Me Quick ရောင်စုံပန်းခင်းများက ကွန်ကရစ်လမ်းတွေဘေးမှာ အကွက်အကွင်းကျကျ နေရာယူထား၏။ မူလလက်ကျန်သစ်ပင်များအနက် အရှေ့ဘက်ခြမ်းက ထနောင်းပင်ကြီးကိုတော့ ဟိုတယ်ခန်းမကြီးတစ်ဆောင်၏ အလှအပအဖြစ် ဆင်ဝင်ထက်မှာ ရွှက်ဖားစိမ်းစိုနေဆဲ။

အရင် စပါးစိုက်ကွင်းနေရာမှာ တင်းနစ်ကုတ်တွေ ဖြစ်လာသည်။ အပန်းဖြေ ဥယျာဉ်ငယ်ဖြစ်လာသည်။ ဟိုတယ်ကြီးတစ်ခုလုံးအတွက် ဂျင်နရေတာမီးစက်နှင့် စားဖိုဆောင်ကြီးဖြစ်လာသည်။ ကွန်ကရစ်မျက်နှာပြင်၊ ထိန်းညှိအလင်းအမှောင်နှင့် စတီန်းလက်စတီး ရောင်ပြန်များက အချိုးညီစွာဖွဲ့စည်းထား၏။

ဟိုတယ်ကြီး၏ အမရပူရခန်းမကြီးထဲတွင် နိုင်ငံခြားကုမ္ပဏီအချို့၏ ပစ္စည်းအရောင်းမြှင့်တင်ရေးပွဲတွေ ကျင်းပသည်။ အလှကုန်နှင့် အဝတ်အစားဆိုင်ရာ မော်ဒယ်ရှိုးတွေပြသသည်။ အလွတ်သင်ကျောင်းများ၏ ပညာရေးဆိုင်ရာလက်မှတ်ပေးပွဲ၊ ဂုဏ်ပြုပွဲတွေ ကျင်းပသည်။ ထို့နောက် စီးပွားရေးဆိုင်ရာဆွေးနွေးပွဲ ကျင်းပကြသည်။ အိတ်ဆောင်ကွန်ပျူတာများ ဖွင့်လိုက်ကြ၏။ ဒေတာမှတ် ကာကူလေတာတွေမှာ မီးစုန်းစာလုံးတွေပေါ်လာသည်။ စကရင်ဖြူပေါ်တွင် ပရိုဂျက်တာမီးတန်း ပြေးသွားသည်။

စက်မှုဇုန်မှ လုပ်ငန်းရှင်တစ်ဦးက မှတ်စုစာအုပ်ကို ဖွင့်လိုက်၏။ "စျေးကွက်စီးပွားရေးစနစ် ပီပြင်ရန်အတွက် ပုဂ္ဂလိကစီးပွားရေး Private Sector ကို အားပေးရမည်ဖြစ်သည်။ ဗဟိုချုပ်ကိုင်သောစီးပွားရေးစနစ်ကို စျေးကွက်စီးပွားရေးစနစ်သို့ ကူးပြောင်းရန်မှာ State Owned Enterprise (SOE) မှ Private Enterprise သို့ ကူးပြောင်းရပါသည်။ State Owned Enterprise (SOE) တို့ကို Reform လုပ်ရမည်။ ယင်းကို Privatization Process ဟုခေါ်ကြသည်။ Private Sector လုပ်ငန်းများအောင်မြင်တိုးတက်လာမှ ပြည်တွင်းကုန်ထုတ်လုပ်မှုများ တိုးတက်လာ၍ ပိုလျှံသောကုန်များကို ပြည်ပသို့တင်ပို့ ရောင်းချနိုင်ပါမည်။ သို့မှသာ လိုင်ငေါ်ဘက်ဂျက်၊ ငွေကြေးဖောင်းပွမှုများကို ဖြေရှင်းနိုင်ပါသည်" ဟူသော သင်ခန်းစာကို လိုက်လံမှတ်သားနေ၏။ ခန်းမတွင်းမှာ စပီကာဆောင်းဘောက်မှထွက်လာသော ဆွေးနွေးမှု သံမဏိသံတစ်သံပဲ ပိရိငြိမ်သက်စွာ ထွက်ပေါ်နေ၏။ နှင်းဆီရန့်ပါသော အဲကွန်း ရေမွှေးနံ့လေးသင်းပျံ့လာသည်။ မှန်လုံကာခန်းမပေမယ့် ကျုံးလမ်းပေါ်မှ မော်တော်ကားသံတွေက မှန်နံရံမှတစ်ဆင့် အခန်းတွင်း ခိုးဝင်လာကြသေးသည်။

ကိုယ်ခန္ဓာ သန်စွမ်းစေဖို့
စိတ်နှလုံး ရွှင်ပြုံးစေဖို့
သူငယ်ချင်း အပေါင်းအသင်းများနှင့်ပျော်ဖို့ရွှင်ဖို့
ကျန်းမာစေဖို့
စောစောအိပ်လို့၊ စောစောထလို့
စောစောလမ်းလျှောက်ကြပါစို့...တဲ့။

အတိတ်ဆီကအသံများက အရှေ့ကျုံးလမ်းပေါ်မှာ ပျံ့လွင့်လာသလို ထင်ရသည်။ ကျွန်တော်သည် ဆီဒိုးနားဟိုတယ် အဆောက်အအုံကြီးကို မော့ကြည့်ရင်း မြင်ကွင်းတချို့လည်း မြင်ယောင်လာ၏။

(၄၅ တာ၊ ၁၄ ခန်းဇရပ်နှင့် ၇ သံချီညချမ်း အခန်းဆက် ဆောင်းပါးကို အပတ်စဉ် ဗုဒ္ဓဟူးနေ့တိုင်း ဖော်ပြပါမည်။)

အမျိုးသားသွေးဌာနမှ ရန်ကုန်ဆေးရုံကိုးခုသို့ သွေးလိုအပ်ချက်ဖြည့်ဆည်း၊ လူနာ ၉၄ ရာခိုင်နှုန်း ဖြည့်ဆည်းပေးနိုင်

ရန်ကုန် မတ် ၂၉

ရန်ကုန်အမျိုးသားသွေးဌာနအနေဖြင့် ရန်ကုန်မြို့အဓိကဆေးရုံကြီးကိုးခုရှိ သွေးသွင်းလူနာ ၉၄ ရာခိုင်နှုန်းကို သွေးအခမဲ့ဖြန့်ဝေပေးနေကြောင်း အမျိုးသားသွေးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာသီတာအောင်က ပြောသည်။

"ကျွန်မတို့ အမျိုးသားသွေးဌာနအနေဖြင့် ရန်ကုန်မြို့မှာရှိတဲ့ အဓိကဆေးရုံကိုးခုမှာရှိတဲ့ သွေးသွင်းလူနာတွေအတွက် လိုအပ်တဲ့သွေးကိုဖြန့်ဝေပေးလျက်ရှိပါတယ်။ ဒီအထဲမှာ ရန်ကုန်ဆေးရုံကြီးကတော့ အဓိကပေါ့။ သွေးသွင်းလူနာတွေရဲ့ ၉၄ ရာခိုင်နှုန်းကို အခမဲ့ဖြန့်ဝေပေးလျက်ရှိပါတယ်။ ကျွန်တဲ့ ခြောက်ရာခိုင်နှုန်းကတော့ သွေးအစားပြန်ပေးရပါတယ်။ အရေးပေါ် သွေးလိုလို့ လူနာရှင်တွေအနေနဲ့ သွေးပြန်ရှာပေးရတဲ့ အခါမှာ နီးစပ်ရာဆွေမျိုးတွေထဲက သွေးလျှာ်ဒါန်းခြင်းဖြင့်ရှာဖွေပေးလေ့ရှိပါတယ်။ ဒါ့အပြင် ရန်ကုန်အမျိုးသားသွေးဌာနမှာရှိတဲ့ ဆော့ဝဲမျာနဲ့ UP-Date လုပ်ထားတဲ့အတွက် ၂၀၁၃ ခုနှစ်ကစပြီး မြို့နယ်အလိုက် သွေးလျှာ်ရှင်တွေရဲ့ ဖုန်းနံပါတ် နေရပ်လိပ်စာတွေအရ ဆက်သွယ်ပြီး သွေးအကူအညီတောင်းနိုင်အောင် စီစဉ်ထားပါတယ်။ ဒီလိုနည်းနဲ့မှ အဆင်မပြေရင် သွေးလိုရင် ဆက်သွယ်ပါဆိုတဲ့ အဖွဲ့အစည်းတွေရှိတယ်။ ဒီအဖွဲ့အစည်းတွေနဲ့ ဆက်သွယ်အကူအညီတောင်းခံနိုင်ပါတယ်။ ဒါကြောင့် ခြောက်ရာခိုင်နှုန်းကလည်း အချိတ်အဆက်တွေနဲ့ ဆောင်ရွက်ထားတဲ့အတွက် အဆင်ပြေနိုင်မှာ ဖြစ်ပါတယ်" ဟု ၄င်းက ရှင်းပြသည်။

၂၀၁၃ ခုနှစ်အတွင်း သွေးလိုအပ်ချက် ၃၅၀၀၀ ရှိခဲ့ပြီး စေတနာရှင်ပြည်သူများ၏ သွေးလျှာ်ဒါန်းမှုမှာ ၃၅ ရာခိုင်နှုန်းရှိခဲ့ကြောင်း ပြီးခဲ့သည့် ၂၀၁၅ ခုနှစ်အတွင်း သွေးပုလင်းပေါင်း ၁၁၅၀၀၀ သုံးစွဲခဲ့ရာ သွေးလူနာရှင် ၉၄ ရာခိုင်နှုန်းကို အခမဲ့ဖြန့်ဝေပေးနိုင်ခဲ့ကြောင်း သိရသည်။ နှစ်စဉ် မတ်လသည် သွေးလိုအပ်ချက်အမြင့်ဆုံးဖြစ်ပြီး သွေးပြတ်လပ်မှုဖြစ်ပေါ်လေ့ရှိသည်။

"၂၀၁၆ ခုနှစ် မတ်လကတော့ ကံကောင်းတဲ့လဖြစ်ပါတယ်။ ပြီးခဲ့တဲ့ ၂၀၁၅ မတ်လဆိုရင် ကျောင်းတွေပိတ်တယ်။ နေအလွန်ပူတဲ့အတွက် သွေးလိုအပ်ချက်မြင့်မားခဲ့ပါတယ်။ ဒီနှစ်တော့ မီဒီယာတွေရဲ့ကျေးဇူးကြောင့် နေပူလိမ့်မယ်၊ ပူလာတော့မယ် သတိပေးမှုတွေကြောင့် အရေးပေါ်အတွက် သွေးကိုစုဆောင်းနိုင်ခဲ့တာတစ်ကြောင်း၊ စေတနာရှင်သွေးလျှာ်ရှင်တွေက လာရောက်လျှာ်ဒါန်းပေးနေတာကတစ်ကြောင်း သွေးကို ပေါပေါသုံးနိုင်တဲ့လ ဖြစ်ပါတယ်"ဟု ဒေါက်တာသီတာအောင်က ရှင်းပြသည်။

> **ဒီနှစ်တော့ မီဒီယာတွေရဲ့ကျေးဇူးနဲ့ အပူချိန်သတိပေးမှုတွေ သိလာတော့ အရေးပေါ်အတွက် သွေးကို ပိုစုဆောင်းထားနိုင်သလို စေတနာရှင်တွေက လာလှူလို့ သွေးပေါပေါသုံးနိုင် . . .**

သတင်း-မြင့်မောင်စိုး၊ ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)

အမျိုးသားသွေးဌာနအနေဖြင့် ရန်ကုန်မြို့မှာရှိသည့် အဓိက ဆေးရုံကိုးခုကို သွေးလိုအပ်ချက်များ ဖြန့်ဝေပေးနေသည့်အပြင် အခြားဆေးရုံများအတွက် အဓိကသွေးပစ္စည်းလေးမျိုးကိုလည်း တာဝန်ခံပေးရကြောင်း သိရသည်။ ရန်ကုန်ဆေးရုံကြီးအပါအဝင် ဆေးရုံကိုးခု၌ သွေးပုလင်းလိုအပ်ချက်သည် လစဉ်ပုလင်းပေါင်း ၆၀၀၀ မှ ၇၀၀၀ ကြား လိုအပ်ချက်ရှိကြောင်း သိရသည်။ ရန်ကုန်မြို့တွင် ဆေးရုံပေါင်း ၁၆ ခုရှိသည်။

ရန်ကုန်အမျိုးသားသွေးဌာနသို့ လူတစ်ဦးနှင့် သော်လည်းကောင်း၊ အသင်းအဖွဲ့များအလိုက်သော်လည်းကောင်း လာရောက်သွေးလျှာ်ဒါန်းလျက်ရှိသည်။" ကျွန်တော်တို့ မြန်မာ-ဂျပန်စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးအသင်းအနေနဲ့ ပထမဆုံးသွေးလျှာ်ဖြစ်တာပါ။ လူပေါင်း ၂၀၀ လောက်သွေးလျှာ်ဒါန်းမှာ ဖြစ်ပါတယ်။ နောက်ပိုင်း နှစ်လတစ်ကြိမ် သို့မဟုတ် လေးလတစ်ကြိမ် သွေးလျှာ်ဒါန်းနိုင်အောင် ကြိုးစားသွားမှာ ဖြစ်ပါတယ်။ အခုလတ်တလော လျှာ်ဒါန်းဖြစ်တာက တော့ရာသီဥတုကလည်းပူတယ်။ Heat Stroke တွေလည်းဖြစ်တယ်ဆိုတော့ သွေးလိုအပ်ချက်ကိုဖြည့်ဆည်းပေးနိုင်ဖို့ဖြစ်ပါတယ်"ဟု မြန်မာ-ဂျပန်စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးအသင်းမှ အထွေထွေအတွင်းရေးမှူးလည်းဖြစ် သွေးအကြိမ်ပေါင်း ၁၁၄ ကြိမ် လျှာ်ဒါန်းသူလည်းဖြစ်သည့် ဦးစန်းမောင်မြင့်က ပြောသည်။

တွင်းနက်ရေစုပ်ပန့်များ တပ်ဆင်ပေးမှုကြောင့် ကျောင်းကုန်း၌ သောက်သုံးရေဖူလုံ

ကျောင်းကုန်း မတ် ၂၉

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ကျောင်းကုန်းမြို့နယ် လက်ပန်ချောင်ကျေးရွာအုပ်စုအတွင်းရှိ ကိုယ်ပိုင်အိမ်သုံး လက်နှိပ်တုံကင်များသည် မြေအောက်ရေနက် ၂၈ ပေ အထိ ကျဆင်းသွားသဖြင့် ရေထွက်မှုမရှိဘဲ ရေအခက်အခဲဖြစ်ပေါ်လျက်ရှိကြောင်း သိရသည်။

အဆိုပါ ရေအခက်အခဲ ဖြစ်ပေါ်နေသော လက်ပန်ချောင်ကျေးရွာအုပ်စုအတွင်းရှိ ကျေးရွာခွဲလေးရွာတွင် ပုသိမ်ခရိုင် ရေအရင်းအမြစ်အသုံးချရေးဦးစီးဌာနမှ နှစ်လက်မလက်ရိုက်တွင်း ငါးတွင်းတူးဖော်၍ ရေပေးဝေသောတွင်းနက်များကို စုပ်နိုင်သည့် Tara. Pump လက်နှိပ်တုံကင် ငါးလုံးအား ၂၀၁၆ ခုနှစ် မတ်လအတွင်း တပ်ဆင်ပေးသဖြင့် အိမ်ထောင်စု ၂၃၉ စု၊ လူဦးရေ ၇၁၅ ဦးအတွက် သောက်သုံးရေဖူလုံစွာရရှိနေပြီ ဖြစ်သည်။

Tara. Pump မတပ်ဆင်မီက ကျေးရွာများတွင် ရေအခက်အခဲ ဖြစ်ပေါ်နေပြီး၊ ရေရရှိရေးအတွက် လေမှုတ်စက်များ ငှားရမ်းမောင်းနှင်၍ ရေတင်နေရသဖြင့် စက်သုံးဆီကုန်ကျမှု၊ စက်ငှားခကုန်ကျမှုများရှိခဲ့ပါသည်။ ယခုအခါ အဆိုပါကုန်ကျစရိတ်များ မရှိတော့သဖြင့် ကျေးရွာလူထုမှ ဝမ်းမြောက်ဝမ်းသာဖြစ်လျက်ရှိကြောင်း ဒေသခံတစ်ဦးက ပြောသည်။

ဝင်းကြိုင်(ကျောင်းကုန်း)

နေပြည်တော် တပ်ကုန်းမြို့ မြို့မသီဟနာဒ စာသင်တိုက်ကြီး၏ သာသနာ့ဗိမာန်တော်၌ မတ် ၂၇ ရက်က ရှင် ၅၈ ပါး ရှင်မြွှဲကို ကျင်းပရာ ရှင်သာမဏေလောင်းများကို တွေ့ရစဉ်။

တင်ထွန်းတာ

မလှိုင်မြို့နယ်အတွင်း သင်္ကြန်ကာလ ဆိုင်ကယ်အိတ်ဇောဖြုတ်စီးပါက ထိရောက်စွာအရေးယူမည်

မလှိုင် မတ် ၂၉

မလှိုင်မြို့နယ်အတွင်း သင်္ကြန်ပွဲတော်မတိုင်ခင်နှင့် သင်္ကြန်ရက်များအတွင်း အများပြည်သူစိတ်အနှောင့်အယှက်ဖြစ်စေမယ့် အသံကျယ်လောင်စေမည့် အိတ်ဇောဖြုတ်စီးခြင်း၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း၊ လိုက်နာခြင်းမရှိသည့် မော်တော်ဆိုင်ကယ်များအား အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးအောင်မိုးက "သင်္ကြန်ပွဲတော်ကာလမတိုင်ခင်နဲ့ သင်္ကြန်ပွဲတော်ရက်တွေမှာ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းမလိုက်နာတာ အများပြည်သူစိတ်အနှောင့်အယှက်ဖြစ်စေတဲ့ အိတ်ဇောဖြုတ်စီးတာတွေကို စစ်ဆေးအရေးယူသွားမှာပါ။ ရပ်ကွက်အုပ်ချုပ်ရေးမှူးတွေအနေနဲ့ အသိပေးကြပါ။ ဆိုင်ကယ်ဝပ်ရှော့ဆရာတွေလည်း သင်္ကြန်မှာအသံ ဆူညံတာမဖြစ်အောင် တမင် အိတ်ဇောဖြုတ်တာတွေကိုမလုပ်ဖို့ အသိပေးပါတယ်" ဟု ပြောကြားသည်။

ဧပြီ ၁ ရက်မှစတင်၍ ၂၀၁၅ ခုနှစ် မော်တော်ယာဉ်ဥပဒေဖြင့် အရေးယူသွားမည်ဖြစ်ကြောင်း၊ ၂၀၁၅ မော်တော်ယာဉ်ဥပဒေသည် ငွေဒဏ်နှင့်အတူ ထောင်ဒဏ်ပါရှိကြောင်း၊ဆက်စပ်အရေးယူမှုများလည်း ရှိကြောင်း၊ သို့ဖြစ်၍ အသိပေးရှင်းလင်းဆွေးနွေးရခြင်းဖြစ်ကြောင်း မြို့နယ်ရဲတပ်ဖွဲ့မှူးက ရှင်းပြသည်။

အောင်ဌေး(မလှိုင်)

မြစ်သားမြို့၌ အခြေခံတိရစ္ဆာန်မွေးမြူရေးသင်တန်းဖွင့်

မြစ်သား မတ် ၂၉

မန္တလေးတိုင်းဒေသကြီး မြစ်သားမြို့နယ် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနက ကျေးရွာတောင်သူဦးကြီးများအတွက် အခြေခံတိရစ္ဆာန်မွေးမြူရေးသင်တန်းကို မတ် ၂၈ ရက်က ဖွင့်လှစ်ခဲ့ကြောင်း သိရသည်။

အဆိုပါ သင်တန်းတွင် မြို့နယ်ဦးစီးမှူး ဒေါက်တာတင်မောင်လင်း(တိ/ကု)က ယခုတောင်သူများ တွေ့ကြုံနေရသော တိရစ္ဆာန်များ၏ ကူးစက်ရောဂါများနှင့် ပတ်သက်၍ ရောဂါလက္ခဏာများ၊ ကာကွယ်နည်းများနှင့် ဆောင်ရန်၊ ရှောင်ရန်များ၊ မွေးမြူရေးအစားအစာများအကြောင်း၊ တိရစ္ဆာန် ကျန်းမာရေးနှင့်ဖွံ့ဖြိုးရေးဥပဒေဆိုင်ရာများ ပို့ချဆွေးနွေးခဲ့ရာ တက်ရောက်လာကြသော တောင်သူများက မြေပြင်တွင် တွေ့ကြုံနေရသော အခက်အခဲများကို ပြန်လည်တင်ပြဆွေးနွေးခဲ့ကြကြောင်း သိရသည်။

သင်တန်းကို မတ် ၂၈ မှ ၃၀ ရက်အထိ ပို့ချဆွေးနွေးမည်ဖြစ်ပြီး ကျေးရွာပေါင်းစုံမှ ၆ တာင်သူ ၃၀ တက်ရောက်ကြကြောင်း သိရသည်။

ရဲဝင်းထွန်း(မြစ်သား)

ပြည်တွင်း ပြည်ပရင်းနှီးမြှုပ်နှံမှုများ၏ တည်ဆောက်ရေးလုပ်ငန်းများအတွက် စိစစ်အကြံပြုမှုများဆောင်ရွက်လျက်ရှိသော မြန်မာနိုင်ငံအင်ဂျင်နီယာအသင်း

ဟောင်စံ

လက်ရှိအစိုးရ၏ ငါးနှစ်တာကာလအတွင်းမှာ ပြည်တွင်း ပြည်ပရင်းနှီးမြှုပ်နှံမှုတွေ သိသိသာသာ တိုးတက်လာတာဟာ ရင်းနှီးမြှုပ်နှံသူတွေ လွယ်ကူချောမွေ့စွာနဲ့ ရင်းနှီးမြှုပ်နှံနိုင်ရန်အတွက် မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်အနေနဲ့ ဥပဒေပိုင်း၊ လုပ်ထုံးလုပ်နည်းပိုင်း၊ ဌာနဖွဲ့စည်းမှုပိုင်းတွေကို လက်တွေ့ရင်းနှီးမြှုပ်နှံသူတွေ၊ နိုင်ငံတကာဖွံ့ဖြိုးမှုမိတ်ဖက်အဖွဲ့အစည်းတို့ရဲ့အကြံဉာဏ်တွေရယူပြီး ပြုပြင်ပြောင်းလဲဖြေလျှော့မှုတွေ ဆောင်ရွက်ခဲ့တာကြောင့်ဖြစ်ပါတယ်။ ဒါကြောင့်လည်းကမ္ဘာ့ဘဏ်က နှစ်စဉ်ထုတ်ပြန်တဲ့ Doing Business အစီရင်ခံစာမှာ မြန်မာနိုင်ငံ၏ အဆင့်ဟာ သိသိသာသာတိုးတက်လာခဲ့တယ် စတဲ့သတင်းတွေကို နေ့စဉ်လိုလို ပြည်တွင်းနဲ့ နိုင်ငံတကာသတင်းဓိဒီယာတွေကနေ ကြားသိနေရပါတယ်။

မြန်မာနိုင်ငံရဲ့ ပြည်တွင်း ပြည်ပရင်းနှီးမြှုပ်နှံမှုများကို တိုးမြှင့်ဆောင်ရွက်ရာမှာ အဓိကဦးဆောင်တဲ့အဖွဲ့အစည်းကတော့ မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်ပဲ ဖြစ်ပါတယ်။

နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ဥပဒေပုဒ်မ(၁၁)အရ ရင်းနှီးမြှုပ်နှံမှုကော်မရှင်ကို ဖွဲ့စည်းရာတွင် သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာန၊ အစိုးရဌာန၊ အဖွဲ့အစည်းများနှင့် အစိုးရမဟုတ်သည့်အဖွဲ့အစည်းများမှ ပညာရှင်များ၊ သင့်လျော်သောပုဂ္ဂိုလ်များနှင့်ဖွဲ့စည်းနိုင်ကြောင်း ပြဋ္ဌာန်းထားသည့်အတွက် ရင်းနှီးမြှုပ်နှံမှုကော်မရှင်မှာ ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးအဆင့်များပါဝင်သလို စီးပွားရေးပညာရှင်များ၊ အင်ဂျင်နီယာများ၊ ပုဂ္ဂလိကစီးပွားရေးလုပ်ငန်းရှင်များပါ ပါဝင်ဖွဲ့စည်းထားပါတယ်။

ထို့အပြင် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု နည်းဥပဒေအပိုဒ် ၄၈(ယ)မှာ ကော်မရှင်အနေနဲ့ ရင်းနှီးမြှုပ်နှံမှုအဆိုပြုချက်များနဲ့ ပတ်သက်ပြီး "နည်းပညာဆီလျော်မှု ရှိ/မရှိ၊ တီထွင်ဆန်းသစ်မှု ရှိ/မရှိ၊ လွှဲပြောင်းနိုင်မှု ရှိ/မရှိ ကျွမ်းကျင်သူများအား တာဝန်ပေးစိစစ်စေခြင်း"ဆောင်ရွက်ရမယ်လို့ ပြဋ္ဌာန်းထားပါတယ်။

ဒီနေရာမှာ မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်အနေနဲ့ ရင်းနှီးမြှုပ်နှံသူက တင်ပြလာတဲ့လုပ်ငန်းအဆိုပြုချက်တွေကို စိစစ်ရာမှာ ဥပဒေပါ အခြေခံမူများနဲ့ ကိုက်ညီမှု ရှိ/မရှိကို စိစစ်ရသလို စက်မှုနည်းပညာဆီလျော်မှု ရှိ/မရှိ၊ တင်သွင်းမည့်စက်ပစ္စည်း၊ ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းတွေဟာ လုပ်ငန်းသဘောသဘာဝ၊ ပမာဏနှင့် လိုက်လျောညီထွေမှု ရှိ/မရှိတို့ကိုလည်း စိစစ်တဲ့အခါ သက်ဆိုင်ရာ ကျွမ်းကျင်တဲ့အဖွဲ့အစည်းတွေရဲ့ အကူအညီတွေကို ရယူရပါတယ်။ ဒီအဖွဲ့အစည်းတွေထဲမှာ မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းဟာလည်း အပါအဝင်ဖြစ်ပါတယ်။

မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်းမှာ မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်သို့ အဆိုပြုချက်တင်ပြတဲ့စီမံကိန်းများ စိစစ်အကဲဖြတ်ရေးကော်မတီ (MIC Project Assessment Committee) ကို ၂၀၁၃ ခုနှစ် ဧပြီလ ၁၁ ရက်နေ့မှစပြီး ဖွဲ့စည်းတာဝန်ပေးအပ်ထားပြီး ဒီကော်မတီရဲ့ အဓိကတာဝန်တွေကတော့ **အခွန်နှုန်းကင်းလွတ်ခွင့်နဲ့ နိုင်ငံခြားက တင်သွင်းမယ့် ပစ္စည်းတွေရဲ့အရေအတွက်ကို များပြားခြင်းမရှိစေဘဲ သင့်တင့်မျှတတဲ့ ပမာဏဖြစ်စေဖို့၊ စီမံကိန်းကြောင့် ပတ်ဝန်းကျင်ထိခိုက်မှုမရှိစေဖို့၊ မီးဘေးလုံခြုံစေဖို့နဲ့ ပြည်သူတွေအတွက် ထိခိုက်နစ်နာမှုကင်းဝေးစေဖို့၊ စီမံကိန်းအကောင်အထည်ဖော်လုပ်ဆောင်မည့်သူတွေ လိုက်နာဆောင်ရွက်ရမယ့် အချက်အလက်တွေကို သုံးသပ်တင်ပြဖို့နဲ့ အင်ဂျင်နီယာပိုင်းဆိုင်ရာ ရှုမြင်သုံးသပ်ချက်တွေကို သဘောထားမှတ်ချက် တင်ပြစေဖို့**ပဲ ဖြစ်ပါတယ်။

ဒီကော်မတီကို စတင်ဖွဲ့စည်းတာဝန်ပေးတဲ့အချိန်ကစပြီး မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်ကို အဆိုပြုလာတဲ့ လုပ်ငန်းစီမံကိန်းတွေထဲက အိမ်ရာစီမံကိန်း ၂၉ ခု၊ ဟိုတယ်လုပ်ငန်း ၇၁ ခု၊ စက်ရုံတည်ဆောက်မှု ၆၅ ခု၊ လေဆိပ်တည်ဆောက်ရေးတစ်ခု၊ ဆိပ်ကမ်းတည်ဆောက်မှု ၁၄ ခု၊ စက်မှုဇုန်လုပ်ငန်း ၄၂ ခု စုစုပေါင်း လုပ်ငန်းစီမံကိန်း ၂၂၂ ခုကို မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းအနေနဲ့ စိစစ်ခဲ့ရာမှာ သက်ဆိုင်ရာလုပ်ငန်းအမျိုးအစားအလိုက် ရင်းနှီးမြှုပ်နှံတဲ့ ကုမ္ပဏီများက အခွန်အကောက်ကင်းလွတ်ခွင့်နှင့်တင်သွင်းဖို့ အဆိုပြုတင်ပြခဲ့တဲ့ ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းတွေအပေါ် မူလအဆိုပြုချက်ပမာဏနှင့် ကော်မတီရဲ့စိစစ်မှုအရ လျှော့နည်းသွားတဲ့ပမာဏတွေကို မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်းရဲ့ ဒီလိုစိစစ်လျှောချနိုင်တဲ့အတွက် နိုင်ငံတော်အတွက် အခွန်လျှော့ပေါ်ပေးလိုက်ရမယ့် စည်းကြပ်တန်ဖိုးပမာဏကို စိစစ်လျှော့ချနိုင်ခဲ့ပါတယ်။

> ◆ ရင်းနှီးမြှုပ်နှံသူတွေက တင်ပြလာတဲ့ အဆိုပြုချက်တွေမှာပါဝင်တဲ့ အခွန်ကင်းလွတ်ခွင့်နဲ့ တင်သွင်းမယ့် တည်ဆောက်ရေးလုပ်ငန်းသုံးပစ္စည်းတွေကို မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းက စိစစ်လုပ်ဆောင်ခဲ့တာကြောင့် ရင်းနှီးမြှုပ်နှံတဲ့ကုမ္ပဏီများအနေနဲ့လည်း တင်ပြတဲ့ပမာဏနဲ့ စိစစ်ရရှိတဲ့ပမာဏကွဲလွဲမှု (variation) ယခင်က ကြီးမားခဲ့ပေမယ့်လည်း နောက်ပိုင်းမှာတော့ ပမာဏကွာခြားမှုနည်းပါးလာတာတွေ့ရ

ယခုလို ရင်းနှီးမြှုပ်နှံသူတွေက တင်ပြလာတဲ့ အဆိုပြုချက်တွေမှာ ပါဝင်တဲ့ အခွန်ကင်းလွတ်ခွင့်နဲ့တင်သွင်းမယ့် တည်ဆောက်ရေးလုပ်ငန်းသုံးပစ္စည်းတွေကို မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းက စိစစ်လုပ်ဆောင်ခဲ့တာကြောင့် ရင်းနှီးမြှုပ်နှံတဲ့ကုမ္ပဏီများအနေနဲ့လည်း တင်ပြတဲ့ပမာဏနဲ့ စိစစ်ရရှိတဲ့ပမာဏကွဲလွဲမှု (variation) ယခင်က ကြီးမားခဲ့ပေမယ့်လည်း နောက်ပိုင်းမှာတော့ ပမာဏကွာခြားမှုနည်းပါးလာတာ တွေ့ရတယ်လို့လည်း စိစစ်ရေးကော်မတီမှာပါတဲ့ အင်ဂျင်နီယာကြီးတစ်ဦးက ပြောပါတယ်။ ဒါအပြင် ရင်းနှီးမြှုပ်နှံတဲ့ကုမ္ပဏီတွေက တင်ပြတဲ့ အင်ဂျင်နီယာပိုင်းဆိုင်ရာ ပုံစံ BOQ နဲ့ အခြားလိုအပ်ချက်ထုတ်ပြန်တဲ့မှတ်တမ်းအရ အောက်ပါအတိုင်းသိရှိရပါတယ်-

	စဉ်	အမျိုးအမည်	အဆိုပြု	လျှော့နည်း	လျှော့နည်းရာခိုင်နှုန်း
	(က)	ဘိလပ်မြေ	၃၅၃,၃၃၁ တန်	၈၅,၈၈၀ တန်	၂၄ %
	(ခ)	သံချောင်းလုံး	၉,၉၀၆၁ တန်	၂,၈၃,၉၃ တန်	၃၁ %
	(ဂ)	Structural Steel	၄,၈၄၁,၂၇ တန်	၅,၂,၃,၇ တန်	၁၁ %

ယခုလို စိစစ်လို့ လျှော့နည်းခဲ့တဲ့တန်ဖိုးပမာဏစုစုပေါင်းကို ကာလအလိုက်ပေါက်စေးတွေနဲ့ တွက်ချက်ပါက ၃၄,၃၀၆,၂၀၀,၀၀၀ ကျပ်(ကျပ်သန်းပေါင်း သုံးသိန်းလေးသောင်း သုံးထောင်ခြောက်ဆယ့်နှစ်တိတိ)ရှိတယ်လို့လည်း သိရပါတယ်။ ဒီပစ္စည်းတွေဟာ ရင်းနှီးမြှုပ်နှံမှုဥပဒေအရ ပြည်ပကနေ အခွန်ကင်းလွတ်ခွင့်နဲ့တင်သွင်းခွင့်ပြုမယ့်ပစ္စည်းတွေဖြစ်လို့၊ တွေဟာလည်း အစပိုင်းမှာ မပြည့်စုံပေမယ့် နောက်ပိုင်းမှာတော့ ပိုမိုပြည့်စုံလာတာကြောင့် အသင်းအနေနဲ့လည်း နည်းပညာပိုင်းဆိုင်ရာလိုအပ်တဲ့အကြံဉာဏ်တွေကို ပေးနိုင်ခဲ့တယ်လို့လည်း ၄င်းက ဆိုပါတယ်။

ဒါကြောင့် ပြည်တွင်းပြည်ပ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းတွေ တိုးမြှင့်ရာမှာ မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်းအနေနဲ့ အင်ဂျင်နီယာပိုင်းဆိုင်ရာ နည်းပညာ အကြံဉာဏ်တွေကို ပေးခဲ့ရုံသာမက အကောက်အခွန်လွတ်တင်သွင်းဖို့ အဆိုပြုလာတဲ့ ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းတွေကိုလည်း သက်ဆိုင်ရာလုပ်ငန်းသဘောသဘာဝနဲ့ပမာဏအပေါ် မူတည်ပြီး စိစစ်ဆောင်ရွက်ပေးနိုင်ခဲ့တာကြောင့် နိုင်ငံတော်ရဲ့အခွန်ဘဏ္ဍာ လျှော့နည်းယိုဖိတ်မှုကိုလည်း တစ်ဖက်တစ်လမ်းက ကာကွယ်အထောက်အကူပြုလျက်ရှိပါကြောင်း ရေးသားလိုက်ရပါတယ်။

ထိုးဖိုကျေးရွာ သောက်သုံးရေစက်ရေတွင်း ကျေးရွာပြည်သူများစတင်အသုံးပြုနိုင်ပြီ

တပ်ကုန်း မတ် ၂၉

တပ်ကုန်းမြို့နယ် ထိုးဖိုကျေးရွာ၌ သောက်သုံးရေရရှိရေးအတွက် စက်ရေတွင်း တူးဖော်ခြင်းလုပ်ငန်းဆောင်ရွက်ပြီးစီးခဲ့ကြောင်း သိရသည်။

တပ်ကုန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဦးစီးမှူးနှင့်ဝန်ထမ်းများက မတ် ၂၅ ရက်တွင် ထိုးဖိုကျေးရွာသို့ သွားရောက်ပြီး ကျေးရွာအုပ်ချုပ်ရေးအဖွဲ့များ၊ ကျေးရွာရေကော်မတီများ တွေ့ဆုံကာ နွေရာသီရေရှားပါးမှု မဖြစ်ပေါ်စေရေးအတွက် စီစဉ်ဆောင်ရွက်သွားရန်၊ ရေရှားပါးမှု ဖြစ်ပေါ်လာပါက မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနနှင့် ဆက်သွယ်ဆောင်ရွက်သွားရန် ဆွေးနွေးခဲ့ကြသည်။ ဆက်လက်၍ စက်ရေတွင်းအား စမ်းသပ်မောင်းနှင်ကာ ယင်းနေ့မှစ၍ ကျေးရွာနေပြည်သူများ စတင်အသုံးပြုနေပြီဖြစ်ကြောင်း သိရသည်။ **(ကျေးလက်ဦးစီး)**

မံစီမြို့နယ်၌ ဖရဲစိုက်ပျိုးရေးလုပ်ငန်းများ အောင်မြင်ဖြစ်ထွန်း

မံစီ မတ် ၂၉

ကချင်ပြည်နယ် ဗန်းမော်ခရိုင် မံစီမြို့နယ်အတွင်းရှိ မန်သာကျေးရွာအုပ်စု ကံကြီးကျေးရွာ၌ မြစိမ်းရောင်အရင်းမပျောက်လည်ပတ်ရန်ပုံဝွေဖြင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် ဖရဲစိုက်ခင်းများမှာ အောင်မြင်ဖြစ်ထွန်းလျက်ရှိကြောင်း သိရသည်။

အဆိုပါ ဖရဲစိုက်ခင်းများကို မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဦးစီးမှူး ဦးဌေးမြင့်နှင့် ဝန်ထမ်းများက မတ်လတတိယပတ်တွင် လစဉ်ဆောင်ရွက်ထားရှိသည့် စာရင်းဇယားများ မှန်ကန်မှု ရှိ / မရှိတို့ကို ကွင်းဆင်းသွားရောက်စစ်ဆေးခဲ့ကြောင်း သိရသည်။ ထိုသို့ဖရဲစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းသောကြောင့် ကျေးရွာဒေသခံများမိသားစုဝင်ငွေတိုးလာပြီး လူမှုဘဝများယခင်ထက် ပိုမိုအဆင်ပြေလာကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

မန္တလေး-ပြင်ဦးလွင်၏ အဓိကနေရာများကို ခြောက်လမ်းသွားအဖြစ် တိုးချဲ့မည်

မန္တလေး မတ် ၂၉

နေ့စဉ်နှင့်အမျှ မော်တော်ယာဉ်စီးရေများပြားလာပြီး မကြာခဏ လမ်းပိတ်ဆို့မှု ဖြစ်ပေါ်လျက်ရှိသော မန္တလေး-ပြင်ဦးလွင် တောင်ပေါ်လမ်းမှ အဓိကနေရာများကို ခြောက်လမ်းသွားလမ်းများ အဖြစ် အဆင့်မြှင့်တင်ဖောက်လုပ်သွားမည်ဖြစ်ကြောင်း ၁၆ မိုင်စခန်းယာဉ်ဖြတ်သန်းခ ကောက်ခံရေးကျောက်ချောဂိတ် တာဝန်ခံတစ်ဦးထံမှ သိရသည်။

မန္တလေး-ပြင်ဦးလွင် လမ်းပိုင်းတွင် ကုန်တင်ကားကြီးပေါင်း အဆင်းလမ်းမှ ၁၅၀၀ ကျော်၊ အတက်လမ်းမှ ၁၅၀၀ ကျော်၊ လူစီးယာဉ် ၁၀၀၀၀ ကျော် နေ့စဉ်ဖြတ်သန်း သွားလာလျက်ရှိပြီး ပုံမှန်နေ့ရက်များတွင် လူစီးနှင့် ကုန်တင်ယာဉ်စီးရေ ၇၀၀၀ မှ ၈၀၀၀ အထိ သွားလာလျက်ရှိကြောင်း သိရသည်။

၂၀၁၆ ခုနှစ် မတ်လကုန် ပြင်ဦးလွင်မြို့ရှောင်လမ်းပြီးစီးချိန် ဧပြီလမှစတင်၍ မန္တလေး-ပြင်ဦးလွင်လမ်းပိုင်း၏ အဓိကယာဉ်ကြောပိတ်ဆို့မှုဖြစ်ပေါ်လေ့ရှိသော ၁၇ မိုင်နှင့် ၁၈ မိုင်ကြား၊ ၁၉ မိုင်နှင့် ၂၁ မိုင်ကြား၊ ၂၄ မိုင်နှင့် ၂၅ မိုင်ကြား လမ်းပိုင်းတို့ကို ခြောက်လမ်းသွားလမ်းမကြီးများအဖြစ် တိုးချဲ့ဖောက်လုပ်မည့်အပြင် ၁၆ မိုင် ကျောက်ချောဂိတ်အဝင် အထွက်ဂိတ် လမ်းအပေါက်များကိုလည်းအချိန်ကြာမြင့်စွာတန်းစီ၍ စောင့်ဆိုင်းဖြတ်သန်းရမှုတို့ ကင်းဝေးစေရန် တိုးချဲ့ဖောက်လုပ်ဖြတ်သန်းခွင့်ပြုသွားမည်ဖြစ်ကြောင်း သိရသည်။ **သက်နိုင်(ပြင်ဦးလွင်)**

ရခိုင်ကမ်းလွန်လုပ်ကွက်အမှတ် A-7 တွင် တိုင်းတာမှုလုပ်ငန်းများဆောင်ရွက်

နေပြည်တော် မတ် ၂၉

မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းနှင့် ရေနံရှာဖွေတူးဖော်ရေးလုပ်ငန်းများတွင် အကျိုးတူပူးပေါင်း ဆောင်ရွက်လျက်ရှိသော Woodside Energy (Myanmar) Pte. Ltd သည် ရခိုင်ကမ်းလွန်လုပ်ကွက် အမှတ် A-7 တွင် 3D Sea Floor Sampling Survey လုပ်ငန်းများကို MV FUGRO SUPPORTER ဖြင့် ဧပြီ ၈ ရက်မှ မေ ၇ ရက်အထိ ဆောင်ရွက်သွားမည်ဖြစ်သည်။ 3D Sea Floor Sampling Survey ဆောင်ရွက်မည့် ဧရိယာ တည်နေရာများမှာ Point 1 မြောက်လတ္တီတွဒ် ၁၆ဒီဂရီ ၄၅ ဒသမ ၀၈၄ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၃ဒီဂရီ ၂၀ ဒသမ ၈၅၁ မိနစ်၊ Point 2 မြောက်လတ္တီတွဒ် ၁၆ ဒီဂရီ ၄၅ ဒသမ ၀၈၄ မိနစ်၊ အရှေ့လောင်တီတွဒ် ၉၄ ဒီဂရီ ၁၈ ဒသမ ၆၂၂ မိနစ်၊ Point 3 မြောက်လတ္တီတွဒ် ၁၆ဒီဂရီ ၀၀ ဒသမ ၀၈၈ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၄ ဒီဂရီ ၀၀ ဒသမ ၄၂၁ မိနစ်နှင့် Point 4 မြောက်လတ္တီတွဒ် ၁၆ ဒီဂရီ ၀၀ ဒသမ ၀၈၈ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၃ ဒီဂရီ ၂၀ ဒသမ ၈၅၂ မိနစ်တို့အတွင်းတွင် ဖြစ်သည်။

သို့ဖြစ်ပါ၍ ရခိုင်ကမ်းလွန်လုပ်ကွက်အမှတ် A-7 တွင် 3D Sea Floor Sampling Survey လုပ်ငန်းများကို MV FUGRO SUPPORTER ဖြင့် ဆောင်ရွက်နေစဉ်ကာလအတွင်း လုပ်ငန်းများနှောင့်နှေးကြန့်ကြာမှုမရှိစေရေးအတွက် ဖော်ပြပါလုပ်ငန်းခွင်ဧရိယာမှ လေးကီလိုမီတာပတ်လည်အတွင်းအား ရေကြောင်းသတိပေးချက် (Notice to Mariners) ထုတ်ပြန်ကြေညာထား၍ သင်္ဘောကြီးငယ်များ၊ ကုန်တင်စက်လှေများ၊ ငါးဖမ်းသင်္ဘောများ၊ စက်တပ်သမ္ဘန်များ ဖြတ်သန်းသွားလာခြင်း၊ ကျောက်ချရပ်နားထားခြင်း၊ ငါးဖမ်းဆီးခြင်း၊ ငါးဖမ်းကိရိယာများချထားခြင်း မပြုလုပ်ကြရန် ငါးလုပ်ငန်းဦးစီးဌာနမှ အသိပေးကြေညာထားကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

ဥရောပ ယူ-၁၉ ချန်ပီယံရှစ် အုပ်စုပွဲစဉ်တွေ လာပြီ

မိုးမြင့်လင်းလက်

ဒီတစ်ပတ်ကြားရက်မှာ နိုင်ငံတကာ ခြေစမ်းပွဲတွေရော၊ ၂၀၁၈ ကမ္ဘာ့ဖလားခြေစစ်ပွဲရော၊ ဥရောပ ယူ-၂၁ ပြိုင်ပွဲတွေရော အစုံအလင် ကစားနေကြတာမို့ ကမ္ဘာ့ဘောလုံးပရိသတ်တွေလည်း ပြိုင်ပွဲတွေကို စိတ်တိုင်းကျ ရွေးချယ်ကြည့်ရှုအားပေးခွင့်ရရှိနေပါတယ်။ ဥရောပပြည်တွင်း လိဂ်ပြိုင်ပွဲတွေက လာမယ့်စနေ၊ တနင်္ဂနွေနေ့မှာ ကစားဦးမှာ ဖြစ်လို့ ပွဲကောင်းတွေကလည်း တန်းစီစောင့်ဆိုင်းနေပြန်ပါတယ်။ ဒါ့အပြင် အခုကြားရက်ဖြစ်တဲ့ မတ်၃၀ရက် ညပိုင်းမှာလည်း ဥရောပ ယူ-၁၉ ချန်ပီယံရှစ်ပြိုင်ပွဲရဲ့ အုပ်စုပွဲစဉ်တွေ ကစားဖို့ရှိနေတာမို့ အားကောင်းမောင်းသန် လူငယ် သွေးသစ်တွေရဲ့ ယှဉ်ပြိုင်မှုကို ရှုစားကြရဦးမှာဖြစ်ပါတယ်။

အီတလီနှင့် တူရကီ

ဥရောပ ယူ-၁၉ ချန်ပီယံရှစ်မှာတော့ အုပ်စု(B)မှာ အစ္စရေး၊ အီတလီ၊ ဆွစ်ဇာလန်နဲ့ တူရကီအသင်းတွေ တစ်အုပ်စုတည်း ကျနေပါတယ်။ အခု အီတလီရလဒ်ကောင်းတွေနဲ့ စတင်နိုင်ဖို့ နှစ်သင်းစလုံး အပြိုင်ကြိုးစားကြပါလိမ့်မယ်။ အီတလီအသင်းကြီးမှာ ပါဝင်ကစားနေတဲ့ လူငယ်အချို့ ပါဝင်နေသလို အနာဂတ်မှာ ခြေစွမ်းတောက်ပလာမယ့် ကြယ်ပွင့်တွေ မြင်တွေ့ကြရဦးမှာ ဖြစ်ပါတယ်။

ဥရောပ ယူ-၁၉ ပွဲစဉ်သမိုင်းမှာ ဒီ နှစ်သင်း နောက်ဆုံးတွေ့ဆုံခဲ့တဲ့ ရလဒ်ကိုကြည့်ရင် ၂၀၁၃ ခုနှစ် မေ ၂၄ ရက်က ကစားခဲ့တဲ့ပွဲမှာတော့ တူရကီကွင်းမှာ တူရကီတို့က ၎င်းဂိုး-တစ်ဂိုးနဲ့ ပြတ်ပြတ်သားသားနိုင်ပွဲရယူခဲ့ပါတယ်။ လက်ရှိခြေစွမ်းပိုင်းကို ကြည့်ရင် တူရကီလူငယ်တွေရဲ့ နောက်ဆုံး သုံးပွဲ ကစားခဲ့တဲ့ရလဒ်က နှစ်ပွဲနိုင်၊ တစ်ပွဲရှုံး ထွက်ပေါ်ထားတာမို့ အီတလီအတွက်တော့ ခက်ခဲတဲ့ ပြိုင်ဘက်ကို ရင်ဆိုင်ရမှာဖြစ်ပါတယ်။ အီတလီလူငယ်တွေက လက်ရှိအချိန်မှာ အကောင်းဆုံးစုဖွဲ့မှုနဲ့အတူ လေ့ကျင့်ပြင်ဆင်မှု ကောင်းကောင်းရရှိထားတဲ့ အနေအထားရှိနေပါတယ်။ အီတလီလူငယ်တွေရဲ့ နောက်ဆုံးကစားခဲ့တဲ့ သုံးပွဲ ရလဒ်ကိုကြည့်ရင် နိုင်ပွဲတွေအားလုံး ရရှိထားတာမို့ အခုပွဲဟာ အီတလီလူငယ်တွေအတွက်တာထွက်ကောင်းမယ့် ပွဲပါပဲ။

အစ္စရေးနှင့် ဆွစ်ဇာလန်

အုပ်စု(B)မှာတော့ အစ္စရေးတို့က တောင့်တင်းတဲ့အသင်းအဖြစ် ရပ်တည်နေတာပါ။ ယူ-၂၁ အသင်းအတွက် ကစားနေတဲ့ လူငယ်ကစားသမားအချို့ပါဝင်နေသလို အစ္စရေးအသင်းကြီးအတွက် အရန်ကစားသမား လူငယ်ခြေတက်နှစ်ဦးလည်း ပါဝင်နေပါတယ်။ ဒါပေမယ့် အစ္စရေးတို့က နောက်ဆုံးကစားခဲ့တဲ့ ပွဲရလဒ်ကိုကြည့်ရင် နိုင်ပွဲတစ်ပွဲသာ ရရှိထားပြီး သရေနှစ်ပွဲ ဖြစ်ထားပါတယ်။ ဆွစ်ဇာလန် လူငယ်တွေကတော့ ခြေစွမ်းထက်မြက်တဲ့ ကစားသမားတွေကို စနစ်တကျ စုဖွဲ့ထားပြီး ဒီနှစ်မှာ မှတ်တမ်းကောင်း ရေးထိုးနိုင်ဖို့ မျှော်မှန်းနေတဲ့အသင်းဖြစ်ပါတယ်။ ဆွစ်ဇာလန် လူငယ်တွေရဲ့ နောက်ဆုံးသုံးပွဲ ကစားခဲ့တဲ့ ရလဒ်ကိုကြည့်ရင်တော့ ရှုံးပွဲမရှိခဲ့ပါဘူး။ အသင်းလိုက် လျင်လျင်မြန်မြန်နဲ့ ကစားနိုင်ပြီး လူငယ်တိုက်စစ်မှူးတွေရဲ့ နေရာယူမှု၊ ထိုးဖောက်နိုင်မှုနဲ့ လျင်မြန်မှုတွေကြောင့် အစ္စရေးတို့အတွက် ခက်ခဲစေမယ့်ပွဲပါပဲ။ အစ္စရေး တိုက်စစ်မှူးတွေက အဆုံးသတ်ပိုင်းလိုအပ်ချက်တွေရှိနေဆဲဖြစ်တဲ့အပြင် ဆွစ်ဇာလန် လူငယ်တွေရဲ့ ခံစစ်ကြောင်းကို ကျော်ဖြတ်နိုင်ဖို့ဆိုတာ တော်ရုံအားထုတ်လို့ မရနိုင်ပါဘူး။ အစ္စရေးနဲ့ ဆွစ်ဇာလန်တို့ရဲ့ နောက်ဆုံးတွေ့ဆုံခဲ့တဲ့ ၂၀၁၄ ခုနှစ် မေ ၂၇ ရက်က ပွဲရလဒ်မှာတော့ အစ္စရေးတို့က တစ်ဂိုး-ဂိုးမရှိနဲ့ နိုင်ပွဲရထားခဲ့ပါတယ်။

အခုပွဲမှာတော့ ဆွစ်ဇာလန်တို့က တစ်သင်းလုံး ဟန်ချက်ညီနေပြီးပုံစံကောင်းလည်းရရှိနေတာမို့ အစ္စရေးနဲ့ ရှုံးကြွေးကို ဒီပွဲမှာပြန်ဆပ်ပြီး အနိုင်ရလဒ်ကို ထွေးပိုက်နိုင်ဖို့ ခြေကုန်ထုတ်ပါလိမ့်မယ်။ ။

အင်္ဂလန်နဲ့ စတုတ်ဂိုးသမား ဂျက်ဘတ်လန်း ယူရို ၂၀၁၆ နဲ့ လွဲချော်မည်

အင်္ဂလန် ဂိုးသမား ဂျက်ဘတ်လန်းဟာ ဂျာမနီကို သုံးဂိုး-နှစ်ဂိုးနဲ့ အနိုင်ရတဲ့ပွဲမှာ ခြေမျက်စိကွဲအက်သွားတဲ့အတွက် ယူရို ၂၀၁၆ ပြိုင်ပွဲနဲ့ လွဲချော်လိမ့်မယ်လို့ နည်းပြ ရွှင်းဟော့ဆင်က ဆိုပါတယ်။ ဘာလင်မြို့ အိုလံပီယာစတာဒီယံကွင်းကြီးမှာ ကျင်းပတဲ့ ဒီပွဲမှာ အင်္ဂလန်ဂိုးသမား ဘတ်လန်းဟာ ဂျာမနီက အဖွင့်ဂိုးသွင်းပြီးနောက် ထမ်းစင်နဲ့ ထွက်သွားခဲ့ရပါတယ်။ အသက် ၂၃ နှစ်အရွယ်ရှိ စတုတ်ဂိုးသမား ဘတ်လန်းဟာ ဒဏ်ရာပြင်းထန်စွာ ရရှိသွားတယ်လို့ ဆိုပါတယ်။ အင်္ဂလန်နည်းပြ ရွှင်းဟော့ဆင်ကတော့ ယူရိုပွဲအတွက် သူ့ကို ရွေးချယ်ထားပေမယ့် ဒဏ်ရာကြောင့် ပါဝင်ဖွယ်မရှိပါဘူးလို့ ဆိုပါတယ်။ ယူရို ပွဲတွေကို ၂၀၁၆ မေ ၁၂ ရက်မှာ စတင်ကစားဖို့ ရှိပါတယ်။ ဘတ်လန်းဟာ ပထမဂိုးသမား ဂျိုးဟတ်နေရာမှာ ဝင်ကစားခဲ့ရာမှာ ယခုကဲ့သို့ ဒဏ်ရာရခဲ့ခြင်းဖြစ်ပါတယ်။

ယူရို ၂၀၁၆ မှာ အသင်းခေါင်းဆောင်အဖြစ် ကစားမယ့် ရွှန်းနေ

လက်ရှိ ကမ္ဘာ့ဖလားချန်ပီယံ ဂျာမနီအသင်းကို အနိုင်ယူလိုက်တဲ့ပွဲမှာ တိုက်စစ်မှူး ရွှန်းနေ မပါခဲ့ပေမယ့် ယူရို ၂၀၁၆ မှာ ရွှန်းနေဟာ အင်္ဂလန်အသင်းရဲ့ အသင်းခေါင်းဆောင်အဖြစ် ကစားလိမ့်မယ်လို့ နည်းပြ ရွှင်းဟော့ဆင်က ဆိုပါတယ်။

မန်ယူ တိုက်စစ်မှူး ရွှန်းနေဟာ ဘာလင်မှာ ကစားတဲ့ ချစ်ကြည်ရေးပွဲမှာ ဒဏ်ရာကြောင့် ဘေးထိုင်ခဲ့ရပါတယ်။ အသက် ၃၀ အရွယ်ရှိတဲ့ တိုက်စစ်မှူး ရွှန်းနေဟာ အင်္ဂလန်ပွဲပေါင်း ၁၀၉ ပွဲမှာ ၅၁ ဂိုးအထိ သွင်းယူထားသူပါ။ အင်္ဂလန်အသင်း သမိုင်းမှာတော့ ဂိုးအများဆုံးသွင်းတဲ့ စံချိန်တင်ထားတာပါ။ ဒီလို စံချိန်တင်ထားတဲ့ တိုက်စစ်မှူးအတွက် ပြင်သစ်နိုင်ငံမှာ ကျင်းပမယ့် ယူရို ၂၀၁၆ မှာ အင်္ဂလန်အသင်းရဲ့ ခေါင်းဆောင်အဖြစ် ဆက်လက်ကစားခွင့်ပြုမှာဖြစ်ကြောင်း နည်းပြ ရွှင်းဟော့ဆင်က ဆိုပါတယ်။ အင်္ဂလန်အသင်းခေါင်းဆောင်နေရာအတွက် ဟာရီကိန်း၊ ဗာဒီစတဲ့ တိုက်စစ်မှူးတွေ ခြိမ်းခြောက်နေပေမယ့် ရွှန်းနေကိုပဲ အင်္ဂလန်အသင်းရဲ့ ခေါင်းဆောင်အဖြစ် ဆက်လက်ထားရှိသွားမယ်လို့ ဆိုပါတယ်။

အင်္ဂလန်အသင်းတွေ စိတ်ဝင်စားနေတဲ့ အီဘရာဟီမိုဗစ်

ကောင်းမြတ်သူ–စုစည်းသည်။

ပြင်သစ်ချန်ပီယံ ပီအက်စ်ဂျီမှ ဆွီဒင်တိုက်စစ်မှူး အီဘရာဟီမိုဗစ်က ပရီမီယာလီဂ်အသင်းတွေဟာ သူ့ကို စာချုပ်ဖို့ စိတ်ဝင်စားနေတယ်လို့ ဆိုပါတယ်။ အသက် ၃၄ နှစ်အရွယ်ရှိတဲ့ အီဘရာဟီမိုဗစ်ဟာ ဒီနှစ်နွေရာသီမှာ စာချုပ်သက်တမ်းကုန်ဆုံးတော့မှာ ဖြစ်ပါတယ်။ သူ့ကို မန်ယူ၊ ချယ်လ်ဆီးနဲ့ အာဆင်နယ်တို့က ခေါ်ယူဖို့ စိတ်ဝင်စားနေတယ်လို့ ဆိုပါတယ်။ အီဘရာဟီမိုဗစ်ဟာ ဥရောပလေးနိုင်ငံက ဖလားတွေကို ဆွတ်ခူးနိုင်ခဲ့တဲ့ တိုက်စစ်မှူးဖြစ်ပါတယ်။ သူဟာ ရာစုနှစ်အစမှာ အိုင်းယက်စ်အသင်းကို ဒက်ခ်ျဖလားနှစ်လုံး ဆွတ်ခူးပေးနိုင်ခဲ့သလို ဂျူဗင်တပ်စ်နဲ့လည်း စီးရီးအေဖလားနှစ်လုံး ရယူပေးနိုင်ခဲ့ပါတယ်။ သူဟာ ၂၀၁၀-၂၀၁၁ က စီးရီးအေသို့ ပြန်လာပြီး အေစီမီလန်အသင်းကို ၄င်း၏ ရှစ်လုံးမြောက်ဖလား မဆွတ်ခူးပေးမီ စပိန်မှာ ဘာစီလိုနာအသင်းနဲ့အတူ လာလီဂါဖလား ရယူပေးနိုင်ခဲ့သူလည်း ဖြစ်ပါတယ်။

၂၀၁၀-၂၀၁၂ မှာ မီလန်မှာ ဖလားလက်မဲ့ဖြစ်ခဲ့ပြီး ပြင်သစ်ကလပ် ပီအက်စ်ဂျီသို့ ပြောင်းခဲ့ရာမှာ ပြင်သစ်လီဂူးဖလား လေးလုံး ဆက်တိုက်ဆွတ်ခူးပေးနိုင်ခဲ့ပါတယ်။

အဆင့်မြင့် လှေကားတင်မီးငြိမ်းသတ်ယာဉ်များ လွှဲပြောင်းပေးအပ်

မုံရွာ မတ် ၂၉

စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ အထပ်မြင့်အဆောက်အအုံများနှင့် လူအဝင်အထွက်ခက်ခဲသော နေရာများတွင် သဘာဝဘေးနှင့် မီးဘေးအန္တရာယ်များ ကျရောက်သည့်အခါ မီးငြိမ်းသတ်ခြင်းနှင့် ကူညီကယ်ဆယ်ရေးလုပ်ငန်းများ တိုးမြင့်ဆောင်ရွက်နိုင်ရန်အတွက် အဆင့်မြင့် လှေကားတင် မီးငြိမ်းသတ်ယာဉ် နှစ်စီးကို မုံရွာမြို့နှင့် ရွှေဘိုမြို့မီးသတ်စခန်းများသို့ မတ် ၂၈ ရက်က လွှဲပြောင်းပေးအပ်ခဲ့ကြောင်း သိရသည်။

အဆိုပါ အဆင့်မြင့်လှေကားတင် မီးငြိမ်းသတ်ယာဉ်နှစ်စီးကို စစ်ကိုင်းတိုင်းဒေသကြီးအစိုးရ၏ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် ရန်ပုံငွေဖြင့် ယာဉ်တစ်စီးလျှင် ကျပ်သိန်း ၁၆၀၀ နှုန်းဖြင့် ဝယ်ယူဖြည့်တင်းပေးခြင်းဖြစ်ကြောင်း၊ မီးသတ်ယာဉ်များသည် Aerial Platform Fire Truck နှင့် High Jet Fire Engine ပါဝင်သဖြင့် အထပ်မြင့် အဆောက်အအုံများမှ လူများကိုကယ်ဆယ်ခြင်းနှင့် မီးငြိမ်းသတ်ခြင်းတို့ကို ဆောင်ရွက်နိုင်ကြောင်း သိရသည်။

မုံရွာမြို့ရှိ တိုင်းဒေသကြီး မီးသတ်ဦးစီးဌာနရုံး၌ ပြုလုပ်သည့် မီးသတ်ယာဉ်များ လွှဲပြောင်းပေးအပ်ပွဲတွင် တိုင်းဒေသကြီး ဝန်ကြီးချုပ်ဦးသာအေးက အဆင့်မြင့် မီးသတ်ယာဉ်များနှင့် သက်ဆိုင်သော စာရွက်စာတမ်းများကို မုံရွာမြို့နှင့် ရွှေဘိုမြို့တို့မှ အထောက်အကူပြုကော်မတီဥက္ကဋ္ဌများသို့ လွှဲပြောင်းပေးအပ်ခဲ့သည်။

ဗိုးချမ်း(မုံရွာ)

ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာ မူဝါဒရှင်းလင်းပွဲပြုလုပ်

လွိုင်ကော် မတ် ၂၉

ကယားပြည်နယ် လူမှုဝန်ထမ်းဦးစီးဌာနက ကြီးမှူး၍ လွိုင်ကော်မြို့ရှိ လွိုင်ကော်မူလတန်းကြိုကျောင်း၌ ရှေးဦးအရွယ် ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာမူဝါဒရှင်းလင်းပွဲကို မတ် ၂၈ ရက်က ပြုလုပ်ခဲ့သည်။

ရှင်းလင်းပွဲတွင် လူမှုဝန်ထမ်းဦးစီးဌာန(နေပြည်တော်)ရုံးမှ ဒုတိယညွှန်ကြားရေးမှူး ဒေါ်လဲ့ယဉ်ဝင်းက မြန်မာ့ရှေးဦးအရွယ်ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာမူဝါဒနှင့် ရေးဆွဲထားသည့် လုပ်ငန်းအဆင့်ဆင့် ဆောင်ရွက်ထားရှိမှု၊ အနာဂတ်မျှော်မှန်းချက်၊ မဟာဗျူဟာများ စုပေါင်း၍ အကောင်အထည်ဖော်မည့် အဖွဲ့အစည်းများ၊ မူဝါဒဆိုင်ရာ မဟာဗျူဟာများနှင့် ဝန်ဆောင်မှုလုပ်ငန်းများ၊ မြန်မာ့ရှေးဦးအရွယ် ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးစနစ် ဖွဲ့စည်းပုံဇယား၊ ကလေးသူငယ် ဖွံ့ဖြိုးမှုအတွက် ရင်းနှီးမြှုပ်နှံမှုအကျိုးကျေးဇူးစသည့် ခေါင်းစဉ်များဖြင့် အသေးစိတ်ရှင်းလင်းပြောကြားခဲ့ပြီး ရှင်းလင်းပွဲတက်ရောက်သူများ၏ မေးမြန်းချက်များကိုလည်း ပြန်လည်ရှင်းလင်းဖြေကြားခဲ့သည်။

(ခရိုင် ပြန်/ဆက်)

ငါ့သရောက်မြို့ ရပ်ကွက်လမ်းများအဆင့်မြှင့်တင်

ငါ့သရောက် မတ် ၂၉

မန္တလေးတိုင်းဒေသကြီး ငါ့သရောက်မြို့ မြို့ပေါ်ရပ်ကွက်များ၌ ဒေသခံပြည်သူများနှင့် ခရီးသွားပြည်သူများ ရာသီမရွေး သွားလာမှုအဆင်ပြေချောမွေ့စေရန်အတွက် မြို့တွင်းရပ်ကွက်လမ်းများကို အဆင့်မြှင့်တင်ပေးလျက်ရှိကြောင်း သိရသည်။

အမှတ်(၂) စျေးကုန်းရပ်ကွက် ဗိုလ်ချုပ်စျေးအနီးမှ အမှတ်(၄)သိမ်တော်ရပ်ကွက်သွား မြေသားလမ်း အရှည် ၁၀၆၅ ပေခန့်ကို အကျယ် ၁၈ ပေလမ်းအဖြစ်တိုးချဲ့ပြီး ကျောက်ချောမြေနီလမ်းအဆင့်သို့ မတ်လဒုတိယပတ်ကစတင်၍ အဆင့်မြှင့်တင်ခင်းလျက်ရှိပြီး ၉၅ ရာခိုင်နှုန်းခန့် ပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။

ရဲဝင်းနိုင်(ညောင်ဦး)

ရေလှောင်တမံလုပ်ငန်းတွင် ပါဝင်သွားသောမြေများအတွက် နစ်နာကြေးပေးအပ်

ကန့်ဘလူ မတ် ၂၉

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူမြို့နယ်အတွင်းရှိ မင်းမြင်ရေလှောင်တမံ ပေါင်ငါးပေမြှင့်တင်ခြင်းလုပ်ငန်းတွင် ပါဝင်သွားသော လယ်ယာမြေများအတွက် တောင်သူများအား သီးနှံနစ်နာကြေးနှင့် မြေလျော်ကြေးငွေပေးအပ်ပွဲကို မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ မတ် ၂၄ ရက်က ပြုလုပ်ခဲ့သည်။

လျော်ကြေးငွေပေးအပ်တွင် မြို့နယ်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမျိုးလွင်က တောင်သူများ၏ သီးနှံနစ်နာကြေးနှင့် မြေလျော်ကြေးငွေကို မြို့နယ်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့၊ ဆည်မြောင်းဦးစီးဌာနနှင့် တောင်သူများညှိနှိုင်း၍ ဒေသပေါက်စျေးကို ပေးအပ်ခြင်းဖြစ်ကြောင်း၊ တောင်သူများအနေဖြင့် ဒေသဖွံ့ဖြိုးရေးအတွက် ပူးပေါင်းဆောင်ရွက်ခြင်းကို ကျေးဇူးတင်ကြောင်းပြောကြားသည်။

ထို့နောက် မြို့နယ်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ ဆည်မြောင်းဦးစီးဌာန တည်ဆောက်ရေး(၄)မှ ဦးစီးအရာရှိ ဦးအောင်နိုင်နှင့် ဦးဝင်းခန့်တို့က သီးနှံနစ်နာကြေးနှင့် မြေလျော်ကြေးငွေများကို တောင်သူများထံသို့ တစ်ဦးချင်းပေးအပ်ခဲ့သည်။

လျော်ကြေးငွေပေးအပ်ရာတွင် ရေလှောင်တမံလုပ်ငန်းတွင် ပါဝင်သွားသော ယာမြေ ၂၂ ဒသမ ၈၆ ဧကခွဲ လုပ်ကိုင်လျက်ရှိသော ဟင်းဖြူတောကျေးရွာမှ တောင်သူ ခြောက်ဦးနှင့် ရှမ်းကုန်းကျေးရွာမှ တောင်သူနှစ်ဦးတို့အတွက် မြေလျော်ကြေးတွေ ငွေကျပ် ၂၉၀၁၀၀၀၀ နှင့် သီးနှံလျော်ကြေးငွေကျပ် ၃၁စ၁၅၀ ကို ပေးအပ်ခဲ့သည်။

အောင်ဝင်းဇြိမ်း(ကန့်ဘလူ)

ကျေးရွာ ၅၀၀ နီးပါး၌ ကျေးလက်ဒေသအခြေခံအဆောက်အအုံလုပ်ငန်းများပြီးစီး

မိတ္ထီလာ မတ် ၂၉

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် မိတ္ထီလာ၊ မလှိုင်၊ သာစည်နှင့် ဝမ်းတွင်းမြို့နယ်များအတွင်းရှိ ကျေးရွာပေါင်း ၅၀၀ နီးပါးတွင် မိတ္ထီလာခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ၂၀၁၅-၂၀၁၆ခု ဘဏ္ဍာရေးနှစ် ငွေလုံ့ငွေရင်း(မူလ၊ မွမ်းမံ)ရန်ပုံငွေများဖြင့် ဆောင်ရွက်ခဲ့သော ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ မတ်လ တတိယပတ်အတွင်း၌ ပြီးစီးခဲ့ကြောင်း သိရသည်။

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းနှင့် အခြေခံအဆောက်အအုံများအဖြစ် ကျေးလက်လမ်းများ၊ တံတားများ၊ ရေပေးရေးလုပ်ငန်းများ၊ ကျန်းမာသန်ရှင်းရေး၊ မီးလင်းရေးနှင့် ကျေးလက်အိမ်ရာ လုပ်ငန်းများကို ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ် ငွေလုံ့ငွေရင်း(မူလ၊ မွမ်းမံ)ရန်ပုံငွေ ကျပ် ၅၁၉၉ ဒသမ ၇၇ သန်းဖြင့် ခရိုင်အတွင်း တင်ဒါအောင်မြင်သော ကုမ္ပဏီ ၁၂ ခုတို့က ဆောင်ရွက်ခဲ့ပြီး ယခုအခါ လုပ်ငန်းများ ပြီးစီးခဲ့ခြင်းဖြစ်သည်။

လုပ်ငန်းဆောင်ရွက်မှုများမှာ ကျေးရွာအုပ်စု ၈၉ အုပ်စု ကျေးရွာ ၃၁၇ ရွာတွင် ကျေးလက်လမ်း တံတားလုပ်ငန်းများကို လည်းကောင်း၊ ကျေးရွာအုပ်စု ၃၅ အုပ်စု၊ ကျေးရွာ ၇၅ ရွာတွင် ကျေးလက်ရေပေးရေးလုပ်ငန်းများကိုလည်းကောင်း၊ ကျေးရွာအုပ်စု ငါးအုပ်စု ကျေးရွာပေါင်း ၁၃ ရွာတွင် ကျေးလက်ကျန်းမာသန့်ရှင်းရေး လုပ်ငန်းများကို လည်းကောင်း၊ ကျေးရွာအုပ်စု ၁၇ အုပ်စု ကျေးရွာပေါင်း ၇၃ ရွာတွင် ကျေးလက်မီးလင်းရေးနှင့် ကျေးလက်အိမ်ရာလုပ်ငန်းများကိုလည်းကောင်း ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

အဆိုပါ ကျေးလက်ဒေသဖွံ့ဖြိုးရေး ဆောင်ရွက်မှုများကြောင့် ခရိုင်အတွင်းရှိ ကျေးရွာအုပ်စု ၁၅၇ ခု၊ ကျေးရွာ ၄၇၇ရွာရှိ အိမ်ခြေ ၆၄၀၀၀ ကျော်မှ လူဦးရေ ၃၃၀၀၀၀ ကျော်၏ လူမှုရေး၊ ကျန်းမာရေး၊ စီးပွားရေး၊ လမ်းပန်းဆက်သွယ်ရေး စသည့် ကဏ္ဍပေါင်းစုံတိုးတက်လာစေရန် အကျိုးပြုမည်ဖြစ်ကြောင်း သိရသည်။

သိန်းမြင့်ကျော်(မိတ္ထီလာ)

စာကြည့်တိုက်ဝန်ဆောင်မှုမြှင့်တင်ရေးအလုပ်ရုံဆွေးနွေး

ဂ မတ် ၂၉

စာကြည့်တိုက်ဝန်ဆောင်မှုမြှင့်တင်ရေး အလုပ်ရုံဆွေးနွေးပွဲကို သံတွဲခရိုင် ဂ၀ိမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန စာကြည့်တိုက်ခန်းမ၌ မတ် ၂၅ ရက် နံနက် ၉ နာရီက ကျင်းပသည်။

အခမ်းအနားတွင် သံတွဲခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးအရာရှိ ဦးမြင့်ရွှေက အမှာစကားပြောကြားပြီး မြို့နယ် ပြန်/ဆက်ဦးစီးမှူး ဒေါ်အေးအေးအောင်က စာကြည့်တိုက်ဝန်ဆောင်မှုမြှင့်တင်ရေး အလုပ်ရုံဆွေးနွေးပွဲ ပြုလုပ်ရခြင်း၏ ရည်ရွယ်ချက်နှင့် စာကြည့်တိုက်များ ရေရှည်ရှင်သန်ခိုင်မာရေးတို့ကို ရှင်းလင်းပြောကြားသည်။ ထို့နောက် ဂ၀ိမြို့နယ်၊ ကျိန္တလီမြို့နယ်ဦးစီးမှူးတို့က စာကြည့်တိုက်တွင် စာဖတ်သူ တိုးပွားရေး၊ ရန်ပုံငွေ ပရိဘောဂနှင့် စာအုပ်စာစောင်များတိုးပွားရေး၊ စာကြည့်တိုက်မှူးများ၏ ဝန်ဆောင်မှုအခန်းကဏ္ဍခေါင်းစဉ်များဖြင့် ဆွေးနွေးပြီး တက်ရောက်လာသည့် စာကြည့်တိုက်မှူးများက အုပ်စုနှစ်စုခွဲ၍ ဆွေးနွေးကြသည်။ အလုပ်ရုံဆွေးနွေးပွဲသို့ ရပ်ကွက်စာကြည့်တိုက်မှူးများ၊ ကျေးရွာစာကြည့်တိုက်မှူးများနှင့် စိတ်ပါဝင်စားသူများ တက်ရောက်ကြကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

မြို့နယ် စုပေါင်းရုံးအဆောက်အအုံ ဖွင့်ပွဲကျင်းပ

မော်လမြိုင် မတ် ၂၉

မွန်ပြည်နယ် မော်လမြိုင်မြို့ ပန်းဘဲတန်းရပ်ကွက်၌ မြို့နယ်စုပေါင်းရုံးခြောက်ထပ်အဆောက်အအုံသစ်ဖွင့်ပွဲကို မတ် ၂၈ ၇က်က ကျင်းပခဲ့သည်။

အဆိုပါ စုပေါင်းရုံးတွင် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ အခွန်ဦးစီးဌာန၊ လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန၊ လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၊ လယ်ယာဖွံ့ဖြိုးရေးဘဏ်၊ မြို့နယ်စီမံကိန်းရေးဆွဲရေးဦးစီးဌာန၊ ဗဟိုစာရင်းအင်း ဦးစီးဌာနများမှ ဝန်ထမ်းများက တစ်နေရာတည်းတွင် ဝန်ဆောင်မှုများ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ဖွင့်ပွဲတွင် ပြည်နယ် ဘဏ္ဍာရေးဝန်ကြီး ဒေါက်တာခင်မောင်အေးနှင့် တာဝန်ရှိသူများက အဆောက်အအုံသစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပြီး ပြည်နယ်ဝန်ကြီးချုပ် ဦးအုန်းမြင့်က ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ခဲ့သည်။ **တင်ထွန်း**

ငဖဲမြို့အနီးရှိ မန်းချောင်းတံတား(ချောင်းဖြူ)ဖွင့်လှစ်

ငဖဲ မတ် ၂၉

မကွေးတိုင်းဒေသကြီး ငဖဲ-စေတုတ္တရာလမ်းပေါ် ငဖဲမြို့အနီးရှိ မန်းချောင်းတံတား(ချောင်းဖြူ)ဖွင့်ပွဲကို မတ် ၂၆ ရက်က ကျင်းပခဲ့သည်။ မန်းချောင်းတံတားသည် ယခင်က သစ်သားတံတားဖြစ်ပြီး ပြီးခဲ့သည့်နှစ်အတွင်းက မန်းချောင်းရေကြီးရေလွှမ်းမှုကြောင့် ရေတိုက်စားမျောပါ၍ ပျက်စီးခဲ့သဖြင့် တံတားသစ်ကို တိုင်းဒေသကြီးအစိုးရ၏ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ် ရန်ပုံငွေ ကျပ်သန်း ၁၄၁၀ အသုံးပြု၍ ဆောက်လုပ်ရေးဝန်ကြီးဌာန တံတားအထူးအဖွဲ့(၆)က တာဝန်ယူဆောက်လုပ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ တံတားမှာ အရှည်ပေ ၅၄၀၊ အကျယ် ၂၄ ပေ(နှစ်လမ်းသွား)၊ လူသွားလမ်းအကျယ် တစ်ဖက်သုံးပေစီနှင့် ခံနိုင်ဝန် တန် ၆၀ ရှိ သံကူကွန်ကရစ်အမျိုးအစားဖြစ်ကြောင်း သိရသည်။

တံတားဖွင့်ပွဲတွင် တိုင်းဒေသကြီးဝန်ကြီးချုပ်ဦးဘုန်းမော်ရွှေက အမှာစကားပြောကြားပြီး တိုင်းဒေသကြီး လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးဝင်းဖေ၊ လမ်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဝင်းဖေ၊ အင်ဂျင်နီယာချုပ် ဦးကျော်ကျော်နှင့် မင်းဘူးခရိုင်အုပ်ချုပ်ရေးမှူး ဦးသိန်းဇော်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ကာ တိုင်းဒေသကြီး ဝန်ကြီးချုပ်က ကမ္ဘည်းမော်ကွန်းကျောက်စာတိုင်ကို စက်ခလုတ်နှိပ်ဖွင့်လှစ်ခဲ့သည်။

သန်းနိုင်ဦး(ငဖဲ)

သတင်းတိုများ

ရန်ကုန်–မြိတ်လမ်းပေါ်ရှိ ကလိန်အောင်တံတားဖွင့်လှစ်

တနင်္သာရီတိုင်းဒေသကြီး ကလိန်အောင်မြို့ ရန်ကုန်-မြိတ်လမ်းပေါ်ရှိ တံတားအမှတ် (၁/၄၇) ကလိန်အောင်တံတားကြီးကို မတ် ၂၇ ရက်က ဖွင့်လှစ်ခဲ့ရာ တိုင်းဒေသကြီး လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဒေါက်တာကျော်ဆန်းက ဖွင့်လှစ်ပေးခဲ့သည်။ အဆိုပါတံတားသည် ရေဖြူမြို့နယ် ကလိန်အောင်မြို့အနီး ရန်ကုန်-မြိတ်လမ်းမပေါ်တွင် တည်ရှိပြီး အရှည် ပေ ၆၆၀၊ အကျယ် ၃၁ ပေ ၊လူသွားလမ်းတစ်ဖက်လျှင် ၃ ပေခွဲရှိကာ နိုင်ငံတော်ခွင့်ပြုရန်ပုံငွေ ကျပ် ၃၅၈၄ သန်းဖြင့် ၂၀၁၂ ခုနှစ်မှ ၂၀၁၆ ခုနှစ်အထိ တည်ဆောက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**

အထက်တန်းကျောင်းဆောင်သစ် ဖွင့်ပွဲကျင်းပ

စစ်ကိုင်းတိုင်းဒေသကြီး ထီးချိုင့်မြို့နယ် မြတောင်ကျေးရွာ၌ အထက်တန်းကျောင်းဆောင်သစ်ဖွင့်ပွဲကို မတ် ၂၇ ရက်က ကျင်းပခဲ့သည်။ ဖွင့်ပွဲတွင် စစ်ကိုင်းတိုင်းဒေသကြီး ဘဏ္ဍာ/အခွန်ဝန်ကြီးဦးတင်ဝင်း၊ ကသာခရိုင်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးကျော်ကျော်အုန်းနှင့် တာဝန်ရှိသူများက ကျောင်းဆောင်သစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ခဲ့သည်။ အဆိုပါ ကျောင်းဆောင်သစ်သည် အလျားပေ ၁၂၀၊ အနံပေ ၃၀ ရှိ နှစ်ထပ်အဆောက်အအုံဖြစ်ပြီး နိုင်ငံတော်မှပံ့ပိုးငွေကျပ် ၄၃၂ သိန်းနှင့် ဒေသခံပြည်သူလူထုထည့်ဝင်ငွေကျပ် ၂၅၁ သိန်း၊ စုစုပေါင်းကျပ် ၆၈၃ သိန်းအကုန်ကျခံ ဆောက်လုပ်ခဲ့ကြောင်း သိရသည်။

လူအောင်(ကသာ)

အယ်နီညှိ ရာသီဥတုဆိုင်ရာ ပညာပေးဟောပြော

ရန်ကုန် မတ် ၂၉

ရန်ကုန်တိုင်းဒေသကြီး ကြည့်မြင်တိုင်မြို့နယ်တစ်ဖက်ကမ်း အလတ်ချောင်းရပ်ကွက်၊ ချောင်း၀ ဘုန်းတော်ကြီးကျောင်းတိုက်ရှိ စိတ္တသုခ အာရုဏ်ခံတန်ဆောင်းကြီးအတွင်း၌ အယ်နီညှိရာသီဥတုဆိုင်ရာ အသိပညာပေးဟောပြောပွဲကို မတ် ၂၇ ရက်က ပြုလုပ်ခဲ့သည်။

ဟောပြောပွဲတွင် ကြည့်မြင်တိုင်မြို့နယ်အုပ်ချုပ်ရေးမှူး ဦးရဲလင်းအောင်က အမှာစကားပြောကြားပြီး မြို့နယ်စည်ပင်သာယာရေးကော်မတီ ရေသန့်ဌာနမှ တာဝန်ခံ ဦးသက်နိုင်ဦးက အယ်နီညှိရာသီဥတုကြောင့် အပူချိန်မြင့်တက်လာချိန်တွင် ရေပြတ်လပ်မှုမရှိစေရေး ဆောင်ရွက်ထားမှုများနှင့် ကြည့်မြင်တိုင် အနောက်ဘက်ကမ်းဒေသများသို့ ရေကောင်းရေသန့်များကို စနစ်တကျ ဖြန့်ဝေပေးနေမှုများကို ရှင်းလင်းပြောကြားသည်။ ထို့နောက် ကြည့်မြင်တိုင်မြို့နယ် အရန်မီးသတ်တပ်ဖွဲ့မှူး ဦးကိုလတ်က အယ်နီညှိ သဘာဝနှင့် မီးလောင်ကျွမ်းမှုအန္တရာယ် ကာကွယ်တားဆီးရေး၊ မြို့နယ်ကျန်းမာရေး ဦးစီးဌာနမှူးအဆင့်(၁) ဦးတင်အောင်က အယ်နီညှိရာသီ ဥတုကြောင့် ခံစားရနိုင်သော ဝေဒနာများအကြောင်း၊ ကျန်းမာရေးဌာနမှ ထုတ်ပြန်ထားသော အသိပညာပေးညွှန်ကြားချက်များအတိုင်း လိုက်နာကျင့် သုံးနိုင်ရေး စသည်တို့ကို ဟောပြောခဲ့ကြသည်။

ရွှေတိုင်လွင်

သန်းခေါင်စာရင်းအချက်အလက်များကို ထိရောက်စွာအသုံးပြုနိုင်ရေးအတွက် အလုပ်ရုံဆွေးနွေး

လပွတ္တာ မတ် ၂၉

ဧရာဝတီတိုင်းဒေသကြီး လပွတ္တာရိုင်အတွင်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းအချက်အလက်များကို ထိရောက်စွာအသုံးပြုနိုင်ရေးအတွက် အလုပ်ရုံဆွေးနွေးပွဲနှင့် သင်တန်းကို ခရိုင် လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဦးစီးဌာနက မတ် ၂၇ ရက်က ပြုလုပ်ခဲ့သည်။

လပွတ္တာမြို့ ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ပြုလုပ်သည့် အလုပ်ရုံဆွေးနွေးပွဲတွင် လပွတ္တာခရိုင် သန်းခေါင်စာရင်းကော်မတီဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးတင်ဦးက အမှာစကား ပြောကြားပြီး လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန(ရုံးချုပ်)မှ ဒုတိယညွှန်ကြားရေးမှူး ဦးဆွေမြင့်က အလုပ်ရုံဆွေးနွေးပွဲသင်တန်း ဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။

အလုပ်ရုံဆွေးနွေးပွဲ သင်တန်းသို့ လပွတ္တာခရိုင်အတွင်းရှိ ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ သက်ဆိုင်ရာဒေသအလိုက် သန်းခေါင်စာရင်းအချက်အလက်များကို အဓိကအသုံးပြုမည့်သူများ၊ လူမှုရေးအသင်းအဖွဲ့များမှ သင်တန်းသား သင်တန်းသူ ၃၀ တက်ရောက်ခဲ့သည်။

အဆိုပါ အလုပ်ရုံဆွေးနွေးပွဲတွင် သန်းခေါင်စာရင်းအဓိပ္ပာယ်၊ သန်းခေါင်စာရင်းရည်ရွယ်ချက်၊ အသုံးပြုသည့်နယ်ပယ်များ၊ သန်းခေါင်စာရင်းလုပ်ငန်းစဉ်၊ လူဦးရေဆိုင်ရာအချက်အလက်များ၊ လူမှုရေးဆိုင်ရာ အချက်အလက်များ၊ ပြည်တွင်းပြည်ပ ရွှေ့ပြောင်းသွားလာခြင်း၊ ပညာရေးဆိုင်ရာအချက်အလက်များ၊ စီးပွားရေးဆိုင်ရာအချက်အလက်များ၊ ဖွား/သေအကြောင်းအရာများ၊ ကိုင်ဆောင်သည့်လက်မှတ်အမျိုးအစား၊ မသန်စွမ်းမှုအကြောင်းအရာ၊ အိမ်အသုံးအဆောင်ပစ္စည်းများ၊ အိမ်အကြောင်းအရာများကို မတ် ၂၉ ရက်အထိ သုံးရက်ကြာ ဆွေးနွေးပို့ချခဲ့ကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

အပြေးစမ်းပွဲတွင် ပါဝင်သူများကို တာမထွက်မီတွေ့ရစဉ်။

ရှမ်းပြည်နယ်ခရီးသွားလုပ်ငန်းစီမံကိန်းနှင့် GIZ အဖွဲ့မှ ပူးပေါင်း၍ ရုံးပိတ်ရက် ကလောခရီးကြမ်းအပြေးစမ်းပွဲ ကျင်းပ

ကလော မတ် ၂၉

မြန်မာနိုင်ငံ ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းဦးစီးဌာန ရှမ်းပြည်နယ်ခရီးသွားလုပ်ငန်းစီမံကိန်းနှင့် ဂျာမဏီနိုင်ငံ Deutsche Gesellscgaft For International Zusammerargeit(GIZ)အဖွဲ့တို့ ပူးပေါင်း၍ ရုံးပိတ်ရက် ကလောခရီးကြမ်း အပြေးစမ်းပွဲ (Shan State Tourism Project Kalaw Trial Running Weekend)ကို ကလောမြို့၌ မတ် ၂၆ ရက်က ပြုလုပ်ခဲ့သည်။

အဆိုပါ ခရီးကြမ်းအပြေးစမ်းပွဲတွင် ဩစတြေးလျှနိုင်ငံသူ Ms.Marlo Perry ဦးဆောင်သည့် ရန်ကုန်အပြေးအသင်း(Yangon Running Club)မှ အသင်းဝင်များဖြစ်သော ဩစတြေးလျှနိုင်ငံသား အမျိုးသား ၁၀ ဦးနှင့် အမျိုးသမီး ၁၂ ဦး၊ ဂျာမဏီနိုင်ငံသား အမျိုးသား ကိုးဦးနှင့် အမျိုးသမီး ကိုးဦး၊ မြန်မာနိုင်ငံ နိုင်ငံခြားသံရုံးများမှ နိုင်ငံခြားသား ခုနစ်ဦး စုစုပေါင်း ၄၇ ဦး ပါဝင်ခဲ့သည်။

ခရီးကြမ်းပြေးအဖွဲ့သည် နံနက် ၁၀ နာရီတွင် ကလောဘူတာရှေ့မှ စတင်တာထွက်ကာ ရပ်ကွက်(၃)၊ အရှေ့ဗိုလ်ကုန်းရပ်၊ အရှေ့မြို့ပတ်လမ်း၊ ရွာသစ်ရပ်ကွက်၊ သစ်တောလမ်း၊ မှိုင်းလုံးတောင်၊ မြင်းမထီကျေးရွာ လမ်းအတိုင်း ခရီးကြမ်းပြေးခဲ့ပြီး ဆက်လက်၍ ရှမ်းကယားပြည်နယ်ချင်းဆက် ကလော-လွိုင်ကော် ပြည်ထောင်စုလမ်းမကြီးအတိုင်း အင်းပြင်ကျေးရွာ၊ ကလောမြို့ အမှတ်(၂) စခန်းသာရပ်ကွက် အမှတ်(၄)ရပ်ကွက်များကိုဖြတ်၍ စုစုပေါင်း ခရီးအရှည် ကီလိုမီတာ ၂၀ ပြေးခဲ့ပြီး ကလောဘူတာတွင် ပြန်လည်ပန်းဝင်ခဲ့သည်။

မတ် ၂၇ ရက်တွင်လည်း အဆိုပါ အဖွဲ့သည် ဒုတိယနေ့ အပြေးစမ်းပွဲကို ဆက်လက်ကျင်းပခဲ့ပြီး ကလောဘူတာမှ မောမြေဦးပန်း၌၊ ရွှေဥမင်ဘုရားလမ်း၊ အနောက်ဗိုလ်ကုန်း နီးဘုရားလမ်း၊ ရွှေမင်းဖုန်းကျေးရွာ၊ ပလောင်တောင်ရွှေတွင်းလမ်းမှတစ်ဆင့် ကလောရေအေးကန်သို့ အသွားအပြန် ၁၅ ကီလိုမီတာကို ခရီးကြမ်းပြေးခဲ့ကြောင်း သိရသည်။

ဇော်သိန်းရည်

အသုံးပြုသူနည်းပါးလာဖြင့် ဝါးထရံရက်လုပ်ငန်းများ ရပ်ဆိုင်းလုနီးပါးဖြစ်ကာ လုပ်သားများရှားပါးလာ

သထုံ မတ် ၂၉

မွန်ပြည်နယ် သထုံမြို့နယ်အတွင်း နေအိမ်များဆောက်လုပ်ရာ၌ ဝါးထရံအသုံးပြုသူ နည်းပါးလာသဖြင့် ဝါးထရံရက်လုပ် ရောင်းချသော လုပ်ငန်းများမှာ ရပ်ဆိုင်းရမည့်အခြေအနေနှင့် ကြုံတွေ့နေရပြီး လုပ်ကိုင်ကြမည့်လုပ်သားများလည်း ရှားပါးလာလျက်ရှိကြောင်း ဝါးထရံလုပ်ငန်းလုပ်ကိုင်သူများထံမှ သိရသည်။

"ထရံရက်တဲ့ဝါးကလည်း တစ်နှစ်ထက် တစ်နှစ် စျေးပိုမြင့်လာတယ်။ ကျွမ်းကျင်လုပ်သား အများစုကလည်း တွက်ခြေမကိုက်တော့ စျေးပိုပေးတာတောင် သိပ်မလုပ်ချင်ကြဘူး။ ရောင်းအားကလည်း လျော့လာတာပဲရှိတော့ ကြာရင် လုပ်ငန်းလည်ပတ်နိုင်ဖို့တောင် မရှိနိုင်တော့ဘူး"ဟု သထုံမြို့ နတ်စင်လမ်းရှိ မိသားစုဝါးထရံရက် လုပ်ငန်းမှ ဦးအောင်သန်းဦးက ပြောသည်။

ဝါးထရံရက်လုပ်ငန်းကို လုပ်ကိုင်ကြသည့် ကျွမ်းကျင်လုပ်သားအများစုမှာ မိသားစုဝင်ငွေတိုးပွားရေးအတွက် ဝင်ငွေနည်းပါးသည့် ထရံရက်လုပ်ငန်းမှ အခြားလုပ်ငန်းများကို ပြောင်းလဲလုပ်ကိုင်ကြခြင်း၊ ပြည်တွင်းပြည်ပတို့သို့ ရွှေ့ပြောင်းသွားလာ လုပ်ကိုင်ကြခြင်းတို့ကြောင့် လုပ်သားရှားပါးလာခြင်းဖြစ်ပြီး ရောင်းအားကျလာခြင်းမှာ ဝါးထရံများအစား ရေရှည် အသုံးပြု၍ရသည့် သစ်၊ သွပ်၊ အုတ်စသည်တို့ကို အသုံးပြုမှုများလာသဖြင့် ဝါးထရံအသုံးပြုသူ နည်းပါးလာခြင်းဖြစ်ကြောင်း ၄င်းကပြောသည်။

ဝါးထရံများကို နေအိမ်အကာအရံများ၊ ဂိုဒေါင်များ၊ စပါးကျီများ၊ ချောင်းပိတ် မြောင်းပိတ်များနှင့် စီမံကိန်းလုပ်ငန်းများတွင် အများအားဖြင့် အသုံးပြုကြပြီး လက်ရှိအချိန်တွင် သထုံမြို့နယ်၌ ဝါးထရံရက်လုပ်ရောင်းချသူ ၁၀ ဦးခန့်ရှိသည်။ စျေးနှုန်းအနေဖြင့် တစ်ထပ်ဝါးထရံ တစ်ပေပတ်လည် ငွေကျပ် ၁၄၀၊ နှစ်ထပ်ထရံ တစ်ပေပတ်လည် ငွေကျပ် ၂၀၀ နှုန်းဖြင့် ရောင်းချနေကြသည်။ မှာယူသူအများစုမှာ အလျား ၁၀ ပေ အနံ ၆ ပေ၊ အလျား ၁၂ ပေ အနံ ၆ ပေ၊ အလျား ၁၅ ပေ အနံ ၆ ပေ အရွယ် ထရံများကို အများဆုံးမှာယူကြကြောင်း ဝါးထရံလုပ်ငန်း လုပ်ကိုင်သူများထံမှ သိရသည်။ **သက်ဦး(သထုံ)**

မဟာသင်္ကြန်ကာလအတွင်း မြို့ပတ်နှင့် အမြန်ရထားခရီးစဉ်အချို့ ယာယီရပ်နားမည်

ရန်ကုန် မတ် ၂၉

၁၃၇၇ ခုနှစ် သင်္ကြန်ကာလအတွင်း ရန်ကုန်မြို့ပတ် ဆင်ခြေဖုံးလမ်းပိုင်းရထားများနှင့် အမြန်ရထားခရီးစဉ် အချို့ကို ယာယီရပ်နားထားမည်ဖြစ်ကြောင်း ရထားပို့ဆောင်ရေးဝန်ကြီးဌာနမှ မတ် ၂၈ ရက်က ထုတ်ပြန်ထားချက်အရ သိရသည်။

ရန်ကုန်မြို့ပတ် ဆင်ခြေဖုံးလမ်းပိုင်း၌ လက်ရှိတစ်ရက်လျှင် ခေါက်ရေ ၂၁၅ ခေါက်ပြေးဆွဲနေမှုကို သင်္ကြန်ကာလ ဧပြီ ၁၃ ရက်မှ ၁၆ ရက်အထိ ခေါက်ရေ ၆၉ ခေါက်အထိ လျှော့ချပြေးဆွဲသွားမည်ဖြစ်ကြောင်း သိရသည်။ မြို့ပတ်ဆင်ခြေဖုံးလမ်းပိုင်း ရထားများဖြစ်သော (က)နှင့်(ခ) အဲကွန်းအထူးရထား တွဲဆိုင်း၊ (ဂ) အဲကွန်းအထူးရထား တွဲဆိုင်း၊ (ဃ)၊ (ဆ)၊ (ည)၊ (ဏ)(၁)၊(ဏ)(၅)၊ (တ)၊(ထ)၊ (ဒ)၊ (ပ)၊(ဘ)၊(ယ)၊ (လ)၊(ဟ) နှင့် (အ) လော်ကယ်ရထား တွဲဆိုင်း ၁၇ ဆိုင်းကို ယာယီရပ်နားသွားမည်ဖြစ်ကာ (ဇ)၊ (ဈ)၊(စ)၊ (မ)၊(သ)၊(နဉ) ရထားတွဲဆိုင်းခြောက်ဆိုင်းဖြင့် နေ့စဉ်ပြေးဆွဲပေးသွားမည်ဖြစ်ကြောင်း သိရသည်။ နေ့စဉ် ကမ်းနားလမ်းပိုင်း ပြေးဆွဲလျက်ရှိသော လျှပ်စစ်ရထားတွဲဆိုင်းကိုလည်း ယာယီရပ်နားသွားမည်ဖြစ်ကြောင်း သိရသည်။

အမြန်ရထားခရီးစဉ်များကိုလည်း ဧပြီ ၁၃ ရက်မှ ၁၆ ရက်အထိ ယာယီလျှော့ချပြေးဆွဲသွားမည်ဖြစ်ရာ ရန်ကုန်-မန္တလေးလမ်းပိုင်းတွင် အမှတ်(၅)အဆန်နှင့် အမှတ်(၆) အစုန်၊ ရန်ကုန်-မော်လမြိုင်လမ်းပိုင်းတွင် အမှတ်(၃၅) အဆန်နှင့် အမှတ်(၃၆) အစုန်၊ ရန်ကုန်-နေပြည်တော်လမ်းပိုင်းတွင် အမှတ်(၇)အဆန်နှင့် အမှတ်(၈) အစုန်၊ ရန်ကုန်-ပုဏ်-ပခုက္ကူလမ်းပိုင်းတွင် အမှတ်(၆၁)အဆန်နှင့် အမှတ်(၆၂)အစုန် ခရီးစဉ်များကို ယာယီရပ်နားသွားမည်ဖြစ်ကြောင်း၊ ရန်ကုန်-ပြည်လမ်းပိုင်း အမှတ်(၇၁)အဆန်နှင့် အမှတ်(၇၂)အစုန် RBE ရထားများအားလုံးကိုလည်း ယာယီရပ်နားသွားမည်ဖြစ်ကာ ကျန်လမ်းပိုင်းများရှိအမြန်ရထားတွဲဆိုင်းများကို ပုံမှန်ပြေးဆွဲပေးသွားမည်ဖြစ်ကြောင်း သိရသည်။ ပြေးဆွဲရာတွင် ရထားလက်မှတ်ခနှုန်းထားများကို တိုးမြှင့်ပြောင်းလဲခြင်းမရှိဘဲ ယခင်နှုန်းထားများအတိုင်းသာ ကောက်ခံမည်ဖြစ်ကြောင်း မြန်မာ့မီးရထားမှ ထုတ်ပြန်ထားသည်။

သင်္ကြန်ကာလမတိုင်မီ မိမိတို့ဒေသများသို့ ပြန်ကြမည့် ဝန်ထမ်းများနှင့် ပြည်သူများ အဆင်ပြေစေရေးအတွက် သင်္ကြန်အထူးရထားများကိုလည်း ပြေးဆွဲရန် မြန်မာ့မီးရထားမှ စီစဉ်ထားကြောင်း သိရသည်။

ရန်ကုန်-မန္တလေးလမ်းပိုင်း၌ ဧပြီ ၂ ရက်မှ ၅ ရက်အထိ ရန်ကုန်ဘူတာကြီးမှ နေ့စဉ် ညနေ ၄ နာရီ ထွက်ခွာမည့်ခရီးစဉ် သင်္ကြန်အထူးရထားတစ်စင်းကို အထက်တန်း သုံးတွဲ၊ နိုးရိုးတန်း ၁၀ တွဲဖြင့် ပြေးဆွဲပေးသွားရန် စီစဉ်ထားကြောင်း၊ ဧပြီ ၆ ရက်တွင်လည်း မန္တလေး-နေပြည်တော် သင်္ကြန်အထူးရထားတစ်စင်း ပြေးဆွဲရန် စီစဉ်ထားကြောင်း၊ ဧပြီ ၇ ရက်တွင်လည်း ရန်ကုန်-နေပြည်တော် သင်္ကြန်အထူးရထားတစ်စင်း ပြေးဆွဲရန်စီစဉ်ထားကြောင်း၊ ဧပြီ ၈ ရက်တွင်လည်း နေပြည်တော်ရှိ နိုင်ငံတော်ဝန်ထမ်းများ ရန်ကုန်မြို့သို့ ပြန်နိုင်ရေးအတွက် နေပြည်တော်-ရန်ကုန် ရထားတွဲဆိုင်းတစ်စင်းကို ပြေးဆွဲပေးသွားရန် စီစဉ်ထားကြောင်း သိရသည်။ ဧပြီ ၉ ရက်မှ ၁၁ ရက်အထိတွင်လည်း ရန်ကုန်ဘူတာကြီးမှ ရန်ကုန်-မန္တလေး ရထားတွဲဆိုင်းကို သင်္ကြန်အထူးရထားပြေးဆွဲရန် စီစဉ်ထားကြောင်း သိရသည်။

ခရီးစဉ်လျှော့ချပြေးဆွဲမည့် အစီအစဉ်နှင့် အထူးရထားပြေးဆွဲမည့် အစီအစဉ်များကို ခရီးသည်များနှင့် သက်ဆိုင်ရာအဖွဲ့အစည်းများ၊ ဘူတာများ အချိန်မီသိရှိနိုင်ရန် မကြာမီ အသေးစိတ်ကြေညာသွားမည်ဖြစ်ကြောင်း မြန်မာ့မီးရထားမှ ထုတ်ပြန်ထားသည်။

သတင်းနှင့် ဓာတ်ပုံ–တင်လှမောင်

မော်လမြိုင် ကျောက်တန်း၌ စက်ရုံစုနယ်မြေဖွင့်လှစ်

မော်လမြိုင် မတ် ၂၉

မွန်ပြည်နယ် မော်လမြိုင်မြို့နယ် ကျောက်တန်းရပ်ကွက်၌ ဒေသတွင်း စက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အထောက်အကူပြုမည့် စက်ရုံစုနယ်မြေဖွင့်လှစ်သည့် အခမ်းအနားကို မတ် ၂၇ ရက်က ကျင်းပခဲ့ပြီး မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးအုန်းမြင့်က ဖွင့်လှစ်ပေးခဲ့သည်။

အဆိုပါ စက်ရုံစုနယ်မြေသည် ၂၀၁၄ ခုနှစ်အတွင်း မွန်ပြည်နယ် လွတ်တော်နှင့် အစိုးရအဖွဲ့က ခွင့်ပြုပေးခဲ့သည့် စီမံကိန်းတစ်ခုဖြစ်ကာ ပြည်နယ်အတွင်း အလတ်စား စက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာရန် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။ လက်ရှိအချိန်တွင် ယင်းစက်ရုံစုနယ်မြေ၌ ကွန်ကရစ်ပိုင်တိုင်များ ထုတ်လုပ်သည့် စက်ရုံနှင့် သွပ်ပြားစက်ရုံအပါအဝင် အလတ်စား စက်မှုလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပြီး နောင်တွင် ပြည်နယ်အတွင်း စက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာပါက အထောက်အကူပြုလာမည်ဖြစ်ကြောင်း ကျောက်တန်းရပ်ကွက် ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြု ကော်မတီဝင်တစ်ဦးက ပြောသည်။

စက်ရုံစုနယ်မြေအတွင်းမှ အဆောက်အအုံများ။

အဆိုပါ စက်ရုံစုနယ်မြေအတွင်း၌ ကွန်ကရစ်လမ်းခင်းခြင်း လုပ်ငန်းကို UHM နှင့် မြန်မာရွှေသရဖူကုမ္ပဏီတို့က လည်းကောင်း၊ ပြည့်ဇာနည်ကုမ္ပဏီက တံတားတည်ဆောက်ရေးလုပ်ငန်းကိုလည်းကောင်း ဆောင်ရွက်ခွင့်ရရှိခဲ့ကြကြောင်း သိရသည်။

မိုးဝေ(ပြန်/ဆက်)

၁၆ ခုတင်ဆံ့ တိုင်းရင်းဆေးရုံသစ်ဖွင့်ပွဲကျင်းပ

ဒီမောဆို မတ် ၂၉

ကယားပြည်နယ် ဒီမောဆိုမြို့နယ်အတွင်းမှ ပြည်သူများအား တိုင်းရင်းဆေးပညာဖြင့် ကျန်းမာရေးလုပ်ငန်းများ စောင့်ရှောက်ပေးနိုင်ရန်အတွက် ဒီမောဆိုမြို့နယ် ငွေတောင်ကျေးရွာ၌ တိုင်းရင်းဆေးပညာဦးစီးဌာနမှ ဖွင့်လှစ်သော ၁၆ ခုတင်ဆံ့ တိုင်းရင်းဆေးရုံသစ်ဖွင့်ပွဲကို မတ် ၂၈ ရက်က ကျင်းပခဲ့သည်။

ဖွင့်ပွဲတွင် ပြည်နယ် လူမှုရေးဝန်ကြီး ဦးကိုးရယ်၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးဝန်ကြီး ဦးပိုးရယ်ရန်အောင်နှင့် တိုင်းရင်းဆေးပညာဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာ ရီရီမြင့်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်သည်။ ထို့နောက် ပြည်နယ်လူမှုရေးဝန်ကြီးက တိုင်းရင်းဆေးဖြင့် ပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုပေးနိုင်ရေးအတွက် ရန်ကုန်၊ မန္တလေးနှင့် နေပြည်တော်တို့တွင် ခုတင် ၁၀၀ ဆံ့ တိုင်းရင်းဆေးရုံများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် ခုတင် ၅၀ ဆံ့ တိုင်းရင်းဆေးရုံများ၊ ခရိုင်မြို့များတွင် ၂၅ ခုတင်ဆံ့ ဆေးရုံများ၊ မြို့နယ်များတွင် ၁၆ ခုတင်ဆံ့ ဆေးရုံများကို ဖွင့်လှစ်လျက်ရှိကာ ကျေးလက်ဒေသများအထိ တိုင်းရင်းဆေး အသိပညာပေးလုပ်ငန်းများ၊ ကျောင်းကျန်းမာရေးလုပ်ငန်းများ၊ ကွင်းဆင်းကုသရေးလုပ်ငန်းများကို ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်ပေးလျက်ရှိကြောင်း အမှာစကား ပြောကြားခဲ့သည်။

အဆိုပါ တိုင်းရင်းဆေးရုံကို ခွင့်ပြုရန်ပုံငွေ ကျပ် ၁၃၉ ဒသမ ၂ သန်းဖြင့် ဆောက်လုပ်ခဲ့ပြီး ဝန်ထမ်းများ နေထိုင်နိုင်ရန် လေးခန်းတွဲ လေးထပ် ဝန်ထမ်းအိမ်ရာကိုလည်း ခွင့်ပြုရန်ပုံငွေကျပ် ၂၇၈ ဒသမ ၄ သန်းဖြင့် ဆောက်လုပ်ခဲ့ကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

စက်ရေတွင်းများအတွက် စက်သုံးဆီများပေးအပ်

နေပြည်တော် မတ် ၂၉

နေပြည်တော် ဒဂ္ဂီဏာသီရိမြို့နယ် ရွှေခဲအင်းအုပ်စုအတွင်းရှိ ကျေးရွာများ၌ နွေရာသီကာလအတွင်း သောက်သုံးရေပြတ်လပ်မှုများ မဖြစ်ပေါ်စေရေးအတွက် ကျေးရွာရှိ စက်ရေတွင်းများမောင်းနှင်ရာတွင် အသုံးပြုရန် စက်သုံးဆီများကို ဒဂ္ဂီဏာသီရိ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မတ် ၂၇ ရက်တွင် ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

ရွှေခဲအင်းကျေးရွာ၌ ပြုလုပ်ခဲ့သည့် စက်သုံးဆီများ ထောက်ပံ့ပေးအပ်ပွဲသို့ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြို့နယ်ဖွံ့ဖြိုးရေးအထောက်အကူပြု ကော်မတီဥက္ကဋ္ဌ၊ မြို့နယ်စည်ပင်နှင့် မြို့နယ်မီးသတ်ဦးစီးဌာနတို့မှ တာဝန်ရှိသူများ တက်ရောက်ခဲ့ပြီး ယခုနှစ်တွင် အယ်နီညိုဖြစ်စဉ်ကြောင့် ကြုံတွေ့နိုင်သည့် သောက်သုံးရေပြတ်လပ်မှုနှင့် မီးဘေးကာကွယ်ရေးအတွက် ကြိုတင်ကာကွယ်ရေးဆိုင်ရာများကို ဆွေးနွေးခဲ့ကြသည်။

ထို့နောက် ရွှေခဲအင်းကျေးရွာအုပ်စုအတွင်းရှိ ကျောက်ခဲအင်း၊ ကျွဲတဲနှင့် ရွှေခဲအင်းကျေးရွာများမှ စက်ရေတွင်း ၁၂ တွင်း မောင်းနှင် ရေဖြန့်ဝေရန်အတွက် စက်သုံးဆီဂါလန် ၃၀ ကို ဒဂ္ဂီဏာသီရိမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ပေးအပ်ခဲ့သည်။ ရွှေခဲအင်းကျေးရွာအုပ်စုအတွင်း ကျေးရွာသုံးရွာတွင် လက်တူးတွင်း ၆၀၊ လက်နှိပ်တွင်း ၄၂ တွင်းနှင့် စက်ရေတွင်း ၁၂ တွင်းရှိကြောင်း သိရသည်။

မင်းမင်းလတ်(မန်းတက္ကသိုလ်)

စည်ပင်သာယာရေးဌာနရုံးခွဲ (လားရှိုး)မှ ဒုတိယတာဝန်ခံ ညွှန်ကြားရေးမှူး ဦးနေလင်း၊ ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးတင်မောင်စိုးတို့ ဦးဆောင်သော အဖွဲ့သည် သီပေါမြို့နယ်စည်ပင်သာယာရေးဌာန၏ ၂၀၁၅–၂၀၁၆ ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်လျက်ရှိသော ဘတ်ဂျက်လုပ်ငန်းများ၊ ဖြည့်စွက်လုပ်ငန်းများဖြစ်သော လမ်း၊ တံတား၊ ရေပေးဝေရေးလုပ်ငန်းများကို မတ် ၂၆ ရက်က ကွင်းဆင်းကြည့်ရှုစစ်ဆေးစဉ်။

စိုင်း(သီပေါ)

ရှမ်းပြည်နယ်တောင်ပိုင်းသို့ နိုင်ငံခြားသားများ လာရောက်လေ့လာလည်ပတ်မှုများလာ

သာစည် မတ် ၂၉

ယခုနှစ် ပွင့်လင်းရာသီတွင် ရှမ်းပြည်နယ်တောင်ပိုင်းဒေသသို့ သွားရောက်လည်ပတ်လေ့လာသည့် ကမ္ဘာလှည့် နိုင်ငံခြားသားအရေအတွက် များပြားလာကြောင်း၊ ထိုသို့ သွားရောက်ရာတွင် နိုင်ငံခြားသားများအနေဖြင့် မန္တလေးတိုင်းဒေသကြီး သာစည်မြို့မှတစ်ဆင့် ရထားဖြင့် သွားရောက်လည်ပတ်မှုများကြောင်း သိရသည်။

မန္တလေးတိုင်းဒေသကြီး သာစည်မြို့သည် မီးရထားလမ်းဆုံရာမြို့ဖြစ်သောကြောင့် ရထားစီးခရီးသည် အတင်အထွက်များသော မြို့ဖြစ်သည်။ အထူးသဖြင့် သာစည်မြို့သည် ရှမ်းပြည်နယ် တောင်ပိုင်းနှင့်ရထားလမ်းပိုင်းတွင် သာမက ကားလမ်းပါ ဆက်သွယ်ထားသဖြင့် ရှမ်းပြည်နယ်တောင်ပိုင်းသို့ သွားရောက်လည်ပတ်မည့် ကမ္ဘာလှည့် နိုင်ငံခြားသားများ ခေတ္တဝင်ရောက်လေ့ရှိသော စခန်းမြို့ဖြစ်သည်။

"ဒီနှစ်ပွင့်လင်းရာသီမှာ ရှမ်းပြည်တောင်ပိုင်းကို ရထားစီးပြီးသွားကြတဲ့ ကမ္ဘာလှည့်နိုင်ငံခြားသားတွေ များတယ်။ သူတို့က ရထားစီးရင်း တောတောင်သဘာဝ အလှအပတွေကို ခံစားကြည့်ရှုချင်ကြတယ်။ ကျွန်တော်တို့ ဘူတာရုံ လက်မှတ်အရောင်းဌာနအနေနဲ့ နိုင်ငံခြားသားခရီးသွားတွေ စိတ်ချမ်းမြေ့စွာ ရထားစီးနိုင်ရေးအတွက် အထူးအလေးထား ဆောင်ရွက်ပေးနေပါတယ်"ဟု သာစည်ဘူတာရုံ လက်မှတ်အရောင်းဌာနမှ လက်မှတ်ရောင်းချုပ် တာဝန်ခံ ဦးသန်းထွန်းက ပြောသည်။

အထူးသဖြင့် မန္တလေး၊ စစ်ကိုင်း၊ ပခုက္ကူ၊ ပုဂံညောင်ဦးမြို့များတွင် ရောက်ရှိနေကြသည့် ကမ္ဘာလှည့်နိုင်ငံခြားသားများသည် ရှမ်းပြည်နယ်တောင်ပိုင်းသို့ သွားရောက်ရာတွင် မြန်မာနိုင်ငံ၏ တောတောင်သဘာဝလှပမှုများကို ကြည့်ရှုနိုင်ရန်နှင့် အင်းလေးဒေသတွင် အင်းသားတို့၏ လူမှုစီးပွားရေးလုပ်ငန်းများနှင့် အင်းလေးကန်၏ ရှုခင်းလှပမှုများကို ခံစားတွေ့ရှိနိုင်ရန် ရထားစီး၍ သွားရောက်လေ့ရှိသည်။

မောင်ကို(သာစည်)

မျက်စိဝေဒနာရှင် ၁၀၀ အား အခမဲ့ခွဲစိတ်ကုသပေးပြီး မျက်မှန်များလှူဒါန်း

မိတ္ထီလာ မတ် ၂၉

မိတ္ထီလာမြို့ ကန်တောင်ကျေးရွာအနီး ရန်ကုန်-မန္တလေးကားလမ်းမကြီးဘေး ထီလာဦး မျက်စိအထူးကုဆေးရုံ၌ ထီလာဦး မျက်စိအထူးကုဆေးရုံ ဖွင့်ပွဲနှင့် ဖွင့်ပွဲအထိမ်းအမှတ်အဖြစ် မလိုင်မြို့ ဗလင်းတန်ဖွံ့ဖြိုးတိုးတက်ရေးအသင်းကြီးနှင့် ထီလာဦးဆေးရုံတို့ ပူးပေါင်းဆောင်ရွက်ခဲ့သော မျက်စိဝေဒနာရှင် ၁၀၀ အား အခမဲ့ခွဲစိတ်ကုသပေးမှု အောင်ပွဲကို မတ် ၂၇ ရက်က ကျင်းပခဲ့သည်။

ဆေးရုံဖွင့်ပွဲတွင် မိတ္ထီလာမြို့ ရေလည်ကျောင်းဆရာတော်ထံမှ ငါးပါးသီလခံယူ၍ ဆရာတော်ကြီးများအား ထီလာဦး မျက်စိအထူးကုဆေးရုံပိုင်ရှင် ဒေါက်တာ ဦးခင်ဇော်ထွန်းနှင့် ဒေါက်တာ ဒေါ်ညိုညိုဝင်းတို့က လှူဖွယ်ဝတ္ထုများ ဆပ်ကပ်လှူဒါန်းသည်။ ထို့နောက် ဆရာတော်ကြီးများက ထီလာဦးမျက်စိအထူးကုဆေးရုံကြီးကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပြီး ရေလည်ကျောင်းဆရာတော်က ဆေးရုံဆိုင်းဘုတ်ကို စက်ခလုတ်နှိပ် ဖွင့်လှစ်ခဲ့သည်။

ထို့နောက် ဆေးရုံဖွင့်ပွဲ အထိမ်းအမှတ်အဖြစ် ကုသိုလ်ဖြစ်ခွဲစိတ်ကုသပေးခဲ့သော မျက်စိဝေဒနာရှင် ၁၀၀ အား ခရိုင်အုပ်ချုပ်ရေးမှူး ဦးတင့်ဝေသုံ၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမျိုးလှိုင်နှင့် တာဝန်ရှိသူများ၊ တပ်မတော်စစ်ဆေးရုံမှ တာဝန်ရှိသူများ၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့ဝင်များက မျက်မှန်များ တပ်ဆင်ပေးခဲ့သည်။

အဆိုပါ မျက်စိဝေဒနာရှင်များကို မလိုင်မြို့ ဗလင်းတန် ဖွံ့ဖြိုးတိုးတက်ရေးအသင်းကြီးနှင့် ပူးပေါင်း၍ ကုသိုလ်ဖြစ် ခွဲစိတ်ကုသပေးသည်မှာ တတိယအကြိမ်ဖြစ်ကြောင်း၊ ၂၀၁၂ ခုနှစ်တွင် ပထမကြိမ် ခွဲစိတ်ကုသပေးပြီး ၂၀၁၄ ခုနှစ် သြဂုတ်လတွင် ဒုတိယအကြိမ် ခွဲစိတ်ကုသပေးခဲ့ကြောင်း၊ ထီလာဦး မျက်စိအထူးကုဆေးရုံအနေဖြင့် မျက်စိဝေဒနာရှင်များအား လပြည့်နေ့တိုင်း အခမဲ့ခွဲစိတ်ကုသပေးခဲ့သည်မှာ ၁၀ နှစ်ကျော်ပြီဖြစ်ရာ လပြည့်နေ့တွင်သာမကဘဲ လကွယ်နေ့များတွင်ပါ အခမဲ့ခွဲစိတ်နိုင်အောင် ဆက်လက်၍လည်းကြိုးစားဆောင်ရွက်လျက်ရှိကြောင်း ထီလာဦးမျက်စိအထူးကုဆေးရုံပိုင်ရှင် ဒေါက်တာ ခင်ဇော်ထွန်းက ပြောကြားသည်။ **သိန်းမြင့်ကျော်(မိတ္ထီလာ)**

မြတောင်တိုက်နယ်ဆေးရုံဖွင့်ပွဲ ကျင်းပ

ထီးချိုင့် မတ် ၂၉

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ထီးချိုင့်မြို့နယ် မြတောင်ကျေးရွာ၌ မြတောင်တိုက်နယ်ဆေးရုံဖွင့်ပွဲနှင့် ကျေးရွာအထက်တန်းကျောင်း၌ တည်ဆောက်ပြီးစီးသော မြသစ္စာကျောင်းဆောင်သစ် လွှဲပြောင်းပေးအပ်ပွဲများကို မတ် ၂၇ ရက်က ကျင်းပခဲ့သည်။

ဖွင့်ပွဲတွင် စစ်ကိုင်းတိုင်းဒေသကြီး ဘဏ္ဍာ/အခွန်ဝန်ကြီး ဦးတင်ဝင်း၊ တိုင်းဒေသကြီး ကုသရေးဦးစီးဌာနမှူး ဒေါက်တာစိုးသူရနှင့် ပြည်သူ့ဆေးရုံ အလှူရှင် ဒေါ်ခင်လှတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ခဲ့သည်။

ဆေးရုံဖွင့်ပွဲအပြီးတွင် မြတောင်ကျေးရွာအခြေခံပညာအထက်တန်း၌ တည်ဆောက်ပြီးစီးခဲ့သော မြသစ္စာကျောင်းဆောင်သစ် လွှဲပြောင်းပေးအပ်ပွဲကို ဆက်လက်ကျင်းပခဲ့ပြီး ကျောင်းဆောင်သစ်ကို တိုင်းဒေသကြီး ဘဏ္ဍာ/အခွန်ဝန်ကြီး၊ ကသာခရိုင်အုပ်ချုပ်ရေးမှူး ဦးကျော်ကျော်အုန်းနှင့် ထီးချိုင့်မြို့နယ် ပညာရေးမှူး ဦးခင်မောင်လွင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ခဲ့သည်။

ဦးရဲ(ကသာ)

ပြီလအတွင်း ပြောင်းလဲတိုက်ကျွေးမည့် ပိုလီယိုအစက်ချကာကွယ်ဆေးအကြောင်း တိုင်းဒေသကြီးအဆင့် အသိပညာပေးဆွေးနွေးပွဲ မန္တလေး၌ ပြုလုပ်

မန္တလေး မတ် ၂၉

မန္တလေးတိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးဦးစီးဌာန တိုးချဲ့ကာကွယ်ဆေးထိုးလုပ်ငန်းမှ ၂၀၁၆ ခုနှစ် ဧပြီလအတွင်း ပိုလီယိုကာကွယ်ဆေးတိုက်ကျွေးရာတွင် အစက်ချကာကွယ်ဆေး (trivalent-tOPV) မှ (bivalent –bOPV) သို့ ပြောင်းလဲသုံးစွဲရေး တိုင်းဒေသကြီးအဆင့် အသိပညာပေးဆွေးနွေးပွဲကို တိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ မတ် ၂၈ ရက်က ပြုလုပ်ခဲ့သည်။

"ကျွန်တော်တို့ အခုအသိပညာဆွေးနွေးပွဲက ဆေးထားသိုပုံ ထားသိုနည်းတွေ၊ ဆေးအဟောင်းဖျက်ဆီးနည်းတွေကို ဆွေးနွေးတာပါ။ အသုံးမပြုတော့မယ့် (trivalent- tOPV)ကို နောက်ပိုင်းမှာ ဖျက်ဆီးသွားမှာပါ။ အဲဒီလို ဖျက်ဆီးတဲ့အခါမှာလည်း စနစ်တကျဖြစ်စေရေးအတွက် စည်ပင်နဲ့ အခြားသက်ဆိုင်ရာ အဖွဲ့အစည်း၊ ဌာနဆိုင်ရာတွေ ပေါင်းပြီး ဆောင်ရွက်သွားမှာပါ"ဟု တိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာဝင်းနိုင်က ပြောသည်။

ပိုလီယိုရောဂါပိုးသည် အမျိုးအစား သုံးမျိုးရှိသည့်အနက် ပိုလီယိုအရိုင်းပိုး အမျိုးအစား(၂)သည် ၁၉၉၉ ခုနှစ်မှစ၍ ကမ္ဘာပေါ်တွင် လုံးဝကင်းစင်ပျောက်ခဲ့ပြီဖြစ်သဖြင့် ပိုလီယိုဗိုင်းရပ်အမျိုးအစား (၁)နှင့် (၃)တို့ နှစ်မျိုးတည်းပါဝင်သည့် (BOPV)ကာကွယ်ဆေးဖြင့် ပုံမှန်ကာကွယ်ဆေးတိုက် ဆေးထိုးခြင်းကို မြန်မာနိုင်ငံတစ်ဝန်းလုံးတွင် ၂၀၁၆ ဧပြီ ၂၉ ရက်မှ စတင်ကာ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ဆေးတိုက်ရာတွင် အသက် နှစ်လ၊ လေးလနှင့် ခြောက်လအရွယ် ကလေးငယ်များကို တိုက်ကျွေးသွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ ပိုလီယိုအစက်ချကာကွယ်ဆေး (trivalent-tOPV) မှ (bivalent –bOPV) သို့ ပြောင်းလဲသုံးစွဲရေး တိုင်းဒေသကြီးအဆင့် အသိပညာပေးဆွေးနွေးပွဲသို့ တိုင်းဒေသကြီးအတွင်းရှိ ခရိုင်ဆေးရုံအုပ်ကြီးများ၊ ဆရာဝန်များနှင့် ကျန်းမာရေးဝန်ထမ်းများ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များနှင့် တိုင်းဒေသကြီးအဆင့်ဌာနဆိုင်ရာများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

ထွန်းထွန်းနိုင်(ကျောက်ဆည်)

ရေအာက်အခဲကြုံတွေ့နိုင်သောကျေးရွာသို့ အလှူရှင်များက သောက်သုံးရေများ လှူဒါန်း

ရန်ကုန် မတ် ၂၉

ရန်ကုန်တိုင်းဒေသကြီး သုံးခွမြို့နယ်အတွင်းမှ ယခုနှစ်နွေရာသီတွင် သောက်သုံးရေအခက်အခဲ ကြုံတွေ့နိုင်ဖွယ်ရှိသော ကျေးရွာများသို့ သောက်သုံးရေများကို အလှူရှင်များက သွားရောက်လှူဒါန်းလျက်ရှိရာ မတ် ၂၇ ရက်တွင် ပင်လယ်ကမ်းနီးဒေသဖြစ်သည့် ဘာသာမြိုင်ကျေးရွာသို့ ရေဂါလန် ၂၇၀၀ ကို ရန်ကုန်မြို့မှ အလှူရှင်များက လာရောက်လှူဒါန်းခဲ့ကြောင်း သိရသည်။

သုံးခွမြို့နယ်သည် နှစ်စဉ်နွေရာသီရောက်တိုင်း သောက်သုံးရေအခက်အခဲ ကြုံတွေ့ရလေ့ရှိရာ ယခုနှစ်တွင်လည်း အယ်နီညိုရာသီဥတုကြောင့် ကျေးရွာများတွင် သောက်သုံးရေပြတ်လပ်မှု မရှိစေရေးအတွက် အလှူရှင်များက သောက်သုံးရေများ လှူဒါန်းနေကြခြင်းဖြစ်သည်။ ရေအလှူတွင် ပါဝင်လှူဒါန်းလိုသူများအနေဖြင့် ဖုန်း -၀၉-၄၂၀၀ ၂၇၅၈၃ သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

ကိုကျော်(သုံးခွ)

ဘိန်းအစားထိုးသီးနှံစိုက်ပျိုးရေး တောင်သူပညာပေးဟောပြော

မိုင်းဆတ် မတ် ၂၉

ရှမ်းပြည်နယ် အရှေ့ပိုင်း မိုင်းဆတ်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနကြီးမှူး၍ ဘိန်းအစားထိုးသီးနှံစိုက်ပျိုးရေး တောင်သူပညာပေးဟောပြောပွဲနှင့် ပျိုးပင်များပေးအပ်ပွဲကို မိုင်းဆတ်မြို့နယ် မယ်နင်ကျေးရွာအုပ်စု၊ မယ်နင်ကျေးရွာ၌ မတ် ၂၈ ရက်က ပြုလုပ်ခဲ့သည်။

ဟောပြောပွဲတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအေးနိုင်က အမှာစကားပြောကြားပြီး ခရိုင်စိုက်ပျိုးရေးဦးစီးဌာနမှူး ဦးဝင်းထိန်က ဘိန်းအစားထိုးသီးနှံစိုက်ပျိုးရေးနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားကာ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှူး ဦးနိုင်လင်းနှင့် တာဝန်ရှိသူများက ဘိန်းအစားထိုးသီးနှံများကို စိုက်ပျိုးနည်းစနစ်၊ ရောဂါပိုးမွှားကာကွယ်ရေးအကြောင်း၊ မျိုးကောင်းမျိုးသန့်များ စိုက်ပျိုးရေး၊ တောင်စောင်းကွန်တို စိုက်ပျိုးနည်းစနစ် စသည့် အကြောင်းအရာများကို ဒေသခံတောင်သူများအား အသေးစိတ်ရှင်းလင်းဟောပြောသည်။

ထို့နောက် မြို့နယ်အုပ်ချုပ်ရေးမှူး၊ ခရိုင်နှင့် မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှူးများက ဒေသခံတောင်သူများအား ဘိန်းအစားထိုးသီးနှံအဖြစ် ကော်ဖီတစ်ကေအတွက် ပျိုးပင် ၃၆၃၀ ပင်နှင့် လက်ဖက်နှစ်ကေအတွက် ပျိုးပင် ၁၀၈၀၀ ကို ပေးအပ်ခဲ့သည်။

(ခရိုင် မြန်/ဆက်)

ခုတင် ၂၀၀ ဆံ့ သားဖွားမီးယပ်နှင့်ကလေးဆေးရုံ ဖွင့်လှစ်

မုံရွာ မတ် ၂၉

စစ်ကိုင်းတိုင်းဒေသကြီးအစိုးရနှင့် ဒေသခံပြည်သူများ စုပေါင်းထည့်ဝင်လှူဒါန်းငွေနှင့် အိန္ဒိယနိုင်ငံအစိုးရမှ ကူညီပံ့ပိုးငွေများဖြင့် မုံရွာမြို့အိုးဘိုတောင်ရပ်ကွက်၌ တည်ဆောက်ခဲ့သော ခုတင် ၂၀၀ ဆံ့ အမျိုးသမီးသားဖွားမီးယပ်နှင့် ကလေးဆေးရုံကြီးဖွင့်ပွဲကို မတ် ၂၇ ရက်က ကျင်းပခဲ့သည်။

အဆိုပါ ခုတင် ၂၀၀ ဆံ့ အမျိုးသမီးသားဖွားမီးယပ်နှင့်ကလေးဆေးရုံကြီးကို စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ အမျိုးသမီးများနှင့် ကလေးငယ်များ၏ ကျန်းမာရေးစောင့်ရှောက်မှုများ ပိုမိုမြှင့်တင်ပေးနိုင်ရန်အတွက် တည်ဆောက်ခဲ့ခြင်းဖြစ်ပြီး အိန္ဒိယနိုင်ငံမှ အမေရိကန်ဒေါ်လာနှစ်သန်း၊ စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် ပြည်သူလူထုမှ စုပေါင်းထည့်ဝင်ငွေ ကျပ် ၁၂၇၉ ဒသမ ၈၁ သန်းဖြင့် တည်ဆောက်ခဲ့ခြင်းဖြစ်သည်။

ဖွင့်ပွဲတွင် ဆေးရုံဆိုင်းဘုတ်ကို စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ်ဦးသာအေးနှင့် မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံသံအမတ်ကြီး Mr. Gautam Mukhopadhaya တို့က စက်ခလုတ်နှိပ်ဖွင့်လှစ်ပြီး ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာသိန်းသိန်းဌေး၊ တိုင်းဒေသကြီး လူမှုရေးဝန်ကြီး ဒေါက်တာမြင့်သိန်း၊ တိုင်းဒေသကြီးကုသရေးဦးစီးမှူး ဒေါက်တာအေးငြိမ်း၊ သားဖွားမီးယပ်အထူးကုဆရာဝန်ကြီး ဒေါက်တာအေးကိုကိုနှင့် ကလေးအထူးကုဆရာဝန်ကြီး ဒေါက်တာတင်မောင်ရွှေတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်သည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အိန္ဒိယနိုင်ငံသံအမတ်ကြီးတို့က အမှာစကားပြောကြားပြီး ဆေးရုံကြီးအဆောက်အအုံနှင့် သက်ဆိုင်သော စာရွက်စာတမ်းများကို မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံသံအမတ်ကြီးက ပေးအပ်ကာ တိုင်းဒေသကြီး လူမှုရေးဝန်ကြီးဌာနကလည်း ဆေးရုံအတွက် ဆေးပဒေသာပင် အလှူငွေများကိုပေးအပ်ခဲ့သည်။

ဖိုးချမ်း(မုံရွာ)

ဓနုဖြူ-ညောင်ချောင်း-တော်ဝ ကွန်ကရစ်လမ်း ဖွင့်လှစ်

ဓနုဖြူ မတ် ၂၉

ရောဝတီတိုင်းဒေသကြီး ဓနုဖြူမြို့နယ်အတွင်း၌ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ် ဒုတိယအကြိမ် (မွမ်းမံ) ခွင့်ပြုရန်ပုံငွေ ကျပ် ၃၇၈ ဒသမ ၂၀၈ ဖြင့် ထက်ဝေဖြိုးကုမ္ဍဏီက တာဝန်ယူဆောင်ရွက်ခဲ့သော ဓနုဖြူ-ညောင်ချောင်း-တော်ဝ ကွန်ကရစ်လမ်းဖွင့်ပွဲကို မတ်လ စတုတ္ထပတ်က ကျင်းပခဲ့သည်။

ဖွင့်ပွဲတွင် တော်ဝကျောင်းတိုက်ဆရာတော်၊ ခရိုင်နှင့် မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှူးများနှင့် မြို့နယ်အုပ်ချုပ်ရေးမှူးတို့က လမ်းသစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ခဲ့သည်။ အဆိုပါလမ်းသည် အလျား ပေ ၁၄၅၂၀၊ အကျယ် ၁၂ ပေ ရှိပြီး လမ်းသစ်ဖွင့်လှစ်နိုင်သည့်အတွက် ဒေသအတွင်း ကျေးရွာများမှ ပြည်သူ ၁၆၀၀၀ ကျော်အတွက် လမ်းပန်းဆက်သွယ်ရေးလွယ်ကူချောမွေ့စေမည်ဖြစ်ကြောင်း သိရသည်။ **ခင်သန္တာထွေး(ပြန်/ဆက်)**

စိုက်ပျိုးရေးဆိုင်ရာ အခက်အခဲများကို ဦးစီးဌာနသို့ ဆက်သွယ်မေးမြန်းနိုင်ရန် ဖုန်းနံပါတ်ပါ ဆိုင်းဘုတ်များကို စပါးစိုက်ကွင်းများတွင် စိုက်ထူပေး

ရေစကြို မတ် ၂၉

ရေစကြိုမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ စပါးစိုက်ပျိုးထုတ်လုပ်မှုနှင့် ပတ်သက်၍ စိုက်ပျိုးရေးဆိုင်ရာ အခက်အခဲရှိလျှင်ဖြစ်စေ၊ စပါးခင်းများတွင် ပိုးမွှားရောဂါကျရောက်လျှင်ဖြစ်စေ၊ စိုက်ပျိုးရေးအခက်အခဲရှိလျှင်ဖြစ်စေ၊ အခြားစိုက်ပျိုးရေးဆိုင်ရာ အခက်အခဲပြဿနာ တစ်စုံတစ်ရာတွေ့ကြုံရ၍ ဖြစ်စေ၊ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနသို့ လွယ်လင့်တကူ အချိန်နှင့်တစ်ပြေးညီ ဆက်သွယ်အကူအညီတောင်းခံနိုင်ရန် ဖုန်းနံပါတ်များပါရှိသော ဆိုင်းဘုတ်များကို မြို့နယ်အတွင်းရှိ နွေစပါးစိုက်ကွင်းများတွင် စိုက်ထူပေးထားကြောင်း သိရသည်။

"ဒေသခံတောင်သူများအနေနဲ့ ကျွန်တော်တို့ဌာနကို အချိန်မရွေး ဆက်သွယ်လို့ရအောင် ဖုန်းနံပါတ်များပါတဲ့ ဆိုင်းဘုတ်ကို မြို့နယ်အတွင်း နွေစပါးစိုက်ကွင်းတွေမှာ စိုက်ထူပေးထားပါတယ်။ ဘာကြောင့် ဆိုင်းဘုတ်တွေ စိုက်ထူရလဲဆိုတော့ ဒီနှစ်အယ်နီညိုရာသီဥတုကြောင့် အပူချိန်မြင့်တက်နေပါတယ်။ စပါးခင်းတွေမှာ ရေလိုအပ်ချက်ရှိရင်၊ ပိုးမွှားရောဂါတစ်ခုခုကျရောက်ခဲ့ရင် ဒါမှမဟုတ် အခြားစိုက်ပျိုးရေးဆိုင်ရာ အခက်အခဲပြဿနာ တစ်ခုခု ကြုံတွေ့ခဲ့ရင် နည်းပညာ အကူအညီလိုအပ်နေရင် ချက်ချင်းအကြောင်းကြားလာပါက အချိန်နှင့်တစ်ပြေးညီ သွားရောက်အကူအညီပေးနိုင်ဖို့ ဖုန်းနံပါတ်ပါတဲ့ ဆိုင်းဘုတ်တွေကို စပါးကွင်းတွေမှာ စိုက်ထူပေးထားပါတယ်။ အခုလို ဌာနနဲ့ ဆက်သွယ်လို့ရမယ့် ဖုန်းနံပါတ်ပါရှိတဲ့ ဆိုင်းဘုတ်တွေကို စိုက်ထူပေးထားတဲ့အတွက် ရေစကြိုမြို့နယ်ရဲ့ နွေစပါးစိုက်ပျိုးထုတ်လုပ်မှုကို များစွာအထောက်အကူဖြစ်စေပြီး တောင်သူတစ်ဦးချင်းစီတွေ့ကြုံနေရတဲ့ အခက်အခဲတွေကိုလည်း ကူညီဖြေရှင်းဆောင်ရွက်ပေးနိုင်မှာပါ"ဟု မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးအရာရှိ ဦးစိန်မောင်က ပြောသည်။

ဖေထွဏ်းဇော်(ရေစကြို)

စစ်မှုထမ်းဟောင်းအဖွဲ့ ထောက်ပံ့ငွေပေးအပ်ပွဲကျင်းပ

မြိုင် မတ် ၂၉

(၇၁)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုသောအားဖြင့် မကွေးတိုင်းဒေသကြီး ပခုက္ကူခရိုင် မြိုင်မြို့နယ် စစ်မှုထမ်းဟောင်းအဖွဲ့ဝင် သက်ကြီးစစ်မှုထမ်းဟောင်းများနှင့် မသန်စွမ်း စစ်မှုထမ်းဟောင်းများအား ထောက်ပံ့ငွေပေးအပ်ပွဲကို မြိုင်မြို့ အမှတ်(၁)ရပ်ကွက် စမ်းချောင်းရပ်ရှိ စစ်မှုထမ်းဟောင်းအိမ်ရာ၌ မတ် ၂၇ ရက်က ပြုလုပ်ခဲ့သည်။

မြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့ ဥက္ကဋ္ဌ ဗိုလ်ကြီး ခူခမ်းမွန်(ငြိမ်း)က အမှာစကားပြောကြားပြီး ဒုတိယဥက္ကဋ္ဌ ဒုအရာခံဗိုလ်လှဦး(ငြိမ်း)က အသက်(၇၀) နှင့်အထက် မြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ မသန်စွမ်းစစ်မှုထမ်းဟောင်းအဖွဲ့ဝင်များအား ထောက်ပံ့ငွေပေးအပ်ကာ အဆင့်မြှင့်စည်းရုံးရေးသင်တန်း ထူးချွန်ဆုရရှိသူတစ်ဦးအား ဆုချီးမြှင့်သည်။ ထောက်ပံ့ငွေများပေးအပ်ရာတွင် သက်ကြီးစစ်မှုထမ်းဟောင်းအဖွဲ့ဝင် ၂၈ ဦးနှင့် မသန်စွမ်းသူခုနစ်ဦးအား ကျပ်တစ်သောင်းစီနှင့် ထူးချွန်ဆုရရှိသူအား ကျပ်တစ်သောင်းဆုချီးမြှင့်ခဲ့ကြောင်း သိရသည်။

အောင်ကျော်မြင့်

ကျောက်ပန်းတောင်းမြို့နယ်၌ ကျေးလက်အိမ်ရာငါးလုံး ဒေသခံပြည်သူများအား လွှဲပြောင်းပေးအပ်

ကျောက်ပန်းတောင်း မတ် ၂၉

မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့နယ် ကိုင်းကျေးရွာ၌ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် ငွေလုံးငွေရင်းရန်ပုံငွေဖြင့် ဆောင်ရွက်ပြီးစီးခဲ့သည့် ကျေးလက်အိမ်ရာများ လွှဲပြောင်းပေးအပ်ပွဲကို မတ် ၂၆ ရက်က ကျင်းပခဲ့သည်။

ကျေးလက်အိမ်ရာ လွှဲပြောင်းပေးအပ်ပွဲတွင် ညောင်ဦးခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှူး ဦးအောင်ရှိန်၊ မြို့နယ်ဦးစီးမှူး ဒေါ်မြင့်ဝင်းနှင့် အိမ်ရာများတာဝန်ယူတည်ဆောက်ခဲ့သော ကုမ္ဍဏီမှတာဝန်ရှိသူတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပြီး မြို့နယ်ဦးစီးမှူးက ကျေးလက်ဒေသများ တိုးတက်ရေးအတွက် ဦးစီးဌာနမှ ဆောင်ရွက်နိုင်ခဲ့မှုများကို ရှင်းလင်းပြောကြားကာ ကျေးရွာမှ ဒေသခံငါးဦးအား အိမ်ရာများနှင့် သက်ဆိုင်ရာ စာရွက်စာတမ်းများကို လွှဲပြောင်းပေးအပ်ခဲ့သည်။

အဆိုပါကျေးလက်အိမ်ရာများကို ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန၏ ရန်ပုံငွေဖြင့် Unique Super Power ကုမ္ဍဏီက တည်ဆောက်ခဲ့ကြောင်း သိရသည်။ အိမ်ရာများ၏အရွယ်အစားမှာ အလျား ၁၈ ပေ၊ အနံ ၂၄ ပေ နှင့် အမြင့် ၉ ပေ ၆ လက်မဖြစ်ပြီး တစ်ထပ် နံကပ်၊သွပ်မိုး၊ ကွန်ကရစ်ခင်းဖြစ်ကာ အိမ်တစ်လုံးလျှင် တန်ဖိုးကျပ်သိန်း ၃၀ ဖြစ်ကြောင်း သိရသည်။

နေအောင်(ပြန်/ဆက်)

ကျေးရွာများ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းဆောင်ရွက်မှု ကွင်းဆင်းကြည့်ရှု

မြိတ် မတ် ၂၉

တနင်္သာရီတိုင်းဒေသကြီး မြိတ်ခရိုင် ကျွန်းစုမြို့နယ်အတွင်းရှိ ကျေးရွာများတွင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ၂၀၁၅-၂၀၁၆ဘဏ္ဍာရေးနှစ် ခွင့်ပြုရန်ပုံငွေ ကျပ် ၄၀၂ ဒသမ ၂၂၄ သန်းဖြင့် ဆောင်ရွက်နေသော လမ်း၊ တံတား၊ မီးလင်းရေး၊ ရေပေးရေးနှင့်သန့်စင်ခန်းလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုကို ကျွန်းစုမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှူး ဦးသန်းထွန်းဦးနှင့် တာဝန်ရှိသူများက မတ် ၂၈ ရက်တွင် ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့သည်။

ကျွန်းစုမြို့နယ်၌ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်အတွင်း ကတ္တလူကျေးရွာတွင် ကတ္တရာလမ်းခင်းခြင်းကို ရန်ပုံငွေ ကျပ် ၃၁ ဒသမ ၇၂၄ သန်းဖြင့်လည်းကောင်း၊ ရေကန်အော်ကျေးရွာ၌ အရှည်ပေ ၂၄၀ ရှိ ဆိပ်ခံတံတားလုပ်ငန်းအတွက် ငွေကျပ် ၁၁၅ သန်းဖြင့်လည်းကောင်း၊ ကော့ကနင်း၊ ဖိနပ်ကျွန်း၊ တောကာ၊ မစမ်းပါး၊ ချောင်းကြီး၀ ကျေးရွာတို့၌ ကျေးလက်မီးလင်းရေးအတွက် ဆိုလာပြား ၅၀၈ စုံ တပ်ဆင်ပေးခြင်းကို ကျပ် ၉၉ ဒသမ ၆ သန်းဖြင့်လည်းကောင်း ဆောင်ရွက်ခဲ့ပြီးဖြစ်သည်။

ထို့အတူ မရွှေဦး၊ မန္တယ်၊ တောပြား၊ မောင်းလှော်၊ ပဲ့တိုင်၊ ဆီးဒီ၊ မိုင်းသွေး၊ ကံမော်၊ တောကာကျေးရွာများ၌ သန့်ရှင်းသောသောက်သုံးရေ ရရှိရေးအတွက် လက်တူးတွင်း၊ တွင်းတိမ်၊ စိမ့်စမ်းလုပ်ငန်း ကိုးခုကို ကျပ်သန်း ၁၀၀ ဖြင့်လည်းကောင်း၊ သဲချောင်း၊ အုတ်ဖိုမော်၊ မရမ်းချောင်း၊ ကဘင်ချောင်း၊ ရေကန်အော်၊ တောနောက်လယ်၊ ကတ္တလူ၊ စခန်းသစ်၊ ညောင်ဘီး၊ ကမ်းကြီး၊ ပဲ့တိုင်၊ မိုင်းသွေး၊ ဒုံးပုလဲအော်ကျေးရွာများ၌ လေးခန်းတွဲ သန့်စင်ခန်း ၁၃ ခုကို ကျပ် ၅၅ ဒသမ ၉ သန်းဖြင့်လည်းကောင်း ဆောင်ရွက်ပြီးဖြစ်ကြောင်း သိရသည်။

မြင့်ဦး (မြိတ်)

(၇၁)နှစ်မြောက် တပ်မတော်နေ့အထိမ်းအမှတ် နံရံကပ်စာစောင်၊ ဓာတ်ပုံနှင့်စာအုပ်ပြပွဲကျင်းပ

မြင်းခြံ မတ် ၂၉

မန္တလေးတိုင်းဒေသကြီး မြင်းခြံမြို့ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ရုံးခန်းမ၌ (၇၁)နှစ်မြောက် တပ်မတော်နေ့ အထိမ်းအမှတ်အဖြစ် နံရံကပ်စာစောင်၊ ဓာတ်ပုံနှင့် စာအုပ်ပြပွဲကို မတ် ၂၇ ရက်က ကျင်းပခဲ့သည်။

(၇၁)နှစ်မြောက် တပ်မတော်နေ့အထိမ်းအမှတ် နံရံကပ်စာအုပ်ပြပွဲတွင် ဗိုလ်ချုပ်အောင်ဆန်း၏ သမိုင်းဝင်ဓာတ်ပုံများ၊ တပ်မတော်နှင့် ပတ်သက်သည့် လေ့လာမှတ်သားသင့်သော နံရံကပ်စာစောင်များ၊ ကဗျာများ၊ ဗဟုသုတရဖွယ်နှင့် ရည်ညွှန်းကိုးကားစရာ စာအုပ်များကို ပြသခဲ့ပြီး ပြပွဲသို့ လာရောက်ကြသည့် တပ်မတော်နေ့ကို စိတ်ဝင်စားသူ ပြည်သူများအား မြင်းခြံခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်နှင်းရည်ကလိုက်လံရှင်းလင်းပြသခဲ့သည်။

မြင်းခြံမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှူး ဦးဇော်မင်းကလည်း တပ်မတော်နေ့သမိုင်းကြောင်း အပါအဝင် တပ်မတော်နေ့နှင့်ပတ်သက်သည့် သိမှတ်ဖွယ်ရာများကို ရှင်းလင်းဟောပြောခဲ့ကြောင်း သိရသည်။

ဇော်မင်းနိုင်(မြင်းခြံ)

၂၀၁၄ – ၂၀၁၅ ခုနှစ် အခွန်စည်းကြပ်နှစ်အတွက် ဝင်ငွေခွန် ကျပ်ငွေ (၂၂) ဘီလီယံကျော် ထမ်းဆောင်ခဲ့ပြီး ဝင်ငွေခွန်အများဆုံးပေးဆောင်သူ ပထမနေရာအား (၄) နှစ်ဆက် ရရှိခဲ့သည့် ကမ္ဘောဇာဏ်လီမိတက် ဥက္ကဋ္ဌ ဦးအောင်ကိုဝင်း အတွက် ဂုဏ်ယူဝမ်းမြောက်ခြင်း

ကမ္ဘောဇာဏ်လီမိတက်အနေဖြင့်

- ၂၀၁၁ - ၂၀၁၂ ခုနှစ် အခွန်စည်းကြပ်နှစ်အတွက် ဝင်ငွေခွန် ကျပ်ငွေ (၆. ၀၁၅) ဘီလီယံကျော် ပေးဆောင်ခဲ့ပြီး နိုင်ငံတော်သမ္မတ၏ နိုင်ငံ့စွမ်းရည်ဆုနှင့် ဝင်ငွေခွန်ပထမဆု
- ၂၀၁၂ - ၂၀၁၃ ခုနှစ် အခွန်စည်းကြပ်နှစ်အတွက် ဝင်ငွေခွန် ကျပ်ငွေ (၁၀. ၈၂၇) ဘီလီယံကျော် ပေးဆောင်ခဲ့ပြီး နိုင်ငံတော်သမ္မတ၏ အထူးဂုဏ်ထူးဆောင် နိုင်ငံ့စွမ်းရည်ဆုနှင့် ဝင်ငွေခွန် ပထမဆု
- ၂၀၁၃ - ၂၀၁၄ ခုနှစ် အခွန်စည်းကြပ်နှစ်အတွက် ဝင်ငွေခွန် ကျပ်ငွေ (၁၇. ၀၆၂) ဘီလီယံကျော် ပေးဆောင်ခဲ့ပြီး နိုင်ငံတော်သမ္မတ၏ အထူးဂုဏ်ထူးဆောင် နိုင်ငံ့စွမ်းရည်ဆုနှင့် ဝင်ငွေခွန် ပထမဆု
- ၂၀၁၄ - ၂၀၁၅ ခုနှစ် အခွန်စည်းကြပ်နှစ်အတွက် ဝင်ငွေခွန် ကျပ်ငွေ (၂၂) ဘီလီယံကျော် ပေးဆောင်ခဲ့ပြီး ပထမနေရာ (၄) နှစ်ဆက်တိုက် ဝင်ငွေခွန်အများဆုံး ထမ်းဆောင်ခဲ့ပါခြင်း တို့အတွက်

ကမ္ဘောဇာဏ်လီမိတက် ဥက္ကဋ္ဌ ဦးအောင်ကိုင်း အား အထူးပင်ဂုဏ်ယူဝမ်းမြောက်ပါကြောင်း၊ လေးစားအားကျမိပါကြောင်းနှင့် နိုင်ငံအကျိုးပြုလုပ်ငန်းများတွင် ဆက်လက်ပါဝင် ဆောင်ရွက်နိုင်ပါစေကြောင်း ဆုမွန်ကောင်းများ တောင်းအပ်ပါသည်။

Kaung Zaw Hein Company Limited

OK Myanmar Company Limited

telenor
ဘော်ဒါတွေ ပိုမိုရင်းနှီးဖို့
၁ မိနစ် ၁၅၅/-
တယ်လီနော
ဘော်ဒါPACK
တယ်လီနောအချင်းချင်းသာ
တယ်လီနောဘော်ဒါကိုအသုံးပြုရန်
T1500 ဟုရိုက်ပြီး 500 သို့ SMS ပေးပို့ပါ။ (သို့) *801# ကိုဖုန်းခေါ်ဆိုပါ။
(သို့) Telenor ဘော်ဒါငွေဖြည့်ကတ်ဖြင့်တိုက်ရိုက် အသုံးပြုနိုင်ပါပြီ။
အသေးစိတ်အချက်အလက်များကို www.telenor.com.mm တွင် ကြည့်ရှုနိုင်ပါသည်။
မြန်မာနိုင်ငံရဲ့ အကြီးမားဆုံး 3G ကွန်ရက်

ရက်(၁၀၀)ပြည့် မွေးနေ့ဆုတောင်း

သားလေး ဇောင်စစ်နိုင်ထူး@ WILLIAM ရဲ့(၃၀.၃.၂၀၁၆)ရက်နေ့တွင် ကျရောက်သော ရက်(၁၀၀)ပြည့် မွေးနေ့မင်္ဂလာရက်မြတ်မှသည် နောင်နှစ်ပေါင်း (၁၀၀) ကျော်တိုင် လိမ္မာယဉ်ကျေး၍ ထူးချွန်ထက်မြက်သော သားကောင်း ရတနာလေး တစ်ဦးဖြစ်ပါစေကြောင်း ဆုမွန်ကောင်းတောင်းလျှက်.....

ဘိုးဘိုး - ဦးဝင်းနိုင်

ဘွားဘွား - ဒေါ်ဝင်းဝင်းမြင့်

စစ်တက္ကသိုလ် အမှတ်စဉ်(၃၇)ဗိုလ်လောင်းသင်တန်း နှစ်(၂၀)ပြည့်ကြွေရတုအထိမ်းအမှတ် ဆွမ်းကပ်လှူဒါန်းခြင်းနှင့် ညစာစားပွဲဖိတ်ကြားခြင်း

စစ်တက္ကသိုလ်အမှတ်(၃၇) ဗိုလ်လောင်းသင်တန်း နှစ်(၂၀)ပြည့် ကြွေရတုအထိမ်းအမှတ် ဆွမ်းကပ်လှူဒါန်းခြင်းနှင့် ညစာစားပွဲကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပပြုလုပ်မည်ဖြစ်ပါ၍ သူငယ်ချင်းများနှင့်မိသားစုဝင်များ မပျက်မကွက်တက်ရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည် -

(၁) ၆-၄-၂၀၁۶ (ဗုဒ္ဓဟူးနေ့) ၀၉:၀၀ နာရီ (နိုင်ငံတော်ပရိယတ္တိသာသနာ့ တက္ကသိုလ်) မိုးကုတ်ဆွမ်းစားဆောင်၊ ကမ္ဘာအေး။ (ဆွမ်းကပ်လှူဒါန်းခြင်း)

(၂) ၉-၄-၂၀၁۶ (စနေနေ့) ၁၇:၀၀ နာရီ CITY GOLF RESORT HOTEL (မြက်ခင်းပြင်) YCDC ဂေါက်ကွင်းရှေ့၊ သီရိမင်္ဂလာလမ်း။ (ညစာစားပွဲ)

ကျင်းပရေးကော်မတီ

သန်းထွန်ဦး (၀၉-၈۶၀၀၁၇၀) ဇော်လတ် (၀၉-၇၉၄၃၃၃၃၃) နေဝင်းလှိုင် (၀၉-၇၉၅၃၃၃၃၃) ကျော်ရဲ (၀၉-၇၉۶၃၃၃၃၃)
ထွန်းဇော်ဝင်း (၀၉-၇၉၃၃၃၃၃) ကျော်ဝင်းထွန်း (၀၉-၂၅۶၄၃၃၄) ကျော်စွာထွန်း (၀၉-၅၁၉၀၇၈၇)

ဘဏ်ပိတ်ရက်ကြော်ငြာ

လွှဲပြောင်းနိုင်သောစာချုပ်စာတမ်းများ အက်ဥပဒေအရ ၂၀၁۶ ခုနှစ် ဧပြီလ ၁ ရက် (သောကြာနေ့)သည် ဘဏ်ပိတ်ရက်ဖြစ်ပါသဖြင့် ၄င်းနေ့တွင် ဘဏ်အားလုံး ပိတ်ထားလိမ့်မည်ဖြစ်ပါကြောင်း။

မြန်မာနိုင်ငံတော်ဗဟိုဘဏ်

ကွန်ဒိုတိုက်ခန်းရောင်းမည် (စမ်းချောင်းမြို့နယ်)

၁။ ကျွန်းတောလမ်းသွယ်၊ ပေ(၁၂½×၅၀)၊ မြေညီထပ်(ထပ်မိုးပါ)၊ ကြွေပြားပြည့်ခင်းကပ်၊ MBR(1), BR(1), A/C(2), ရေပူရေအေး၊ အဆင့်မြင့်ပြင်ဆင်ပြီးတိုက်ခန်း။

၂။ မြေနီကုန်း၊ ပေ(၂၅×၅၀)၊ ခုတိယထပ်၊ ကျွန်းပါကေး၊ MBR(1),BR(1), ဘိုထိုင်၊ ဖုန်း၊ စက်လှေကားပါ၊ လူနေခွင့်ကျပြင်ဆင်ပြီး၊ကွန်ဒိုတိုက်ခန်းအသစ်၊ (ပွဲစားမလို)။

ဖုန်း-၀၉-၄၂၀၁၈၈၇၅၊ ၀၉-၅၀၇၁၁၄၄

ကန့်ကွက်နိုင်ပါကြောင်း

နေပြည်တော်၊ ပျဉ်းမနားမြို့နယ်၊ မင်္ဂလာရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ်၊ ၂၇/သာစည်အရှေ့၊ မြေကွက်/ဦးပိုင်အမှတ် ၄၉။ ဧရိယာ ၀ ဒသမ ၀၈၀ ဧကရှိ ဦးချစ် အမည်ပေါက် ဘိုးဘဝိုင်မြေကွက်အား ဒေါ်လှိုင်မြတ်အေး ၉/ပမန(နိုင်)၁၈၈၈၀၁(ဘ) ဦးဝင်းကျော်မှ ပိုင်ဆိုင်ကြောင်း အထောက်အထားများတင်ပြပြီး မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ရန် လျှောက်ထားလာရာ ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထားနိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ၁၅ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
နေပြည်တော်စည်ပင်သာယာရေးကော်မတီ

ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၃၆ယ/၇၅၂၀ Honda Wave 110/ ဆိုင်ကယ်ယာဉ်လက်ဝယ်ရှိသူ ဦးကျော်စိုးအေး ၁၄/ပသန(နိုင်)၀၀၁၇၅၈ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ တိုင်းဒေသကြီးရုံး(ပုသိမ်မြို့)

ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၃၇ယ/၇၉၇၃၄ Zhineng 110/ ဆိုင်ကယ်ယာဉ်လက်ဝယ်ရှိသူ ဦးတင်ဟန် ၁၄/ပသန(နိုင်)၀၉၂၀၂၀ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ တိုင်းဒေသကြီးရုံး(ပုသိမ်မြို့)

ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 5E/2165 Hino Projia FW 1 KZD ယာဉ်လက်ဝယ်ရှိသူ ဦးကျော်စိုးစိုး ၁၄/ပတ(နိုင်) ၀၅၁၄၂၁ က ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန(တိုင်းဒေသကြီးရုံး)၊ပုသိမ်မြို့

ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ်9E/1348၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန၊ ခရိုင်ရုံး(ရန်ကုန်အရှေ့ပိုင်း)

ဖိတ်ကြားလွှာ

Long Life Aggregate Mining Co.,Ltd. အနေဖြင့် မွန်ပြည်နယ်၊ ပေါင်မြို့နယ်၊ ဥတ္တံတားကျေးရွာအနီးတွင် အကောင်အထည်ဖော်ဆောင်ရွက်မည့် ဆောက်လုပ်ရေးလုပ်ငန်းသုံး ခွဲကျောက်များ ထုတ်လုပ်ဖြန့်ဖြူးခြင်းလုပ်ငန်းအတွက် ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်း (Environmental Impact Assessment-EIA) နှင့်ပတ်သက်၍ လုပ်ငန်းဆိုင်ရာကိစ္စအား အများပြည်သူနှင့် တိုင်ပင်ဆွေးနွေးခြင်းနှင့် သတင်းအချက်အလက်များ ထုတ်ဖော်တင်ပြခြင်းအား အောက်ပါအစီအစဉ်အတိုင်း ကျင်းပမည်ဖြစ်ပါသဖြင့် တက်ရောက်ဆွေးနွေးနိုင်ပါရန် လေးစားစွာဖြင့် ဖိတ်ကြားအပ်ပါသည်။

နေ့ရက် - ၁၃၇၇ ခုနှစ် တပေါင်းလပြည့်ကျော် ၁၁ ရက်
၂၀၁၆ ခုနှစ် ဧပြီ ၃ ရက် (တနင်္ဂနေ့)

အချိန် - ၁၃:၀၀ နာရီမှ ၁၅:၀၀ နာရီအထိ

နေရာ - ဘီလူးမဘုန်းကြီးကျောင်းတိုက်၊ ဥတ္တံတားကျေးရွာ၊ ပေါင်မြို့နယ်၊ မွန်ပြည်နယ်

Long Life Aggregate Mining Co.,Ltd.

မှတ်ချက်။ ။ အသေးစိတ်သိရှိလိုပါက ဖုန်း-၀၉-၄၂၁၀၀၂၁၂၅ သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

ပျောက်ဆုံး

ကျွန်တော် ခင်မောင်လှ ၁၀/ခဆန(နိုင်)၁၃၆၂၄၆ ယာဉ်မောင်းလိုင်စင်ကျပျောက်သွားပါသဖြင့် ဆက်သွယ်ပေးပါရန်၊ ကျေးဇူးဆပ်ပါမည်။

ဖုန်း-၀၉-၂၅၀၃၈၂၇၈

MCC Orientation Programme

၂၀၁၆ ခုနှစ်တက္ကသိုလ်ဝင်တန်းပြေဆိုထားကြသော ကျောင်းသား/သူများအတွက်တက္ကသိုလ် အကြိုပြင်ဆင်မှုသင်တန်း

General Orientation

- Foundation of English
- Foundation of Computing
- Soft Skills

Foundation for Computing Diploma

- Introduction to Computer Technology
- Introduction to Computer Programming

(or)

Foundation for Engineering Diploma

- Introduction to Engineering Mathematics
- Basic Engineering Science

(or)

Foundation for Business Diploma

- Introduction to Business Accounting
- Introduction to Business Administration

ENROLL NOW!

Hot-Line : 01-2304156, 01-246634

www.facebook.com/mcc.institute

MCC.i (Yangon Campus) Ph - 01-245762, 01-249152, 01-395512
MCC.i (Mandalay Campus) Ph - 09-402671562, 011-202113
MCC.i (Naypyitaw Campus) Ph - 09-31354842, 09-254148940
MCC.i (Yatanarpon Campus) Ph - 02-5178112, 02-5178113, 02-5178132, 02-5178114
MCC Polytechnic (Monywa) Ph - 09-965676777, 09-265333120

- Opening Date: 25 April 2016 -

City College Yangon

Education Seminar

YANGON

အဆင့်မြင့်ပညာရေး စိတ်ဝင်စားသူများအားလုံးအတွက်ပညာရေး ဟောပြောပွဲ

တက္ကသိုလ်ဝင်ခွင့်ဖြေဆိုထားသူများ / အောင်မြင်ပြီးသူများ / တက္ကသိုလ်ကျောင်းသားများ နှင့်

ဘွဲ့ရပြီးသူများအတွက် HND Engineering, UK (World's most famous applied education)နှင့်

IGCSE (World's most popular secondary education)

အကြောင်းသိကောင်းစရာများကိုဟောပြောပါမည်။

ကျောင်းသား/သူများ နှင့် မိဘများ (အခမဲ့) တက်ရောက်နိုင်ပါသည်။

နံနက်ခင်းတွေကတည်းကြိုတင်
တရင်းပေးသွင်းရန်

3.4.2016, Sunday, 1:00pm,Summit Parkview Hotel (ပင်းယခန်းမ)

City College ကို အမေရိကန်နိုင်ငံမှအခြေပြုသရာကြီးကဦးစီးဖွင့်လှစ်ထားပြီးကျွန်ုပ်တို့၏ရည်ရွယ်ချက်မှာ
မြန်မာကျောင်းသားများကိုနိုင်ငံတကာတန်းဝင်အဆင့်မြင့်ပညာများတက်ရောက်ပြင်ဆင်ပြီးမြှင့်မတင်သည်။

Call: 09 450 634 402, 3, 4 / N0.34, Ma Po St., 3 Fl.(B), Myaynigone, Sanchaung, Yangon.
facebook.com/citycollegeyangon / www.citycollegeyangon.com

မော်လမြိုင်တက္ကသိုလ် မော်လမြိုင်ကောလိပ်/ဒီဂရီကောလိပ် (သချိုဂ/စာရင်းအင်း/အထူးပြု/အဓိကဘာသာ) ကျောင်းသား/ကျောင်းသူဟောင်းများ

အာစရိယပူဇော်ပွဲအခမ်းအနား ကျင်းပမည်

နေ့စွဲ - ၁၅-၅-၂၀၁၆ ရက် (တနင်္ဂနွေနေ့)
အချိန် - နံနက် ၉း၀၀ နာရီ
နေရာ - မော်လမြိုင်တက္ကသိုလ်၊ ပင်မဆောင်၊ သချိုဂဌာနရှေ့

ဆက်သွယ်ရန်ဖုန်း

၁။	ဒေါ်ရီရီသိန်း	ဖုန်း-၀၉-၅၃၂၂၆၃၄	မော်လမြိုင်
၂။	ဦးအောင်ဝင်း	ဖုန်း-၀၉-၅၃၂၂၀၁၈	မော်လမြိုင်
၃။	ဒေါ်စန်းစန်းဝင်း	ဖုန်း-၀၉-၅၀၀၆၄၉၁	ဘားအံမြို့
၄။	ဦးကြည်ဝင်း	ဖုန်း-၀၉-၈၇၆၀၂၆၅	မြိတ်
၅။	ဒေါ်ဝင်းဝင်းထွန်း	ဖုန်း-၀၉-၄၅၀၉၉၂၇၈၅	မြိတ်
၆။	ဦးနေမျိုးသွင်	ဖုန်း-၀၉-၄၅၀၉၈၉၂၂၂	ထားဝယ်
၇။	ဒေါက်တာမြင့်မြင့်အေး	ဖုန်း-၀၉-၄၈၅၀၀၂၂	ထားဝယ်
၈။	ဒေါက်တာအေးသီတာမြင့်	ဖုန်း-၀၉-၅၀၄၉၈၇၈	ပဲခူး
၉။	ဒေါ်နီနီရွှေ	ဖုန်း-၀၉-၉၇၆၅၀၂၃၀၅	ရန်ကုန်
၁၀။	ဦးခင်အောင်	ဖုန်း-၀၉-၅၀၀၇၀၈၉	ရန်ကုန်
၁၁။	ဦးခင်မောင်ထွေး	ဖုန်း-၀၉-၅၀၄၁-၇၇၂	ရန်ကုန်
၁၂။	ဦးကျော်လွင်(ဂျက်)	ဖုန်း-၀၉-၅၁၈၄၅၂၃၆	ရန်ကုန်
၁၃။	ဦးတင်မြင့်	ဖုန်း-၀၉-၅၁၂၁၆၆၇၆	ရန်ကုန်
၁၄။	ဦးမြရွှေ	ဖုန်း-၀၉-၇၉၁၈၀၄၈၈	ပဲခူး
၁၅။	ဦးအေးချမ်းဇွန်	ဖုန်း-၀၉-၃၀၂၀၇၄၄၆	ရန်ကုန်

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ ပုဇွန်တောင်မြို့နယ်၊ (၉)ရပ်ကွက်၊ ရေကျော်လမ်းမကြီး၊ အမှတ် ၉ မြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော ရှစ်ထပ်တိုက် အိမ်အဆောက်အအုံ၌ မြေညီထပ်၏ အပေါ်ထပ်(ဟောင်းကောင် ၂ ထပ်)(လမ်းမဘက်မှ မျက်နှာမူလျှင် ယာဘက်ခြမ်း)၊ တိုက်ခန်းတစ်ခန်းအပါအဝင် ယင်းတိုက်ခန်းတွင်တပ်ဆင်ထားသော လျှပ်စစ်မီတာ၊ ရေမော်တာတို့နှင့်အတူ အကျိုးခံစားခွင့်အရပ်ရပ်တို့၏ ပိုင်ရှင်ဖြစ်သူ ဦးမြတ်ကိုကို ၁၂/ပဘတ(နိုင်)၀၀၅၆၀၇ ၏ကိုယ်စား ဒေါ်ခင်စိုးလှထံမှ ဝယ်ယူရန်အတွက် ကျွန်ုပ်၏မိတ်ဆွေမှ စရန်ငွေ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။

အထက်ဖော်ပြပါတိုက်ခန်းအရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ခိုင်လုံသောစာချုပ်စာတမ်းအထောက်အထားများယူဆောင်၍ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်သူမရှိပါက အထက်ဖော်ပြပါ တိုက်ခန်းအရောင်းအဝယ်ကို ဥပဒေနှင့်အညီ အပြီးသတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးမောင်မောင်သူရ(မြောင်းမြ)
LL.B, A.G.T.I(EP),D.B.L, D.M.L
WIPO(Switzerland)
တရားလွတ်တော်ရှေ့နေ (စဉ်-၈၁၀၈)
ဘဏ်ရှေ့နေနှင့် ဥပဒေအကြံပေး

ဦးဓေယျာထွန်း (စဉ်-၂၅၇၈၅)
LL.B,WIPO(Switzerland)

ဒေါ်ချယ်ရီလှိုင်
LL.B,WIPO(Switzerland)
တရားလွတ်တော်ရှေ့နေ(စဉ်-၈၈၆၁)

ဦးစိုးလွင်ဦး (စဉ်-၃၇၉၈၁)
LL.B,WIPO(Switzerland)
အထက်တန်းရှေ့နေများ

အမှတ် ၁၃၂၊ ပထမထပ်၊ ပန်းဆိုးတန်းလမ်း၊ ကျောက်တံတားမြို့နယ်၊
ရန်ကုန်မြို့၊ ဖုန်း-၀၉-၅၁၈၄၀၄၅၂၊ ၀၉-၇၃၁၁၁၀၅၅၊ ၀၉-၄၂၁၁၀၈၅၅၁၁၁
၀၉-၄၂၅၂၈၇၁၃၄

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ ပုဇွန်တောင်မြို့နယ်၊ (၉)ရပ်ကွက်၊ ရေကျော်လမ်းမကြီး၊ အမှတ် ၉ မြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော ရှစ်ထပ်တိုက် အိမ်အဆောက်အအုံ၌ မြေညီထပ်၏ အပေါ်ထပ်(ဟောင်းကောင် ၂ ထပ်)(လမ်းမဘက်မှ မျက်နှာမူလျှင် ယာဘက်ခြမ်း)၊ တိုက်ခန်းတစ်ခန်းအပါအဝင် ယင်းတိုက်ခန်းတွင်တပ်ဆင်ထားသော လျှပ်စစ်မီတာ၊ ရေမော်တာတို့နှင့်အတူ အကျိုးခံစားခွင့်အရပ်ရပ်တို့၏ ပိုင်ရှင်ဖြစ်သူ ဦးမြတ်ကိုကို ၁၂/ပဘတ(နိုင်)၀၀၅၆၀၇ ၏ကိုယ်စား ဒေါ်ခင်စိုးလှထံမှ ဝယ်ယူရန်အတွက် ကျွန်ုပ်၏မိတ်ဆွေမှ စရန်ငွေ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။

အထက်ဖော်ပြပါတိုက်ခန်းအရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ခိုင်လုံသောစာချုပ်စာတမ်းအထောက်အထားများယူဆောင်၍ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်သူမရှိပါက အထက်ဖော်ပြပါ တိုက်ခန်းအရောင်းအဝယ်ကို ဥပဒေနှင့်အညီ အပြီးသတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဒေါ်ယဉ်ယဉ်အေး B.A (Law),LL.B, LL.M
(တရားလွတ်တော်ရှေ့နေ) (စဉ်-၇၅၆၇)
အမှတ် ၁၆(က)၊ မေခလမ်း၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့၊
ဖုန်း-၀၉-၇၃၀၆၅၄၆၅

ဗိုးသောက်ပန်းအဆင့်မြင့်မှုကြို

(၁၉၉၄-ခုနှစ်တွင်တည်ထောင်သည်)

"ဘယ်နေပဲတက်တက်၊ ဘယ်အချိန်ပဲ တက်တက်
နေရာတိုင်းမှာ သင့်ရင်းမွေးယေယျအတွက်
ဗိုးသောက်ပန်း ရှိနေမယ်"

နံနက်(၉း၀၀)နာရီမှ (၃း၀၀)နာရီအထိ
ကျောင်းကားရှိသည်။ အသန်းတိုင်းလေးအေးပေးစက်တပ်ဆင်ထားပါသည်။

(1) Junction ဝေနအိုး- Ph-01-571545, 09-5126882,09-43122883
(2) ယုဇနဝလာစာလုံးချင်းဆိပ်ရာ Ph-01-200917, 09-43122884
(3) ရန်ကင်း၊ ကျောက်ကုန်း- Ph-01-566592, 09-421008133

(ပွဲစားမလို)

တောင်ဒဂုံ စက်မှုဇုန် (၁) စက်ရုံဂိုဒေါင် ၄ားမည်။
ဖုန်း-၀၉-၄၄၀၄၀၈၁၅

အခန်းကျယ်ငှားရန်

မြေနီကုန်းဈေးလမ်း Blazon အနီး 30' 60' သုံးလွှာအဆင့်မြင့် ပြင်ဆင်ပြီး 1 MBR, 2BR, Aircon ။
ဖုန်း- ၀၉-၅၁၀၀၃၃၂၂
၅၂၅၂၇၈၊ ၀၉-၇၃၁၅၇၀၁၆

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံမြို့သစ် (ဆိပ်တမ်း)မြို့နယ်၊ မြေတိုင်း ရပ်ကွက်အမှတ် ၈၅၊ မြေကွက်အမှတ် ၁၀၄၇၊ မြေကွက်တည်နေရာအမှတ် (၁၀၄၄)(၈၅) ရပ်ကွက်အတွင်းရှိ ဒဂုံမြို့သစ် (ဆိပ်တမ်း)မြို့နယ် ဦးသောင်းမြင့် အမည်ပေါက် ပါမစ်မြေအား ပါမစ်အမည်ပေါက် ဦးသောင်းမြင့်ထံမှ အရောင်းအဝယ်အရပ်တက် စာချုပ်ဖြင့်ဝယ်ယူသည့် ဒေါ်သီဇီအောင် (၁၂/ပလတ(နိုင်)၀၀၁၁၅၈) မှ မြေချပါမစ်ပျောက်ဆုံးကြောင်း ရပ်ကွက်အုပ်ချုပ်ရေးမှူး ထောက်ခံချက်၊ ရဲစခန်းထောက်ခံချက်၊ ကျေးရွာ၊ ဌာနခန်ခံချက်တို့တင်ပြ၍ ပါမစ်ပျောက်ဖြင့် နှစ် (၆၀) မြေငှားစာချုပ် (၇ရက်) လျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက် အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်လို၊ မလို၊ ကန့်ကွက်ပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

ဌာနမှူး
မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ဝိုင်း)မြို့နယ်၊ ပျဉ်းမမြိုင်လမ်း၊ (၃၄)ရပ်ကွက်၊ အမှတ် ၉၂၄ ဟုခေါ်တွင်သော မြေကွက်ပေါ်တွင် ဆောက်လုပ်ထားသည့် လုံးချင်း(၆)ထပ်တိုက်၏ ဒုတိယထပ်(တတိယလွှာ)၊ အခန်းအမှတ်(A/3)၊ (အလျား ၁၇'×အနံ ၅၄')အကျယ်ရှိ တိုက်ခန်းနှင့်တကွ ယင်းတိုက်ခန်းနှင့် ပတ်သက်ဆက်နွယ်သည့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ရောင်းချပိုင်ခွင့်ရှိကြောင်း ပဉန်ခံကတိပြုသူ ကန်ထရိုက်တာ ဦးမြင့်လွင်ဦး၏ ၁၂/အစန(နိုင်)၁၅၂၁၁၁ ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူလုပ်ရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။

အဆိုပါအရောင်းအဝယ်ပြုလုပ်မည့်ကိစ္စအား ကန့်ကွက်လိုသူများရှိပါက ကျွန်ုပ်ထံသို့ ခိုင်လုံသောစာချုပ်စာတမ်းအထောက်အထားများနှင့်တကွ ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ပြီးမြောက်အောင်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဒေါ်ခင်မာမာ (အထက်တန်းရှေ့နေ) (စဉ်-၁၄၇၁၄)
B.Econ, H.G.P, P.G.D.L, D.B.L, D.L.101 WIPO(Geneva)
KHAYMARWADI LAW FIRM
အမှတ် ၆/၂၊ အာဇာနည်လမ်း၊ ဆရာစံမြောက်/အရောက်ရပ်ကွက်၊
ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၉-၇၃၀၃၅၅၆၅၊ ၀၉-၂၅၃၆၇၀၃၈၇

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံမြို့သစ် (ဆိပ်တမ်း)မြို့နယ်၊ မြေတိုင်း ရပ်ကွက်အမှတ် ၈၅၊ မြေကွက်အမှတ် ၁၀၄၇ (၈၅) ရပ်ကွက်ရှိ ဒဂုံမြို့သစ် (ဆိပ်တမ်း)မြို့နယ် ဦးသောင်းမြင့် အမည်ပေါက် ပါမစ်မြေအား ပါမစ်အမည်ပေါက် ဦးသောင်းမြင့်ထံမှ အရောင်းအဝယ်အရပ်တက် စာချုပ်ဖြင့်ဝယ်ယူသည့် ဒေါ်သီဇီအောင် (၁၂/ပလတ(နိုင်)၀၀၁၁၅၈) မှ မြေချပါမစ်ပျောက်ဆုံးကြောင်း ရပ်ကွက်အုပ်ချုပ်ရေးမှူး ထောက်ခံချက်၊ ရဲစခန်းထောက်ခံချက်၊ ကျေးရွာ၊ ဌာနခန်ခံချက်တို့တင်ပြ၍ ပါမစ်ပျောက်ဖြင့် နှစ် (၆၀) မြေငှားစာချုပ် (၇ရက်) လျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက် အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်လို၊ မလို၊ ကန့်ကွက်ပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

ဌာနမှူး
မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ဝိုင်း)မြို့နယ်၊ ပျဉ်းမမြိုင်လမ်း၊ (၃၄)ရပ်ကွက်၊ အမှတ် ၉၂၄ ဟုခေါ်တွင်သော မြေကွက်ပေါ်တွင် ဆောက်လုပ်ထားသည့် လုံးချင်း(၆)ထပ်တိုက်၏ ဒုတိယထပ်(တတိယလွှာ)၊ အခန်းအမှတ်(A/3)၊ (အလျား ၁၇'×အနံ ၅၄')အကျယ်ရှိ တိုက်ခန်းနှင့်တကွ ယင်းတိုက်ခန်းနှင့် ပတ်သက်ဆက်နွယ်သည့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ရောင်းချပိုင်ခွင့်ရှိကြောင်း ပဉန်ခံကတိပြုသူ ကန်ထရိုက်တာ ဦးမြင့်လွင်ဦး၏ ၁၂/အစန(နိုင်)၁၅၂၁၁၁ ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူလုပ်ရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။

အဆိုပါအရောင်းအဝယ်ပြုလုပ်မည့်ကိစ္စအား ကန့်ကွက်လိုသူများရှိပါက ကျွန်ုပ်ထံသို့ ခိုင်လုံသောစာချုပ်စာတမ်းအထောက်အထားများနှင့်တကွ ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ပြီးမြောက်အောင်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဒေါ်ခင်မာမာ (အထက်တန်းရှေ့နေ) (စဉ်-၁၄၇၁၄)
B.Econ, H.G.P, P.G.D.L, D.B.L, D.L.101 WIPO(Geneva)
KHAYMARWADI LAW FIRM
အမှတ် ၆/၂၊ အာဇာနည်လမ်း၊ ဆရာစံမြောက်/အရောက်ရပ်ကွက်၊
ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၉-၇၃၀၃၅၅၆၅၊ ၀၉-၂၅၃၆၇၀၃၈၇

ကန့်ကွက်နိုင်ပါကြောင်း

ဒဂုံမြို့သစ်တောင်ပိုင်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၇၀၊ မြေကွက်အမှတ် (၈၇၅/က)၊ မြေကွက်တည်နေရာအမှတ် (၈၇၅/က) (၇၀)ရပ်ကွက်၊ ဒဂုံတောင်(ဦးကျော်ဦးလွှင်)အမည်ပေါက်ပါမစ်မြေအား အမည်ပေါက်ဦးကျော်ဦးလွှင်ထံမှ အရပ်စာချုပ်ဖြင့်ဝယ်ယူရေးမျှားရုံးထောက်ခံချက်၊ တရားရုံးကျွန်ုပ်ကျန်ရှိလွှာ၊ ကိုယ်ပိုင်ခံချက်များနှင့် ကျွမ်းကျင်ရှိလွှာတို့ကိုတင်ပြ၍ ဂရန်သစ်လျှောက်ထားလာရာ ခိုင်လုံသောအထောက်အထားများဖြင့် ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

ဒဂုံမြို့သစ်တောင်ပိုင်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၇၀၊ မြေကွက်အမှတ် (၈၇၅/ဃ)၊ ဇရပ်လမ်း (၁၁)ရပ်ကွက်၊ လိုင်သာယာမြို့နယ် ဦးသောင်းစိန် အမည်ပေါက် ပါမစ်မြေအား အမည်ပေါက် ဦးသောင်းစိန်ထံမှ အရပ်ကတိအရောင်းစာချုပ်ဖြင့် ဝယ်ယူ ပိုင်ဆိုင်သည့် ဦးမောင်ဇော် (၁ /မဂတ(နိုင်)၀၃၆၆၉)၊ အေးကြီးမောင် (၁ /ဥကတ(နိုင်)၀၃၇၀၆၉)၊ အေးမျိုးမိုးအောင်(၁ /ဥကတ(နိုင်)၀၃၉၉၃ ၂၇)၊ အေးမျိုးမျိုးအောင်(၁ /ဥကတ(နိုင်)ထုလ(ဂ)ပြာကရန်ဆိုးမျောက်ဆုံးကြောင်း ကျွန်ုပ်ကျန်ရှိသောရပ်ကွက်အပေါ်ရေးမှူးထောက်ခံချက်၊ ရဲစခန်းထောက်ခံချက်တို့ကိုတင်ပြ၍ ပါမစ်ပျောက်ဖြင့် နှစ်(၆၀) ငှားရမ်းခြင်းစာချုပ် (ရက်ပေါင်း ၁ ၀၀၄၅)၊ ဆောက်ကြောင်း (၁၄/အမန(နိုင်)၁၀ဃ၆၅)မှ ပါမစ် ပျောက်ဆုံးကြောင်း တရားရုံးကျွန်ုပ်ကျန်ရှိလွှာ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူး ထောက်ခံစာနှင့် ရဲစခန်း ထောက်ခံစာ၊ ကိုယ်တိုင်ခံချက်၊ မြန်မာ့ဝယ်ယူသောမှုမရှိကလုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

ဌာနမှူး
မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ကမာရွတ်မြို့နယ်မြေတိုင်းရပ်ကွက်အမှတ်-**၈၁/စ၂**မြေကွက်အမှတ်-**၇အီး/ဌ. ၁၊ ၁အီ+ ၇အေ/ဌ. ၁၊ ၄ဂို/၁**၊ မြေကွက်တည်နေရာ အမှတ်(၂၃)သီရိမဂဲလာလမ်း(၈)ရပ်ကွက်၊ ကမာရွတ်မြို့နယ်(မြေပိုင်မြေမစ်ကပ်ဖိုးမြေ)အမည်ပေါက် ဒေါ်သန်းတင်း ဒေါ်သန်းမြင့် မြေအား မြေအပြီးအပိုင်အရောင်းအဝယ်စာချုပ်-၅၂/၇/ ၁၉၇၉ (၁၉-၁၁-၁၉۷۹)ပိုင်ဆိုင်ကြောင်းကြေငြာစာချုပ်-၇၀၈/ ၁၉၉၂(၂-၆-၁۹۹۲)စာချုပ်မိတ္တူမှန်ကိုဖြင့် ပိုင်ဆိုင်သူဒေါ်ခင်သန်းနု(၁/ကမရ(နိုင်)၀၄၀၅၁၁)ထံမှ(GP)ရသည့် ဦးကျော်စိုးမိုး (၁ /အစန (နိုင်) ၁၀၀၄၆၁)မှဖော်ပြပါစာချုပ်များပါပါပေးယူသက်ရှိ ထင်ရှားရှိကြောင်းနှင့်ပါဝါမရှပ်သိမ်းကြောင်း ကျွမ်းကျိုလွှာတို့ကိုတင်ပြ၍ အမှားပြင်စာချုပ် ချုပ်ဆိုရန်မြေပုံကူးလျှောက်ထားလာရာတရားဝင် ခိုင်လုံသောအထောက်အထားများဖြင့် ဤကြော်ငြာပါသည့် နေ့မှစ၍(၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့်ကန့်ကွက်မှုမရှိပါကလုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

ဌာနမှူး
မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ကမာရွတ်မြို့နယ်(မြေပိုင်မြေမစ်ကပ်ဖိုးမြေ)အမည်ပေါက် ဒေါ်သန်းတင်း ဒေါ်သန်းမြင့် မြေအား မြေအပြီးအပိုင်အရောင်းအဝယ်စာချုပ်-၅/ ၁۹۷۹ (၁-၁-۱۹۷۹)ပိုင်ဆိုင်ကြောင်းကြေငြာစာချုပ်-၇၀၈/ ၁۹۹۲(၂-۶-۱۹۹۲)စာချုပ်မိတ္တူမှန်ကိုဖြင့် ပိုင်ဆိုင်သူဒေါ်ခင်သန်းနု(၁/ကမရ(နိုင်)၀၄၀၅၁၁)ထံမှ(GP)ရသည့် ဦးကျော်စိုးမိုး (၁ /အစန (နိုင်) ၁၀၀၄၆၁)မှဖော်ပြပါစာချုပ်များပါပါပေးယူသက်ရှိ ထင်ရှားရှိကြောင်းနှင့်ပါဝါမရှပ်သိမ်းကြောင်း ကျွမ်းကျိုလွှာတို့ကိုတင်ပြ၍ အမှားပြင်စာချုပ် ချုပ်ဆိုရန်မြေပုံကူးလျှောက်ထားလာရာတရားဝင် ခိုင်လုံသောအထောက်အထားများဖြင့် ဤကြော်ငြာပါသည့် နေ့မှစ၍(၇)ရက်အတွင်းကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါကလုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

ဌာနမှူး
မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ကမာရွတ်မြို့နယ်(မြေပိုင်မြေမစ်ကပ်ဖိုးမြေ)ရပ်ကွက်အမှတ်-**၈၁/ဃ**၊ မြေကွက်အမှတ်-**ဂ၁ဂ/ဃ**၊ ၁ဂ/ဃ၊ ၁ဃ/ဃ၊ ၁ဃ/ဃ၊ ၁ဃ

ဂန္ဓာဝင်ခရီးပန်း Travels & Tours

ပုဂံ-ပုပ္ပါး-ပခုက္ကူ	(၄ညအိပ်-၅ရက်)	April 12,13	၂ (သိန်း)
စစ်တွေ - မြောက်ဦး	(၆ညအိပ်-၇ရက်)	April 12,13	၃.၅ (သိန်း)
မန္တလေး-လားရှိုး-မူဆယ်-ရွှေလီ	(၇ညအိပ်-၈ရက်)	April 12,13	၃.၂ (သိန်း)
တောင်ကြီး-အင်းလေး-ပင်းတယ-ကလော	(၄ညအိပ်-၅ရက်)	April 12,13	၂ (သိန်း)
အလောင်းတော်ကဿပ-မန္တလေး-ပြင်ဦးလွင်	(၅ညအိပ်-၆ရက်)	April 12,13	၂.၈ (သိန်း)

အမှတ် ၆၇၊ ဗဟိုလမ်း၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့။ Ph: 01-500191,519292,519293,510491,510218, 519360,09-252281456
